# ပို့ဆောင်ဆက်သွယ် သတင်းလွှာ

## Transcom Newsletter

အတွဲ (၂)၊ အမှတ် (၇)၊ ၂၀၂၃ ခုနှစ် ဇူလိုင်လ (၁) ရက်




## ပြန်လည်နိုးထ ရခိုင်ဒေသ











ပို့ဆောင်ဆက်သွယ် ပြည်ကျိုးရှယ် Transport and Communications For National Interest

**Reliable Quality Service**

**Vision: To be Innovative Air Cargo Warehouse**

**Mission: To ensure customer satisfaction through Safety, Technology and Reliability**

***First Air Cargo Export Terminal Service in Myanmar Since 2012***
***Coming Soon Import & Transshipment Service at MCS New Warehouse***

















**Mingalardon Cargo Services Public Co.,Ltd**
**Yangon International Airport Compound, Mingalardon Township, Yangon, Myanmar**
**Contact : (+95 1) 7533 183~6**
**Email : info@mcscargo.com**
**Website : www.mcscargo.com**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးအတွက်ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကိုလူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီဆောင်ရွက်ပြီးစီးပါကဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီလွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၁၂) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲ နေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့်လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက် ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေး စနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍ မြှင့်တင်ရေး။

# ပို့ဆောင်ဆက်သွယ် သတင်းလွှာ

အတွဲ(၂)၊ အမှတ်(၇)၊ ၁-၇-၂၀၂၃ (စနေနေ့)


## Contents မာတိကာ


| အကြောင်းအရာ | စာမူအမျိုးအစား | ကလောင်အမည် | စာမျက်နှာ |
|---|---|---|---|
| အယ်ဒီတာ့အာဘော် | | | ၃ |
| သဘာဝနှင့် တို့တာဝန် | ကဗျာ | အဏ္ဏဝါလုလင် | ၄ |
| လှိုဝှက်အလွမ်း | ကဗျာ | ဇော်ဝင်းနိုင်(DMA) | ၅ |
| စည်းကမ်းပြည့်ဝ၊ ချမ်းမြေ့ရ | ကဗျာ | မြတ်ဇင်မာအေး | ၆ |
| နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် သတင်းများ | သတင်း | | ၇–၁၄ |
| နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် သတင်း | သတင်း | | ၁၅–၂၀ |
| နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး သတင်းများ | သတင်း | | ၂၁–၂၆ |
| မြန်မာ့စာပို့တံဆိပ်ခေါင်းအကြောင်း သိကောင်းစရာ (အပိုင်း –၄) | ဆောင်းပါး | ခမ်း(စိန်လုံကဘား) | ၂၇–၂၉ |
| စောင့်ဆိုင်းနေရသူ၏ဆန္ဒ | ဝတ္ထုတို | ဝသန်(MMMC) | ၃၀–၃၂ |
| ရေကြောင်းကဏ္ဍအန္တရာယ်ဖြစ်နိုင်ခြေတွက်ချက်ခြင်း(အပိုင်း–၁) | ဆောင်းပါး | ကပ္ပတိန်ကိုကို | ၃၃–၃၆ |
| ဒုတိယဝန်ကြီး(ပို့ဆောင်ရေး) သတင်း | သတင်း | | ၃၇–၃၈ |
| မိုးလေဝသခန့်မှန်းချက်များအကြောင်း သိကောင်းစရာ | ဆောင်းပါး | ဒေါက်တာမေခင်ချော (မိုး/ဇလ) | ၃၉–၄၃ |
| ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းစေရေးသို့ | ဆောင်းပါး | ရဲနိုင်မိုး | ၄၄–၄၇ |
| ဒုတိယဝန်ကြီး(ဆက်သွယ်ရေး)သတင်း | သတင်း | | ၄၈ |
| အသက်အန္တရာယ်ကင်းစေဖို့ ထိုင်ခုံခါးပတ် ပတ်ကြစို့ | ဆောင်းပါး | စစ်မျိုးလေး(ကညန) | ၄၉–၅၂ |
| ရည်ရွယ်ရာ အိပ်မက်လမ်း | ဝတ္ထုတို | မဟာကြွယ် | ၅၃–၅၆ |
| ဒုတိယဝန်ကြီး(ရထား) သတင်း | သတင်း | | ၅၇–၅၈ |
| မုန်တိုင်းကိုရင်ဆိုင် ယှဉ်ပြိုင်နိုင်ကြသော်လည်း | ဝတ္ထုတို | မင်းသစ္စာလှိုင် | ၅၉–၆၄ |



# အယ်ဒီတာ့အာဘော်

## ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရေး ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ပူးပေါင်းစီမံဆောင်ရွက်ပေး

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ မိုခါမုန်တိုင်း မတိုက်ခတ်မီ မိုခါမုန်တိုင်းလမ်းကြောင်းနှင့် အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ဆောင်ရွက်ပေးခဲ့သကဲ့သို့ ပြည်တွင်းရှိ မီဒီယာအသီးသီးမှလည်း ကျယ်ပြန့်စွာ ကြိုတင်သတိပေး ထုတ်ပြန်ဆောင်ရွက်ပေးခဲ့သည်။ ဆက်သွယ်ရေးအော်ပရေတာများမှလည်း မိုဘိုင်းဖုန်းများသို့ SMS များ ပေးပို့ကာ သတိပေးချက်များ ထုတ်ပြန်ပေးခဲ့သည်။ နိုင်ငံတော်မှ ကြိုတင်စီမံဆောင်ရွက်မှု၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် အဖွဲ့အစည်းအသီးသီးမှ မုန်တိုင်းလမ်းကြောင်းတစ်လျှောက် ထိခိုက်နိုင်မှုများနိုင်ခြေရှိသည့် မြို့နယ်များအား ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးအတွက် လိုအပ်သည့် စီမံမှုများ၊ ရွှေ့ပြောင်းမှုများကို ကြိုတင်ဆောင်ရွက်ပေးခဲ့သည်။ ထို့ကြောင့် မိုခါမုန်တိုင်းတိုက်ခတ်မှုဖြစ်စဉ်တွင် အသက်အိုးအိမ်စည်းစိမ် ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင် စီမံဆောင်ရွက်နိုင်ခဲ့သည်။

မုန်တိုင်းတိုက်ခတ်ပြီးချိန် မေလ (၁၅) ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့်အတူ စစ်တွေမြို့သို့ သွားရောက်ကာ အရေးပေါ်စီမံခန့်ခွဲခြင်း၊ တုံ့ပြန်ခြင်း၊ ကယ်ဆယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိုယ်စီလုပ်ငန်းတာဝန်များ ပေးအပ်နိုင်ရေးအတွက် လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည့်အပြင် ရခိုင်ပြည်နယ်အား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မူလအခြေအနေထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့သည်။

ရခိုင်ပြည်နယ်မြို့နယ် (၁၇)မြို့နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက မေလ(၁၈)ရက်နေ့တွင် အမိန့်အမှတ် ၃၄/၂၀၂၃ဖြင့် တပ်မတော်အရာရှိကြီးများအား တာဝန်ပေးအပ်ခဲ့သည်။ မြို့နယ်အလိုက် ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်မှုများကို အနီးကပ်ကြီးကြပ်ရန် အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်တို့အား တာဝန်ပေးအပ်ခဲ့သည်။

ထို့ကြောင့် ဆက်သွယ်ရေးကွန်ရက်များ၊ အမြန်ဆုံးပြန်လည်ချိတ်ဆက်ပြောဆိုနိုင်ရေး၊ လျှပ်စစ်မီးရရှိရေး၊ အဆောက်အဦများ မိုး/လေ လုံခြုံမှုရှိစေရေး၊ စားရေရိက္ခာ ပြတ်လပ်မှုမရှိစေရေး၊ လေဆိပ်များတွင် လေယာဉ်များပြန်လည်ဆင်းသက်နိုင်ရေးနှင့် သောက်သုံးရေသန့် ရရှိရေးကဏ္ဍများကို ဦးစားပေးဆောင်ရွက်ပေးခဲ့သည်။ နိုင်ငံတော်အစိုးရ၊ ဝန်ကြီးဌာနများ၊ ပြည်တွင်း၊ ပြည်ပမှ အလှူရှင်များကလည်း ငွေကြေးနှင့် လိုအပ်သည့် ကူညီကယ်ဆယ်ရေးပစ္စည်းများ ပေးပို့လှူဒါန်းခဲ့ကြသည်။ ကူညီကယ်ဆယ်ရေးပစ္စည်းများအား ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရန်ကုန်မြို့ TMT ဆိပ်ကမ်းတံတားအပါအဝင် ဆိပ်ကမ်းတံတားများမှပို့ဆောင်ပေးရာတွင်ဖွန်လ (၂၆) ရက်နေ့အထိ စာရင်းများအရ တပ်မတော်ရေယာဉ်၊ အရပ်ဘက်ရေယာဉ်၊ စုစုပေါင်းရေယာဉ် (၁၉) စီးဖြင့် ကူညီကယ်ဆယ်ရေးပစ္စည်း တန်ချိန်(၂၅၂၀.၂၈)တန်ခန့် ပို့ဆောင်ပေးခဲ့ပြီးဖြစ်သည်။

ထို့အပြင် မြန်မာအမျိုးသားလေကြောင်းလိုင်းမှလည်း ရခိုင်ပြည်နယ်သို့ ပေးပို့လှူဒါန်းသည့် ပစ္စည်းများအား စစ်တွေမြို့သို့ အခမဲ့ပို့ဆောင်ပေးခဲ့သည်။ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ရခိုင်ပြည်နယ်လေဆိပ်များ အမြန်ဆုံးပြန်လည်အသုံးပြုနိုင်ရေး ဆောင်ရွက်ပေးခဲ့သည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှလည်း တယ်လီဖုန်းဆက်သွယ်မှု ပုံမှန်ပြန်လည်ရရှိစေရေးအတွက် ဆက်သွယ်ရေးတာဝါတိုင်များကို အမြန်ဆုံးပြန်လည် ပြင်ဆင်ဆောင်ရွက်ပေးခဲ့ပြီး လတ်တလော ဆက်သွယ်မှုအဆင်ပြေစေရေးအတွက် ရွှေ့လျားမိုဘိုင်းယာဉ်ငယ်များကို ပေးပို့ဆောင်ရွက်ပေးခဲ့သည်။ ထိုသို့ဆောင်ရွက်ပေးခဲ့သဖြင့် မိုဘိုင်းဆက်သွယ်ရေးလုပ်ငန်းကို (၉၉) ရာခိုင်နှုန်းအထိ ဆောင်ရွက်ပေးနိုင်ခဲ့သည်။ မြန်မာ့စာတိုက်လုပ်ငန်းမှလည်း စာတိုက်များအား အမြန်ဆုံး ပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးခဲ့သည်။ ထို့အတူ မြန်မာ့မီးရထားမှလည်း စစ်တွေ-ရေချမ်းပြင် ရထားလမ်းပိုင်းအား အမြန်ဆုံးပြန်လည်ပြုပြင်ဆောင်ရွက်ပေးခဲ့ကာ ရထားများ ပြန်လည်ပြေးဆွဲပေးနေပြီ ဖြစ်ပါသည်။ သို့ဖြစ်ရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် မုန်တိုင်းဒဏ်ခံစားခဲ့ရသည့် ရခိုင်ပြည်နယ်အား မူလအခြေအနေများထက် ပိုမိုသာလွန်ကောင်းမွန်အောင် ပြန်လည်ကုစားဆောင်ရွက်ပေးရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ ဆက်လက်၍ စွမ်းစွမ်းတမံ ပူးပေါင်းစီမံဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။ ။

# သဘာဝ နှင့် တို့တာဝန်



- သူငယ်ချင်း
  ပူပြင်းလာတဲ့ကမ္ဘာမြေကြီး
  ရေတွေကြီးလို့ မိုးခေါင်
  တောမီးလောင် မြစ်သောင်ထွန်း
  ညစ်မှောင်လွှမ်းတဲ့ ရာသီအဆင်းသရုပ်
  မင်းမလုပ်ခဲ့တာငါအသိ
  (ဒါပေမယ့်)... တာဝန်တော့ရှိလာပြီ။

- သူ့ကြောင့် ငါ့ကြောင့် အပြစ်တင်ရင်း
  ဤဖြစ်စဉ်ကို ခက်ဖွယ်တစ်ခုလို
  မျက်ကွယ်ပြုလို့လည်းမရပြီ။

- ငါတို့ရဲ့အနာဂါတ်
  ဘာတတ်နိုင်တော့မှာလဲလို့ တွေးပူကြမယ့်အစား
  ဖေးကူ "မ" ကာနဲ့
  အပေးအယူမျှတဲ့ "ဂေဟစနစ်" ပြန်ရအောင်
  ကြိုးဆဆောင် တွဲကူလို့
  ဆွဲထူကာ အများလိုက်ပါရေး
  (သူငယ်ချင်းတို့ရေ)... အားစိုက်စို့လေး။

■ အဏ္ဏဝါလုလင်

မိုးအောင်ဆက်သွယ် သတင်းလွှာ
www.motc.gov.mm
ထုတ်ဝေသူ — ဒေါ်သွန်းလွင် (၀၀၅၆)
အုပ်ချုပ်ရေးအရာရှိ — ဒေါ်ဝင်းနိုင်
အယ်ဒီတာချုပ် — မင်းသန္တာလှိုင်
တာဝန်ခံအယ်ဒီတာ — ဖိုးညွန့်
သတင်းထောက်ချုပ် — ကျော်ကျော်
ပုံနှိပ် — ဦးထိန်လင်း Fujiko Offset (မြ ၀၀၀၀၀) သုဝဏ္ဏ
ဒီဇိုင်းတာဝန်ခံ — မြင့်ထွန်း
ဆိုင်ဘာတာဝန်ခံ — ကျော်ဝေယျ
ကွန်ပျူတာစာစီ — ဒေးသန္တာဝင်း
ပြင်ဆင်တည်းဖြတ်ရေး — ကျော်ဇင်ဦး
[illegible] — ဒေါ်ဝင်းနိုင် (DMA)
transcom.motc@gmail.com, transcom.offices@gmail.com
အမှတ်(၁၃/၉၁)၊ ဗိုလ်အောင်ကျော်လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Tel : 01 8375443, 09 420084595, 09 250067515

# လျှို့ဝှက် တလွမ်း

❑ တစ်ခါတုန်းက
လက်ဝဲသုန္ဒရ၊ ခြယ်မှုန်း "သ"သည်
"သည်တွင်ရွှေမြို့၊ သည်သို့စေတီ
သည်ဆီရွှေနန်း၊ ဖြောင့်တန်းတော့မည်
စိတ်ကရည်သည်"၊ ပီပြင်ရတု
စံပြုစာများ၊ နှလုံးသားကမှည်း
ရိုက်ဆော်ဟီးသို့၊ စည်းချက်မှန်မှန်
အင်ဂျင်သံက၊ ကျန်ခဲ့ဇနီး
သမီးနှင့်သား၊ ဘာတွေစားနေ
ဘယ်အခြေရှိ
သိလိုစိတ်လေး မေးလာတယ်။

❑ မြူခိုးငွေ့ငွေ့၊ လေအဝေ့ထက်
တွဲလျက်တူပျော်၊ ငှက်ဇင်ယော်နှင့်
တစ်မျှော်ခရီး၊ ရေပြင်ကြီးမှာ
လူးလာစုန်ဆန်၊ ပင်လယ်ဖျံများ
မခံစားနိုင်၊ အားစိုက်ညီညာ
ဝိုင်ယာ,မူလီ၊ မျိုးစုံဆီတို့
စုံညီရှိရေး၊ စစ်ဆေးကြည့်ထုတ်
ဖြုတ်,တပ်,ကပ်,ခွါ၊ ပလိုင်ယာ,သော့
အလျော့အတင်း၊ ဝွ,ဝွင်း ချိတ်ဆက်
ပရက်ရှာဂိတ်၊ အသာနှိပ်ကြည့်
ဟိုငြိ သည်ငြိ၊ ပိုလို မရှိအောင်
တိကျသေချာ၊ စုံစွာ ဖြုတ် ဆေး
ဆီချေးအထပ်ထပ်၊ သပ်ယပ်သန့်ရှင်း
အန္တရာယ်ကင်းအောင်၊ နေ့စဉ်ဆောင်ခဲ့
လွမ်းတဲ့စိတ်လေး မေ့ထားတယ်။

❑ ပင်လယ်ပြင်ထက်၊ သတ်မှတ်ရက်မှာ
စုံစွာ ကုန်စည်၊ ချိန်ခါမီရေး
မနေး ပို့စဉ်၊ အင်ဂျင်ကောင်းမှ
မောင်းရလွယ်ကူ၊ တူရူခရီး
လိုရာပြီးလိမ့်၊ တလိမ့်လိမ့်တက်
လှိုင်းဂယက်ကြား၊ စွန့်စားသွားလာ
အဏ္ဏဝါလုလင်၊ ချစ်သခင်မှာ
ကြင်သူဇနီး၊ သမီးနှင့်သား
ရင်နှစ်ဖွားကို၊ စက်များဆူသံ
သောသောညံလည်း၊ အထီးကျန်မို့
တစ်ရံတစ်ခါ၊ လွမ်းမိပါသည်
CEO လည်း အသည်းနှင့်။ ။

■ **ဇော်ဝင်းနိုင် (DMA)**

**ပလိုင်ယာ – Pliers**
**CEO – Chief Engineer Officer**





သတင်းလွှာ

အတွဲ (၂)၊ အမှတ် (၇)၊ ၁-၇-၂၀၂၃ (စနေနေ့)

# စည်းကမ်းပြည့်ဝ ချမ်းမြေ့ရ

◆ ယာဉ်မောင်းသူ သိစေအပ်
မှတ်ဖွယ်သုတ အဖြာဖြာ။

◆ တတ်မြောက်ကာ ယာဉ်ကိုမောင်းမှ
လမ်းကြောင်းမှန် စည်းကမ်းကျ
ဘေးပသွေကွာ။

◆ ပြည်သူတွေ ဘဝလှဖို့
ဒှာနက ရည်မှန်းကာ
သင်တန်းမကြာ ဖွင့်လှစ်ပေး။

◆ လမ်းညွှန်း လမ်းအမှတ်အသားနဲ့
အချက်ပြမျှား စုံအောင်မှတ်
တတ်သိစေရေး။

◆ စည်းကမ်းကို လေးစားလျက်
အလေးထား လမ်းမှန်စွာ
မောင်းကြဖို့ပါ။

◆ သတိဖြင့် မောင်းနှင်ကာ
အိမ်ပြန်အလာ ဘေးရန်ကင်း။

◆ ကိုယ့်ဂေဟာ မိသားစုဘဝ
လှပစေခြင်း။ ။





■ မြတ်ဇင်မာအေး



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပင်းပက်–နောင်ကား–တောင်ကြီး–ရွှေညောင်–သာစည်–မြင်းခြံ ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုအခြေအနေများ သွားရောက်ကြည့်ရှုစစ်ဆေး



- ❖ ရထားလမ်းများကိုလူအများသွားလာခြင်းအတွက်အသုံးပြုမည်ဖြစ်သကဲ့သို့ ကုန်ပစ္စည်းများ တင်ပို့မှုအတွက်လည်း အသုံးပြုသွားမည်ဖြစ်သောကြောင့် ရထားလမ်းများ၏ ခံနိုင်ရည်အားကောင်းမွန်အောင် စနစ်တကျ တည်ဆောက်...
- ❖ ရထားလမ်းတစ်လျှောက် ဘေးဘယ်ညာရှိ နိုင်ငံပိုင်မြေများတွင် သစ်တောများ စိုက်ပျိုးနိုင်ရန်လိုသဖြင့် သစ်တောဥပဒေများ ရေးဆွဲပြီး စနစ်တကျဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ ရထားလမ်းဘေးပတ်ဝန်းကျင်တွင် စိမ်းစိုပြည်နေမည်ဆိုပါက ရထားစီးခရီးသည်များအတွက် မျက်စိပသာဒဖြစ်စေမည်...



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ထီသိမ်ဘူတာအနီးတွင် ထည့်သွင်းဖောက်လုပ်နေသည့် ရထားလမ်းအဝိုင်းပတ်နေရာ စီမံကိန်းဧရိယာအတွင်း ကြည့်ရှုစစ်ဆေးစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ၂၀၂၃ ခုနှစ် မေလ ၂၉ ရက်နေ့ နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ညှိနှိုင်းကွပ်ကဲရေး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊

**မြန်မာနိုင်ငံရှိ ရထားလမ်းများအားလုံး ကီလိုမီတာ ၁၀၀ အမြန်နှုန်းအထိ မောင်းနှင်နိုင်ရန် မူလရည်မှန်းချက်အဖြစ် ထားရှိဆောင်ရွက်သွားရမည်ဖြစ်ပြီး နောင်တွင် အဆိုပါ အမြန်နှုန်းထက် ပိုမိုပြေးဆွဲနိုင်ရေး ဆောင်ရွက်သွားရန်အတွက် အင်ဂျင်နီယာရှုထောင့်မှသုံးသပ်ဆောင်ရွက်ကြစေလို...**





## ရှင်းလင်းတင်ပြ

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များအား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်က ရှင်းလင်းတင်ပြစဉ်

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ပင်းပက်-နောင်ကား-တောင်ကြီး-ရွှေညောင်-သာစည်-မြင်းခြံ ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ဦးစွာ စီမံကိန်း ရှင်းလင်းဆောင်တွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်က မတ်လ ၃ ရက်နေ့၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု၊ အနာဂတ်တွင် လျှပ်စစ်ရထားများ ပြေးဆွဲနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ရထားလမ်းတစ်လျှောက် အပင်များစိုက်ပျိုးရန် ဆောင်ရွက်လျက်ရှိမှု၊ မြေထိန်းနံရံ (Toe Wall)များ၊ရေကာနံရံများနှင့်ရေထုတ်ပြွန်များ၊ရေထုတ်မြောင်းများနှင့်တံတားများ ထည့်သွင်းဆောင်ရွက်လျက်ရှိမှု၊ ရထားလမ်း တစ်လျှောက် အပင်များစိုက်ပျိုးရန်ဆောင်ရွက်လျက်ရှိမှု၊ ထီးသိမ်ဘူတာယာဒ်ဝင်းလေ့ကားပလက်ဖောင်း တည်ဆောက်ခြင်းနှင့် ရထားလမ်းအဝိုင်းပတ် တည်ဆောက်ခြင်း လုပ်ငန်းများဆောင်ရွက်နေမှု၊အေးသာယာနှင့် ပေါ်မူဘူတာယာဒ်ဝင်း သံလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ ပင်းပက်-နောင်ကား-တောင်ကြီး-ရွှေညောင်-သာစည်-မြင်းခြံ ရထားလမ်းပိုင်းများအလိုက် ရထားလမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိမှုနှင့် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးလျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

### ပထမဆုံး ဖောက်လုပ်ပြေးဆွဲခဲ့

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရထားသယ်ယူပို့ဆောင်ရေး စနစ်သည် ဒေသအတွက် များစွာအကျိုးရှိစေမည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း၊ ရထားလမ်းများကိုလူအများသွားလာခြင်းအတွက် အသုံးပြုမည်ဖြစ်သကဲ့သို့ ကုန်ပစ္စည်းများ တင်ပို့မှုအတွက်လည်း အသုံးပြုသွားမည်

ဖြစ်သောကြောင့် ရထားလမ်းများ၏ ခံနိုင်ရည်အား ကောင်းမွန်အောင် စနစ်တကျတည်ဆောက်ရန်လိုကြောင်း၊ ရထားလမ်းတစ်လျှောက်ရှိတံတားများကို တည်ဆောက်ရာတွင် ခံနိုင်ရည်ရှိစေရေး စနစ်တကျဖြင့်ဆောင်ရွက်ရန်လိုကြောင်း၊ သာစည်-ရွှေညောင်လမ်းပိုင်းတွင် ယခင်က ရထားများပြေးဆွဲသည့် အမြန်နှုန်းမှာ သတ်မှတ်ထားသည်ထက် နှေးကွေးသည်ဟုသိရှိရကြောင်း၊ ထို့ကြောင့် ရထားများကို တောင်ပေါ်တွင်မောင်းနှင်သည့် ပုံမှန်အမြန်နှုန်းများအတိုင်းမောင်းနှင်ပြေးဆွဲနိုင်ရေးနှင့် အန္တရာယ်ကင်းရှင်းစေရေး ဘရိတ်စနစ်များကို ပြင်ဆင်ဆောင်ရွက်ရန်လိုကြောင်း၊ ရထားလမ်းများကို အနာဂတ်တွင် ထပ်မံအဆင့်မြှင့်တင်မှုများပြုလုပ်နိုင်ရေး ရထားလမ်းနယ်များကိုကြိုတင်သတ်မှတ်ဆောင်ရွက်၍ လမ်းနယ်အမှတ်အသားများကို စနစ်တကျဖြင့်ဆောင်ရွက်ရန်လိုကြောင်း၊ ရထားလမ်းတစ်လျှောက်ဘေးဘယ်ညာရှိ နိုင်ငံပိုင်မြေများတွင် သစ်တောများ စိုက်ပျိုးနိုင်ရန်လိုသဖြင့် သစ်တောဥပဒေများ ရေးဆွဲပြီး စနစ်တကျဖြင့်ဆောင်ရွက်ရန်လိုကြောင်း၊ ရထားလမ်းဘေးပတ်ဝန်းကျင် စိမ်းစိုပြည်နေမည်ဆိုပါကရထားစီး ခရီးသည်များအတွက် မျက်စိပသာဒ ဖြစ်စေမည်ဖြစ်ကြောင်း၊ မြန်မာ့မီးရထားသည် အရှေ့တောင်အာရှတွင်ပထမဆုံး ဖောက်လုပ်ပြေးဆွဲခဲ့သည့် မီးရထားလမ်းဖြစ်ကြောင်း၊ ထို့ကြောင့် ခေတ်နှင့်လျော်ညီသည့် အဆင့်မြှင့်တင်မှုလုပ်ငန်းများကိုဆောင်ရွက်ရန်လိုကြောင်း၊ ရထားများယခုထက် အမြန်နှုန်းတိုးမြှင့်ပြေးဆွဲနိုင်ရန်လိုကြောင်း၊ လူစီးရထားများကို RBE တွဲများဖြင့်ပြေးဆွဲနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ ရထားလမ်းများအား အမြန်နှုန်းမြင့်၍ ပြေးဆွဲနိုင်ရန်နှင့် အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ရန်လိုကြောင်း၊ လျှပ်စစ်ရထားပြေးဆွဲရေးနှင့် ပတ်သက်၍လည်း ကြိုတင်ပြင်ဆင်မှုများကိုဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်ရထားစက်ခေါင်းတွဲများကိုလည်း စမ်းသပ်ဆောက်လုပ်စေလျက်ရှိကြောင်း၊ ရထားစက်ခေါင်းများနှင့်ရထားတွဲများကို ပြည်တွင်းမှ ထုတ်လုပ်၍ရရှိသည့် စက်ပစ္စည်းများကို ပေါင်းစပ်၍ပြည်တွင်း၌ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ မီးရထားလမ်းများ အဆင့်မြှင့်တင်ရေးအတွက် မီးရထားအင်ဂျင်နီယာများအနေဖြင့် ဝိုင်းဝန်းဆွေးနွေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ရထားလမ်းများတွင်ခင်းကျင်းသည့်ကျောက်များ သတ်မှတ်ဆိုဒ်များရှိရန်လိုကြောင်း၊ မြန်မာနိုင်ငံရှိ ရထားလမ်းများအားလုံး ကီလိုမီတာ ၁၀၀ အမြန်နှုန်းအထိ မောင်းနှင်နိုင်ရန် မူလရည်မှန်းချက်အဖြစ် ထားရှိဆောင်ရွက်သွားရမည်ဖြစ်ပြီးနောင်တွင် အဆိုပါ အမြန်နှုန်းထက် ပိုမိုပြေးဆွဲနိုင်ရေး ဆောင်ရွက်သွားရန်အတွက်အင်ဂျင်နီယာရှုထောင့်မှ သုံးသပ်ဆောင်ရွက်ကြစေလိုကြောင်း၊ ရထားအသုံးပြု၍ပြေးဆွဲခြင်းသည် Public Transportation ဖြစ်သဖြင့် စက်သုံးဆီသုံးစွဲမှုကို သက်သာစေပြီး အများပြည်သူသွားလာမှု၊ ကုန်ပစ္စည်းများ တင်ပို့မှုအတွက် များစွာအထောက်အကူပြုသဖြင့် နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမည့် သယ်ယူပို့ဆောင်ရေးစနစ်ပင်ဖြစ်ကြောင်း ပြောကြားသည်။

**ချီးမြှင့်ငွေများ ပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ထီးသိမ်ဘူတာအနီးတွင်ထည့်သွင်းဖောက်လုပ်နေသည့် ရထားလမ်းအပိုင်းပတ်နေရာ စီမံကိန်းဧရိယာအတွင်းလှည့်လည်ကြည့်ရှု၍ တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များမှာကြားခဲ့ပြီး စီမံကိန်းဝန်ထမ်းများအတွက်ချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။ အဆိုပါ ထီးသိမ်ဘူတာအနီး၌ ထည့်သွင်းဖောက်လုပ်မည့်ရထားလမ်းအပိုင်းပတ်ကို ရှမ်းပြည်နယ်၏ထင်ရှားသော ဘဝသံသရာရထားလမ်းနှင့်တံတားပုံစံအတိုင်း တည်ဆောက်လျက်ရှိကြောင်းနှင့် ရထားစီး ခရီးသည်များအားဆွဲဆောင်နိုင်သည့် ရထားလမ်းပိုင်းနေရာတစ်ခုဖြစ်လာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စီမံကိန်းဝန်ထမ်းများအတွက်
ချီးမြှင့်ငွေများပေးအပ်စဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အခြေခံစားသုံးကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ရေး အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အခြေခံစားသုံးကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ရေး အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်

အခြေခံစားသုံးကုန်ပစ္စည်းများတိုးမြှင့်ထုတ်လုပ်ရေးအစည်းအဝေးကို ၂၀၂၃ ခုနှစ် ဇွန်လ ၁၂ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဦးမင်းနောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

### ကိုယ်ကျိုးအတွက် အမြတ်ထုတ်ရန် အသုံးချလာ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် သားငါးကဏ္ဍကုန်ထုတ်လုပ်မှုနှင့် စိုက်ပျိုးရေးကဏ္ဍကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးအတွက် ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရများအလိုက် ဆောင်ရွက်မည့်ကိစ္စရပ်များနှင့် ပတ်သက်သည့်ညှိနှိုင်းအစည်းအဝေးဖြစ်ကြောင်း၊ တစ်ဖက်မှလည်း ကုန်ဈေးနှုန်းကျဆင်းစေရေး ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ နိုင်ငံတော်၏လိုအပ်ချက်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ပြီး နောက်ပိုင်းတွင် ပြည်တွင်းမှ သဘောထားကွဲလွဲသည့် အဖွဲ့အစည်းများက စီးပွားရေးကဏ္ဍထိခိုက်အောင် ဆောင်ရွက်ခြင်းများ ရှိသကဲ့သို့ ပြည်ပမှလည်း အကြောင်းအမျိုးမျိုးပြပြီး စီးပွားရေးပိတ်ဆို့ခြင်းများ၊ ထောက်ပံ့မှုများကိုရပ်ဆိုင်းခြင်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ရပ်ဆိုင်းခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ ထို့ပြင် ကုန်သွယ်မှုနှင့်ပတ်သက်၍ ဆောင်ရွက်ရာတွင်လည်း ရရှိသည့်ငွေများကိုလည်း ကန့်သတ်မှုများဆောင်ရွက်ခြင်းကြောင့် နိုင်ငံခြားငွေများကိုအသုံးပြုရာတွင် ကန့်သတ်ချက်များ ဖြစ်ပေါ်လာခဲ့ကြောင်း၊ ငွေကြေးကွာဟချက်များအပေါ် မူတည်၍ ကုန်သွယ်ရေးတွင် ငွေကြေးကစားသူများက အဆိုပါအခြေအနေကို ကိုယ်ကျိုးအတွက် အမြတ်ထုတ်ရန် အသုံးချလာသည်ကိုတွေ့ရှိရကြောင်း၊ ဘဏ်လုပ်ငန်းများ ထိခိုက်အောင်လည်း ဆောင်ရွက်ခဲ့ကြကြောင်း။

၂၀၂၁ ခုနှစ်မှစတင်၍ နိုင်ငံ၏စီးပွားရေးကို ထိခိုက်အောင် လုပ်ဆောင်ခဲ့ရာ ၂၀၂၂ ခုနှစ်အထိ ငွေကြေးလည်ပတ်မှု ပြန်လည်တည်ငြိမ်ရေးလုပ်ဆောင်ခဲ့ရာ ထိုက်သင့်

သည့်ပမာဏအထိထိန်းသိမ်းနိုင်ခဲ့ကြောင်း၊ သို့သော် ကိုဗစ်-၁၉ ရောဂါကြောင့် ဖြစ်ပေါ်ခဲ့သည့် ကမ္ဘာ့စီးပွားရေးကျဆင်းမှုနှင့်အရှေ့ဥရောပဒေသဖြစ်စဉ်များကြောင့် လောင်စာဆီပြဿနာများအထိ ဖြစ်ပေါ်ခဲ့သဖြင့် ကမ္ဘာ့စီးပွားရေးကျဆင်းမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ကမ္ဘာတစ်ဝန်း ကုန်ဈေးနှုန်းကြီးမြင့်ခြင်း၊ စက်သုံးဆီဈေးနှုန်းများ ကြီးမြင့်ခြင်းကြောင့် သယ်ယူပို့ဆောင်ရေးစရိတ်များ ကြီးမြင့်လာခြင်း၊ ကုန်ထုတ်လုပ်မှုစရိတ်များမြင့်တက်လာခြင်းနှင့် ဝယ်လိုအားနှင့်ရောင်းလိုအား မမျှတခြင်းများဖြစ်ပေါ်ပြီး ကုန်ဈေးနှုန်းများ ကြီးမြင့်လာခဲ့ခြင်းသည် မိမိတို့နိုင်ငံအပေါ် သက်ရောက်မှုများ ရှိခဲ့ကြောင်း။

မိမိတို့နိုင်ငံမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကုန်ထုတ်လုပ်ငန်းများအလိုက် သွင်းအားစုများ ကုန်ဈေးနှုန်းကြီးမြင့်မှုများ ဖြစ်ပေါ်လာသဖြင့် ပြည်တွင်းထုတ်လုပ်မှု ကုန်ကျစရိတ်များ မြင့်တက်လာခြင်းများရှိကြောင်း၊ ဝိသမလောဘသားများ၏ ငွေကြေးကစားမှုနှင့် နိုင်ငံရေးအရ အမြတ်ထုတ်လိုမှုများကြောင့် ကုန်ဈေးနှုန်းများမှာ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးထက် ဈေးနှုန်းမြင့်မားနေသည်ဟု ယူဆရကြောင်း၊ ကုန်ဈေးနှုန်းကြီးမြင့်ခြင်းတွင် ထုတ်လုပ်မှုကုန်ကျစရိတ်များပြားခြင်း၊ ဝယ်လိုအားနှင့် ရောင်းလိုအားကွာခြားချက် ကြီးမားခြင်းနှင့် အဆင့်ဆင့်ရောင်းချမှုများ များပြားခြင်းကြောင့် ကုန်ဈေးနှုန်းများ ပိုမိုမြင့်တက်လာခြင်းဖြစ်သည်ကိုတွေ့ရှိရကြောင်း။

ထုတ်လုပ်မှုကုန်ကျစရိတ် လျှော့ချရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သည့်သဘာဝမြေဩဇာများအသုံးပြုရေး၊ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့်ဆောင်ရွက်၍ တိရစ္ဆာန်များမှထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများဖြင့် ဇီဝမြေဩဇာများအသုံးပြုရေးလမ်းညွှန်မှာကြားထားသကဲ့သို့ ဓာတ်မြေဩဇာများကို ပြည်ပမှ ဝယ်ယူရရှိရေးအတွက် အစိုးရမှ စီစဉ်ဆောင်ရွက်ပေးထားကြောင်း။

**အစာနှင့် ရေများ လုံလောက်စွာရရှိရန်လို**

စိုက်ပျိုးရေးလုပ်ငန်းများအတွက် ရေလိုအပ်ချက်နှင့်ပတ်သက်၍ မြစ်ရေတင်စီမံကိန်းများကို အလေးပေးဆောင်ရွက်ရန်၊ လျှပ်စစ်ဓာတ်အား မရရှိနိုင်သည့်ဒေသများတွင် လျှပ်စစ်ဓာတ်အား ရရှိရေးအတွက်လည်း နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း လုပ်ငန်းများဖြင့် ဆောင်ရွက်နိုင်ရန်အတွက် နည်းလမ်းများပြသဆောင်ရွက်ပေးခဲ့ရာ အထိုက်အလျောက်အောင်မြင်မှုများရှိခဲ့ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုဆောင်ရွက်ရာတွင် အစာနှင့်ရေများ လုံလောက်စွာရရှိရန် လိုကြောင်း။

ကုန်ထုတ်လုပ်မှု ကုန်ကျစရိတ် လျှော့ချရေးဆောင်ရွက်ရာတွင် နည်းလမ်းများရှိနေသော်လည်း ရာနှုန်းပြည့် လုပ်ဆောင်နိုင်မှု မရှိသေးကြောင်း၊ ထိုအထဲတွင် သယ်ယူပို့ဆောင်စရိတ်များ ကြီးမြင့်ခြင်းလည်း ပါဝင်ကြောင်း၊ လောင်စာဆီဈေးနှုန်းများ ကြီးမြင့်ခြင်းနှင့် လုံခြုံရေးအရ ကန့်သတ်ချက်များကြောင့် ကုန်ကျစရိတ်များ ပိုမိုနေကြောင်း၊ ထို့ကြောင့် မီးရထားနှင့်ပို့ဆောင်ခြင်းနှင့် ရေကြောင်းမှပို့ဆောင်ခြင်းများကို ဆောင်ရွက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အခြေခံစားသုံးကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ရေး အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်



အခြေခံစားသုံးကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ရေး အစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြစဉ်

ရန်အတွက် မိမိအနေဖြင့် အမြဲမပြတ်တိုက်တွန်းပြောကြားခဲ့ရာ အတိုင်းအတာတစ်ခုအထိ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ သို့သော် အရေးမကြီးသည့်ပစ္စည်းများကို မော်တော်ယာဉ်များဖြင့် သယ်ယူပို့ဆောင်ခြင်းများ ရှိနေခြင်းကြောင့် ကုန်ပစ္စည်း သယ်ယူပို့ဆောင်မှုစရိတ်များမှာ ကြီးမြင့်နေမည်ဖြစ်ကြောင်း၊ မီးရထားနှင့် ပို့ဆောင်ခြင်းသည် သယ်ယူပို့ဆောင်မှုစရိတ်ကို များစွာသက်သာစေကြောင်း၊ အများပြည်သူ သယ်ယူပို့ဆောင်ရေးနှင့်ပတ်သက်၍ ထိထိရောက်ရောက်ဆောင်ရွက်ရန် လိုအပ်နေသေးသဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူများအနေဖြင့် အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း။

**ဝယ်လိုအားနှင့် ရောင်းလိုအား မျှတမှုမရှိ**

ဝယ်လိုအားနှင့်ရောင်းလိုအား မျှတမှုမရှိခြင်းနှင့် ပတ်သက်၍ အခြေခံအားဖြင့် ဒေသအလိုက် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငရုတ်၊ ကြက်သွန်၊ အာလူး၊ အသား၊ ငါး၊ ဥများမှာ ဝယ်လိုအားနှင့် ရောင်းလိုအား မျှတမှုမရှိသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့ဒေသအလိုက် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စိုက်ပျိုးမြေများလုံလောက်စွာရှိပြီးဖြစ်သကဲ့သို့ မွေးမြူရေးအတွက် လိုအပ်သည့်တိရစ္ဆာန် အစားအစာများထုတ်လုပ်နိုင်သည့် စိုက်ပျိုးရေးထွက်ကုန်များ ပြည်နယ်နှင့်တိုင်း ဒေသကြီးများအလိုက် လုံလောက်စွာ ရှိပြီးဖြစ်ကြောင်း၊ ဒေသအတွင်း အသား၊ ငါး လိုအပ်ချက်များရှိနေခြင်းကြောင့် ကုန်စျေးနှုန်းကြီး မြင့်နေခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်၍ ဒေသအလိုက် စားရေးကို အဓိက အထောက်အကူပြုစေရန်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများထုတ်ပေးထားပြီး ဖြစ်သဖြင့် ထိရောက်စွာ အသုံးချရန်လိုကြောင်း၊ ပြည်နယ်နှင့်တိုင်း ဒေသကြီးများအလိုက် စားရေးလိုအပ်ချက်ကို လုံလောက်စွာ ထုတ်လုပ်၍ ရောင်းလိုအားနှင့်ဝယ်လိုအား မျှတမှုရှိစေရေး ဦးစားပေးဆောင်ရွက်ရန် လိုကြောင်း။

**စနစ်ကျသည့် မွေးမြူရေးစနစ်ဖြင့် မွေးမြူ**

တိုင်းဒေသကြီးနှင့်ပြည်နယ်များ အလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ပတ်သက်ပြီးမြေများကိုအပြည့်အဝအသုံးချနိုင်ရန်နှင့် မြေကို အကျိုးရှိရှိအသုံးချရန် လိုကြောင်း၊ လုပ်မြေများ မကျန်ရှိစေရေး စနစ်တကျဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ မွေးမြူရေးနှင့် ပတ်သက်၍လည်း စနစ်ကျသည့်မွေးမြူရေးစနစ်ဖြင့် မွေးမြူရန်လိုကြောင်း၊ စနစ်ကျသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်မှသာ ထွက်ကုန်များပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်များ အထွက်တိုးအောင် ဆောင်ရွက်ရာတွင် စိုက်ပျိုးမြေများကိုလည်း အနည်းဆုံးဧကကွက်များအဖြစ် ဖော်ထုတ်ဆောင်ရွက်ပြီး အပြည့်အဝအကျိုးရှိစွာ အသုံးချနိုင်ရန်လိုကြောင်း၊ စိုက်ပျိုးမြေများနှင့် ပတ်သက်၍ စည်းမျဉ်းစည်းကမ်း ဥပဒေများနှင့်အညီ ကြပ်ကြပ်မတ်မတ် ဆောင်ရွက်မည်ဆိုပါက ကုန်ထုတ်လုပ်မှုများတွင်လည်း အထောက်အကူပြုမည် ဖြစ်ကြောင်း။

**ကုန်ထုတ်လုပ်မှုပမာဏများ မြှင့်တင်**

ကုန်ပစ္စည်းများ ရောင်းဝယ်ခြင်းတွင် အဆင့်ဆင့် ရောင်းဝယ်မှုနှင့်ပတ်သက်၍ ပြုပြင်ခြင်းများ ဆောင်ရွက်နိုင်ရေး စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ ကုန်စျေးနှုန်းကျဆင်းရေးအတွက် ဆောင်ရွက်ရာတွင် တိုင်းပြည်၌ ရှိသင့်ရှိထိုက်သည့် ကုန်စျေးနှုန်းများ ဖြစ်စေရန်အတွက် ကုန်ထုတ်လုပ်မှုပမာဏများ မြှင့်တင်ရန် အရေးကြီးကြောင်း၊ မိမိတို့၏ရည်မှန်းချက်တွင် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာများ ပေါ်များရေးကို အကောင်အထည်ဖော် ဆောင်ရွက်ရေးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးနိုင်ငံဖြစ်ပြီး မြေသယံဇာတများ၊ ရေသယံဇာတများနှင့် လူသားအရင်းအမြစ်များရှိသော်လည်း စားရေရိက္ခာများ စျေးနှုန်းကြီးမြင့်ခြင်းမှာ မဖြစ်သင့်သည့်ကိစ္စရပ်များဖြစ်ကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ ကုန်စျေးနှုန်းကြီးမြင့်မှုနှင့်ပတ်သက်၍ ဆွေးနွေးရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဝန်ကြီးဌာနများအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကုန်ပစ္စည်း ထုတ်လုပ်မှုနှင့် ပတ်သက်၍ ဆွေးနွေးဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး

ဦးညွန့်အောင်က ကုန်ဈေးနှုန်းများနှင့် ကုန်စည်စီးဆင်းမှု မှန်ကန်ရေးအတွက် ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များက ဒေသအလိုက် ဝမ်းစာဖူလုံမှု၊ ကုန်ထုတ်လုပ်မှု၊ နိုင်ငံ့စီးပွားမြှင့်တင်မှု ရန်ပုံငွေဖြင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေးဆောင်ရွက်ထားရှိမှုများ၊ အခြေခံစားသောက်ကုန်များ၊ စက်သုံးဆီနှင့် လူသုံးကုန်ပစ္စည်းများ၏ကုန်ဈေးနှုန်း အတက်အကျ အခြေအနေ၊ ကုန်ထုတ်လုပ်မှုနှင့်ဝယ်လိုအားမျှတမှုရှိအောင် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**ရှင်းလင်းတင်ပြဆွေးနွေး**

ထို့နောက် ကောင်စီဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများကမီးရထားနှင့် ရေကြောင်း၊ လေကြောင်းများမှ ကုန်စည်များပို့ဆောင်လျက်ရှိမှု၊ ဆန်၊ ပဲ၊ ပြောင်းများ ပြည်တွင်း၌စိုက်ပျိုးထုတ်လုပ်လျက်ရှိမှုနှင့် ပြည်ပသို့တင်ပို့လျက်ရှိမှု၊ ပြည်တွင်းမှထုတ်လုပ်သည့်စိုက်ပျိုးရေးထုတ်ကုန်ဈေးနှုန်းများကို ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်ရန်နှင့် ပြည်ပမှတင်သွင်းသည့် ကုန်ပစ္စည်းများကိုလည်း ထိုက်သင့်သည့် ဈေးနှုန်းများဖြစ်စေရေး ပိုင်းဝန်းကြပ်မတ်ဆောင်ရွက်ရန်လိုအပ်မှု၊ နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများအလိုက် ထုတ်ပြန်သည့် အခြေခံကုန်ဈေးနှုန်းများကို အများပြည်သူသိရှိစေရေး ထုတ်ပြန်ပေးလျက်ရှိမှုနှင့် သတင်း၊ ဆောင်းပါးများထည့်သွင်းဖော်ပြပေးလျက်ရှိမှု၊ မိမိတို့ကိုယ်ကျိုးအတွက် ကုန်ဈေးနှုန်းများကို ထိုက်သင့်သည်ထက် ကြီးမြင့်အောင်လုပ်ဆောင်နေသည့် ဝိသမလောဘသားများကို ဖော်ထုတ်၍ထိရောက်စွာ အရေးယူနိုင်ရေးဆောင်ရွက်ရန်လိုအပ်မှု၊ ဆန်၊ စပါး၊ သား၊ ငါးနှင့် စားသောက်ကုန်များ ဈေးနှုန်းများကြီးမြင့်လာရသည့်အကြောင်းရင်းများနှင့် ထိုက်သင့်သည့် ဈေးနှုန်းများဖြစ်စေရေး ဖြေရှင်းဆောင်ရွက်ရမည့်နည်းလမ်းများ၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်နှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့မှ ကုန်ဈေးနှုန်းကျဆင်းရေးကို အထောက်အကူဖြစ်စေမည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုဆောင်ရွက်၍ အသား၊ ငါးများနှင့်လူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်၍ ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချပေးလျက်ရှိမှု၊ တပ်မတော် တပ်ရင်း၊ တပ်ဖွဲ့များမှလည်း တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်၍ တပ်မိသားစုဝင်များကို သာမကဒေသခံပြည်သူများကိုလည်း သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိမှု၊ MSME လုပ်ငန်းများသည် ပြည်တွင်းကုန်ပစ္စည်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများကိုရှင်းလင်းတင်ပြဆွေးနွေးကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကုန်စည်ပို့ဆောင်ရေးနှင့်ပတ်သက်၍ လမ်းခရီးများရှိ ဂိတ်များ၌ မလိုလားအပ်သည့်ကုန်ကျစရိတ်များမရှိစေရေး ပြည်နယ်နှင့်တိုင်းများအလိုက် တာဝန်ရှိသူများက အလေးထားကြပ်မတ်ဆောင်ရွက်ရန် လိုကြောင်း၊ အရေးမကြီးသည့် ကုန်ပစ္စည်းများကို ရထားပို့ဆောင်ရေးနှင့် ရေကြောင်းပို့ဆောင်ရေးစနစ်ကိုအသုံးပြုကြရေး အားပေးတိုက်တွန်းလိုကြောင်း၊ လေကြောင်းကုန်စည်ပို့ဆောင်ရေးသည်လည်း ဆောင်ရွက်သင့်သည့် လုပ်ငန်းရပ်တစ်ခုဖြစ်ကြောင်း၊ လေကြောင်းပို့ဆောင်ရေးကဏ္ဍ တိုးတက်ရေးအတွက် လေယာဉ်ကွင်းများ တိုးချဲ့အဆင့်မြှင့်တင်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကုန်တင်လေယာဉ်များဆင်းသက်နိုင်မည်ဆိုပါက အရေးကြီးသည့်ပစ္စည်းများကို လေကြောင်းမှတစ်ဆင့် မြန်ဆန်စွာတင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ် နှင့် ၂၀၂၂ ခုနှစ်အတွင်း သွင်းအားစုကုန်ကြမ်းများ ဈေးနှုန်းကြီးမြင့်မှုကြောင့် ကုန်ဈေးနှုန်းများ ကြီးမြင့်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်နယ်နှင့်တိုင်းများအလိုက် ကုန်စည်ဒိုင်များကိုလည်း ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ လိုအပ်သည့် တိရစ္ဆာန်အစာများကို ပြည်တွင်း၌ ပြည့်ပြည့်ဝဝ လုံလောက်စွာ ထုတ်လုပ်နိုင်မည်ဆိုပါက အသား၊ ငါးနှင့် ဥများဈေးနှုန်းကြီးမြင့်မှုများကို အထိုက်အလျောက်လျှော့ချနိုင်မည် ဖြစ်ကြောင်း။

**နည်းလမ်းရှာဖွေဆောင်ရွက်**

အချို့သောအသားများ၏ကြမ်းခင်းဈေးသတ်မှတ်ခြင်းနှင့်ပတ်သက်၍ စည်ပင်သာယာမှဈေးနှုန်းသတ်မှတ်ပြီးဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကြမ်းခင်းလေလံဈေးများ ကြီးမြင့်မှုများဖြစ်ပေါ်ခြင်းမရှိစေရေးတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ပြည်ထောင်စုနှင့်ညှိနှိုင်း၍ နည်းလမ်းရှာဖွေဆောင်ရွက်ရန်လိုကြောင်း၊ ဆန်ဈေးနှုန်းနှင့်ပတ်သက်၍မိမိတို့နိုင်ငံသည်အဓိကအားဖြင့်မိုးစပါးကို စိုက်ပျိုးကြကြောင်း၊ လယ်စိုက်ပျိုးရာတွင် တစ်ဧက ပန်းတိုင်ရည်မှန်းချက်မှာ တင်း ၁၀၀ ဖြစ်သဖြင့် ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် စိုက်ပျိုးရန်လိုကြောင်း၊ လယ်ကို ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင် စိုက်ပျိုးရန်လိုသကဲ့သို့ ယာစိုက်ပျိုးမှုများကိုလည်း ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါက စပါးထွက်ရှိမှုများ ပိုလျှံလာမည်ဖြစ်ပြီး အခြားဒေသများသို့တင်ပို့နိုင်သကဲ့သို့ ပြည်ပသို့လည်း တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ဝမ်းစာဖူလုံရေးသည် ပြည်ထောင်စုအတွက် အရေးကြီးကြောင်း၊ ထို့ကြောင့် စပါးစိုက်ပျိုးမှုများကိုသာမက အခြားသီးနှံစိုက်ပျိုးမှုများကိုလည်း အထွက်နှုန်းများ တိုးတက်အောင် စနစ်တကျစိုက်ပျိုးရန်လိုကြောင်း၊ အလားတူ ယခုအခါမိုးရာသီသို့ရောက်ရှိလာပြီဖြစ်သဖြင့်တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် သစ်ပင်များစိုက်ပျိုးရာတွင် စိုက်ပျိုးသည့်အပင်များအားလုံး ရှင်

သန်ရေး သတ်မှတ်ထားသည့်ပျိုးပင်အရွယ် အစားများကို စနစ်တကျ စိုက်ပျိုးရန်လို ကြောင်း၊ ရာသီဥတုကို အထောက်အကူပြု စေမည့် သစ်တောသစ်ပင်များ စိုက်ပျိုးခြင်း နှင့်ထိန်းသိမ်းခြင်းများကို ဆောင်ရွက်ကြ ရန် လိုကြောင်း။

**နိုင်ငံတော်အစိုးရမှ ကူညီဆောင်ရွက်ပေးမည်**

သမဝါယမစနစ်နှင့် ပတ်သက်၍ မိမိတို့ နိုင်ငံတွင် စုပေါင်းသမဝါယမစနစ်ကိုကျင့်သုံး ရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုများနှင့်ပတ် သက်၍ စုပေါင်းသမဝါယမစနစ်ဖြင့် ဆောင် ရွက်မည်ဆိုပါက အောင်မြင်မှုများရရှိမည် ဖြစ်ကြောင်း၊ ထို့အတွက်လည်း နိုင်ငံတော် အစိုးရမှ ကူညီဆောင်ရွက် ပေးသွားမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ဆွေး နွေးတင်ပြမှုများအရ ဆောင်ရွက်သင့်သည့် အချက်များကို သိရှိရကြောင်း၊ ကုန်ထုတ် လုပ်မှုအပိုင်းတွင် အခြေခံစားကုန်များနှင့် ပတ်သက်၍ အဓိကထား ဆွေးနွေးဆောင် ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုအစိုးရ အဖွဲ့အနေဖြင့် မူဝါဒများချမှတ်ခြင်းနှင့်ပြည် သူများ၏လိုအပ်ချက်များကိုဥပဒေနှင့်အညီ ဖြည့်ဆည်း ဆောင်ရွက်ပေးခြင်းပင် ဖြစ် ကြောင်း။

**နိုင်ငံအတွက် များစွာအကျိုးရှိမည်**

ဒီမိုကရေစီအုပ်ချုပ်ရေးနှင့် ဖက်ဒရယ် စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည် ဆောက်ရေးဆိုသည့် နိုင်ငံရေးရည်မှန်းချက် အရ တိုင်းဒေသကြီးနှင့်ပြည်နယ်များကို လုပ် ပိုင်ခွင့်များပေးထားကြောင်း၊ တိုင်းဒေသကြီး နှင့်ပြည်နယ်ဝန်ကြီးချုပ်များက တိုင်းဒေသကြီး နှင့်ပြည်နယ်များအလိုက် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက် နိုင်ရန်အတွက် ဝင်ငွေရရှိရန် လိုအပ်သဖြင့် ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်ရန်လို ကြောင်း၊နိုင်ငံတော်အနေဖြင့်လည်းအလား တူပင်ဖြစ်သဖြင့် ကုန်ထုတ်လုပ်မှုသည် နိုင်ငံ အတွက်အရေးကြီးကြောင်း၊တိုင်းဒေသကြီး နှင့် ပြည်နယ်များအလိုက် ကြိုးပမ်းဆောင် ရွက်သွားမည်ဆိုပါက နိုင်ငံအတွက် များစွာ အကျိုးရှိမည်ဖြစ်ကြောင်း၊ ထုတ်လုပ်လိုက် သည့် ကုန်ပစ္စည်းများသည် ပြည်တွင်းဈေး ကွက်လိုအပ်ချက်ကို သာမက ပြည်ပဈေး ကွက်များသို့ပါ တင်ပို့နိုင်သည့် အရည် အသွေးမြင့် ထုတ်ကုန်များဖြစ်ရန် လိုအပ် ကြောင်း။

ထုတ်ကုန်များ ထုတ်လုပ်ရာတွင် သယံ ဇာတပစ္စည်းများကို ထုတ်ယူသုံးစွဲရာတွင် မြေအောက်တွင်းထွက် သယံဇာတများကို သုံးစွဲခြင်းထက် မြေပေါ်သယံဇာတဖြစ် သည့် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များ ထုတ်လုပ်ခြင်း၊ ရေသယံဇာတသုံးစွဲရာတွင် လည်း ဖမ်းဆီးခြင်းထက် မွေးမြူခြင်းကိုအား ပေးဆောင်ရွက်ရန်လိုကြောင်း၊ ကုန်ဈေးနှုန်း ကို ထိန်းညှိနိုင်သည့် ကုန်ထုတ်လုပ်မှုမျိုး ဖြစ်ရန်လိုအပ်သဖြင့် ချိန်ထိုးဆောင်ရွက်ကြ ရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုရှိမှသာ ငွေ ကြေးစီးဆင်းလည်ပတ်မှုကောင်းမွန်ပြီး ဒေသ စီးပွားနှင့် နိုင်ငံ့စီးပွား တိုးတက်လာမည် ဖြစ် ကြောင်း။

ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်ရာ တွင် ပြည်တွင်းမှ ထုတ်လုပ်သည့်ကုန်ကြမ်း များကို အဓိကထား အသုံးချရန်လိုကြောင်း၊ ယခင်ကာလများက ဖြစ်ပေါ်ခဲ့သည့်အားနည်း ချက်များအပေါ် သင်ခန်းစာများယူ၍ မိမိတို့ တာဝန်ယူချိန်ကာလအတွင်း နိုင်ငံ့စီးပွားရေး ကို ပုံမှန်လမ်းကြောင်းပေါ်သို့ ပြန်လည် ရောက်ရှိရေး ကြိုးပမ်းဆောင်ရွက်သွားကြ ရန်လိုကြောင်း၊ မိမိတို့ ကြိုးပမ်းဆောင်ရွက် မှုများ၏ အကျိုးရလဒ်ကို နောင်မျိုးဆက်များ ခံစားရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အခြေခံစားကုန်များ ကို လုံလောက်စွာ ထုတ်လုပ်နိုင်ခြင်းဖြင့် ကုန်ဈေးနှုန်းတည်ငြိမ်အောင် ဆောင်ရွက် နိုင်မည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်သူများ အနေဖြင့် အများပြည်သူများအတွက် အဖြစ် သင့်ဆုံး ဈေးနှုန်းဖြင့် ထိန်းညှိရောင်းချပေး ရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် တာဝန်ရှိသူများအနေဖြင့်လည်း ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့် ထိန်းသိမ်းကြပ် မတ်ဆောင်ရွက်နေရန်လိုကြောင်း၊ ယခုအခါ စက်သုံးဆီနှင့်မြေဩဇာစသည့် သွင်းအားစု ဈေးနှုန်းများမှာ ယခင်နှစ်ကထက် ကျဆင်း သွားပြီဖြစ်သော်လည်း ကုန်ဈေးနှုန်းများမှာ ကြီးမြင့်လျက်ရှိနေသေးသည်ကို တွေ့ရှိရ ကြောင်း။

**ယခုဖြစ်ပေါ်နေသည့် ကုန်ဈေးနှုန်းကိုထိန်းညှိ**

မိမိတို့နိုင်ငံ၏ ငွေကြေးတန်ဖိုးခိုင်မာမှု ရှိစေရေးနှင့် ငွေကြေးဖောင်းပွမှုများ မရှိအောင် ကုန်ထုတ်လုပ်မှုများကို တိုးတက်အောင် ဆောင်ရွက်ပြီး နိုင်ငံ့ဝင်ငွေ တိုးပွားအောင် ဆောင်ရွက်ရန်လိုကြောင်း၊ တိုင်းဒေသကြီး နှင့်ပြည်နယ်အလိုက် ကုန်ထုတ်လုပ်မှုများ တိုးတက်စေရေး မဖြစ်မနေ အကောင်အ ထည်ဖော် ဆောင်ရွက်သွားရန်လိုကြောင်း၊ အများပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူနိုင်ရန်နှင့် ကုန်ဈေးနှုန်းကြီးမြင့်မှုကို တစ်ဖက်တစ်လမ်းမှ ထိန်းညှိပေးနိုင်ရန် အတွက် တပ်မတော်အနေဖြင့် တပ်ပိုင်စိုက် ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် အသား၊ ငါးနှင့်ဥများ၊ တပ်မတော်စက်ရုံများ မှ ထွက်ရှိသည့် စားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများကို ပြည်သူများထံ သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချ ပေးလျက်ရှိကြောင်း၊ အဓိကအားဖြင့် ကုန် ထုတ်လုပ်မှုများကို တိုးတက်အောင် ဆောင် ရွက်ပြီး ယခုဖြစ်ပေါ်နေသည့် ကုန်ဈေးနှုန်း ကိုထိန်းညှိနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ ယခုပြုလုပ်သည့် အစည်းအဝေးသည် သင့် တင့်သည့်ဈေးနှုန်းများ ဖြစ်စေရေးအတွက် နည်းလမ်းများရှာဖွေရန် အစပျိုးပေးလိုက် ခြင်းဖြစ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ် အလိုက် နည်းလမ်းများ ရှာဖွေ၍ အမြန်ဆုံး ဖြေရှင်းဆောင်ရွက် သွားကြစေလိုကြောင်း ဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေး

## ရှပ်ရှပ်ချွံချွံ ရှင်းလင်းလုပ်အားပေး ဆောင်ရွက်ခဲ့ကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များအား တွေ့ဆုံဂုဏ်ပြုအမှာစကားပြောကြား






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မိုခါမုန်တိုင်းကြောင့်ပျက်စီးခဲ့သော အပျက်အစီးများကို ရှပ်ရှပ်ချွံချွံ ရှင်းလင်းလုပ်အားပေးဆောင်ရွက်ခဲ့ကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များအား တွေ့ဆုံဂုဏ်ပြုအမှာစကားပြောကြားစဉ်

## နိုင်ငံတကာ၊ အာဆီယံနှင့် အိမ်နီးချင်းနိုင်ငံများက ဆုံးရှုံးမှုကြီးမားမည်ဟု မျှော်မှန်းထားသော်လည်း "ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်" ဟူသောစကားနှင့်အညီ စည်းလုံးညီညွတ်မှုနှင့် ကောင်းမွန်သောပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင် ပြင်ဆင်နိုင်...

အမျိုးသားသဘာဝ ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒေါက်တာအောင်ကျော်မင်း၊ ပြည်ထောင်စု ဝန်ကြီးများဖြစ်ကြသည့် ဦးကိုကိုလှိုင်၊ ဦးမောင်မောင်အုန်း၊ ဒေါက်တာ မျိုးသိန်းကျော်နှင့် ဒေါက်တာသက်ခိုင်ဝင်း၊ ကာကွယ်ရေးဦးစီး ချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ဒုတိယ ဝန်ကြီးများ၊တာဝန်ရှိသူများနှင့်အတူ ၂၀၂၃ ခုနှစ် ဇွန်လ ၁၄ ရက်နေ့ နံနက်ပိုင်းတွင် စစ်တွေမြို့ လေဆိပ်သို့ရောက်ရှိကြရာ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယ ဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးမျိုးသန့်နှင့် ဒေါက်တာသက်သက်ခိုင်၊ ပြည်နယ်ဝန်ကြီး ချုပ်၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်း မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် နှင့်အဖွဲ့ဝင်များသည် စစ်တွေမြို့ ကုလားတန် ဘက်စုံသုံးဆိပ်ကမ်းသို့ရောက်ရှိပြီး ကုန်တင် သင်္ဘောများ ဆိုက်ရောက်နေမှု၊ မုန်တိုင်း ဒဏ်သင့်ပြည်သူများအတွက် ကူညီကယ် ဆယ်ရေးပစ္စည်းများနှင့် ပြန်လည်ထူထောင် ရေးပစ္စည်းများအား ကူညီကယ်ဆယ်ရေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း စစ်တွေမြို့ ကုလားတန် ဘက်စုံသုံးဆိပ်ကမ်း၌ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများအား ကူညီကယ်ဆယ်ရေးအဖွဲ့များက သယ်ယူပို့ဆောင်နေမှုများကို ကြည့်ရှုအားပေးစဉ်

အဖွဲ့များက ဆိပ်ကမ်းသို့ သယ်ယူပို့ဆောင်နေမှုများကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် စစ်တွေတက္ကသိုလ်သို့ ရောက်ရှိရာ စစ်တွေတက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာခင်မောင်ဇော်နှင့်တာဝန်ရှိသူများကမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့်ဘွဲ့နှင်းသဘင်ခန်းမ ပြန်လည်ပြုပြင် တည်ဆောက်နေမှု၊ တတိယနှစ်၊ စတုတ္ထနှစ် သင်တန်းများနှင့် ပထမနှစ်ဂုဏ်ထူးတန်း၊ ဒုတိယနှစ်ဂုဏ်ထူးတန်း ဖွင့်လှစ်သင်ကြားနေမှု အခြေအနေများကို လိုက်လံရှင်းလင်း တင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အမိုးပြုပြင်ခြင်းလုပ်ငန်းအား တစ်လအတွင်း ပြီးစီးအောင် ရည်မှန်းချက်ထား ဆောင်ရွက်ကြစေလိုကြောင်း၊ တက္ကသိုလ်အင်္ဂါရပ်နှင့်အညီ ပြုပြင်တည်ဆောက် သွားကြရမည်ဖြစ်ကြောင်း၊ တက္ကသိုလ် အတွင်း/အပြင် ဥပဓိရုပ်ကောင်းမွန်အောင် သန့်ရှင်းရေးဆောင်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စစ်တွေကမ်းနားပတ်လမ်း (ရှုခင်းသာလမ်း)၊ စာတိုက်လမ်းဆုံမှ စစ်တွေဟိုတယ်အထိ အရှည်ပေ ၁၂၉၀၀ လမ်းပိုင်းပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဆေးကုသမှုခံယူလျက်ရှိသည့် ရသေ့တောင်မြို့နယ်၊ ဒုံးပိုက်ကျေးရွာ၊ သက်တော် (၁၀၅)နှစ်၊ ဝါတော် (၈၅)ဝါရှိ ဒုံးပိုက်ဆရာတော် ဘဒ္ဒန္တဝဏ္ဏအား ဖူးမြော်ကြည်ညိုပြီး ကျန်းမာရေးအခြေအနေများကို မေးမြန်းလျှောက်ထားစဉ်

ရွက်သွားရန်လိုကြောင်းဖြင့် လမ်းညွှန်မှာကြားပြီး မဟာတန်း တက်ရောက်လျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံ အားပေး စကားပြောကြားကာ တက္ကသိုလ်ဝင်းအတွင်း ကူညီကယ်ဆယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် စစ်တွေကမ်းနားပတ်လမ်း(ရှုခင်းသာလမ်း)၊ စာတိုက်လမ်းဆုံမှ စစ်တွေဟိုတယ်အထိ အရှည်ပေ ၁၂၉၀၀ လမ်းပိုင်း ပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

လမ်းပိုင်း ယာယီရှင်းလင်းဆောင်ရွက်မှုများ အခြေအနေကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က လမ်းပိုင်းပြုပြင်တည်ဆောက်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌက လိုအပ်သည်များလမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် စစ်တွေမြို့ ခုတင်-၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိရာ ဆေးရုံအုပ်ကြီး ဒေါက်တာကြည်လွင်က မိုခါမုန်တိုင်းဒဏ်ကြောင့် သားဖွားမီးယပ်လူနာဆောင်၊ ကိုဗစ်-၁၉ လူနာဆောင်၊ ကျောက်ကပ်သန့်စင်ဌာန၊ သွားနှင့်ခံတွင်းရောဂါကုဌာနနှင့် ဝန်ထမ်းအိမ်ရာများ ခေါင်မိုးပျက်စီးမှု၊ သူနာပြုနှင့်သားဖွားသင်တန်းကျောင်းနှစ်ထပ်ဆောင်နှင့်တိုင်းရင်းဆေးရုံ တိုးချဲ့ နှစ်ထပ်ဆောင်ပျက်စီးမှုတို့ကို ရှင်းလင်းတင်ပြရာ လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆေးကုသမှုခံယူလျက်ရှိသည့် ရသေ့တောင်မြို့နယ် ဒုံးပိုက်ကျေးရွာ သက်တော် (၁၀၅) နှစ်၊ ဝါတော် (၈၅) ဝါရှိ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စစ်တွေမြို့ ခုတင် ၅၀၀ ဆေးရုံကြီး၌ဆေးကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများကို တွေ့ဆုံနှုတ်ဆက်အားပေးစကားပြောကြားစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စစ်တွေမြို့ ခုတင် ၅၀၀ ဆေးရုံကြီး၌ဆေးကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူတစ်ဦးအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စစ်တွေမြို့ ခုတင်-၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၌ မိုခါမုန်တိုင်းဒဏ်ကြောင့်ပျက်စီးမှုအား ပြန်လည်ပြုပြင်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစဉ်

ဒုံးပိုက်ဆရာတော် ဘဒ္ဒန္တဝဏ္ဏအား ဖူးမြော်ကြည်ညိုပြီး ကျန်းမာရေးအခြေအနေများကို မေးမြန်းလျှောက်ထားသည်။

**အားပေးစကားပြောကြား**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် ဆေးရုံအတွင်း ဆေးကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများကို တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကာ ကျောက်ကပ်သန့်စင်ဌာနစိတ်ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စစ်တွေမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် လောကနန္ဒာစေတီတော်ဝင်းအတွင်းရှိ သာသနာ့ဗိမာန်၌ မိုခါမုန်တိုင်းကြောင့် ပျက်စီးခဲ့သော အပျက်အစီးများကို ရှပ်ရှပ်ချွံချွံ ရှင်းလင်းလုပ်အားပေးဆောင်ရွက်ခဲ့ကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များအား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စစ်တွေတက္ကသိုလ်ရှိ မဟာတန်းတက်ရောက်လျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံနှုတ်ဆက်အားပေးစကားပြောကြားစဉ်

ဂုဏ်ပြုခြင်း အခမ်းအနားသို့ တက်ရောက်သည်။

**အမြော်အမြင်ရှိစွာဖြင့် ကြိုတင်ပြင်ဆင်**

အခမ်းအနားတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် ရှပ်ရှပ်ချွံချွံ ဆောင်ရွက်ခဲ့ကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့များအနေဖြင့် ကိုယ်ကျိုးစီးပွားကို လျစ်လျူရှု၍ အနစ်နာခံပြီး အားကြိုးမာန်တက် စေတနာအပြည့်ဖြင့် ဆောင်ရွက်ပေးခဲ့သည့်အတွက် အသိအမှတ်ပြု ဂုဏ်ပြုပါကြောင်း၊ အာဆီယံအပါအဝင် နိုင်ငံတကာကပြင်းထန်ကြီးမားသော ဆုံးရှုံးမှုများ ဖြစ်နိုင်သည်ဟု မျှော်လင့်ခဲ့ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်၍ အမြော်အမြင်ရှိစွာဖြင့် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ခဲ့ကြောင်း၊ လေဖိအားနည်း စတင်ဖြစ်ပေါ်ခဲ့သည့် မေ ၆ ရက်မှစ၍ Disaster Management Centre-DMC ကိုဖွဲ့စည်းရန် ဆွေးနွေးခဲ့ပြီး မေ ၈ ရက်တွင် စတင်ဖွဲ့စည်းနိုင်ခဲ့ကြောင်း၊

**အားတက်သရော ဝင်ရောက်ကူညီ**

ပြည်သူများ တစ်ဦးတစ်ယောက်မကျန် ဘေးအန္တရာယ်ကင်းရှင်းစေရန် ပြင်ဆင်စုဖွဲ့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဉက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပဏ္ဏိတနန္ဒာရာမကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစက ဘဒ္ဒန္တနန္ဒသီရိအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်

မှုများ၊ မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာန၏ တိုင်းထွာချက်များအရ လိုအပ်သောဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ နာဂစ်မုန်တိုင်း၏ သင်ခန်းစာများကိုရယူကာ ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ခဲ့ကြောင်း၊ မေ ၁၄ ရက်တွင် မုန်တိုင်းဝင်ရောက်ခဲ့သော်လည်း မိမိတို့အနေဖြင့် မေ ၆ ရက်နေ့ကတည်းကပင် Function ဖြစ်အောင် ကြိုတင်ပြင်ဆင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒီရေစတက်ချိန်ဖြစ်ပေါ်ခဲ့၍လည်း ထိခိုက်မှုနည်းခဲ့ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် သတ်မှတ်ချိန်ထက်စော၍ အနီရောင်အဆင့်ကြေညာခဲ့သဖြင့် ကြိုတင်ရွှေ့ပြောင်းမှုအား အချိန်စောစွာ ရွှေ့ပြောင်းနိုင်ခဲ့သောကြောင့် ထိခိုက်သေဆုံး ဆုံးရှုံးမှုကို အနည်းဆုံး လျှော့ချနိုင်ခဲ့ကြောင်း၊ မုန်တိုင်းအလွန်ကာလ ရှာဖွေကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောလျင်ထိရောက်စွာဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ကိုယ်ကျိုးစွန့်အနစ်နာခံ၍ အနေအစား ဆင်းရဲစွာဖြင့် မုန်တိုင်းထိခိုက်ခဲ့သော နေရာများတွင် အားတက်သရော ဝင်ရောက်ကူညီကြသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များအပေါ် အလျဉ်းသင့်သလို ဂုဏ်ပြုပေးရန် နိုင်ငံတော်ဝန်ကြီးချုပ် ကိုယ်တိုင်မှာကြားခဲ့ကြောင်း။

**မိမိဒေသအကျိုးအတွက်**
**အပြည့်အဝပူးပေါင်း**

ယခုကဲ့သို့ စွမ်းစွမ်းတမံဆောင်ရွက်မှုများကြောင့် မုန်တိုင်းတိုက်ခတ်ပြီး ပျက်စီးဆုံးရှုံးမှုမြင်ကွင်းနှင့် ယခုတစ်လပြည့်ကာလ ပြန်လည်ထူထောင်ပြီးစီးမှု မြင်ကွင်းသည် ဝမ်းသာအားရ ကျေနပ်ဖွယ် ပြောင်းလဲနေသည်ကိုတွေ့ရကြောင်း၊ နိုင်ငံတော်၏အစီအမံဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့တွင်းနှင့် ရပ်ကွက်အလိုက် ပြည်သူများ ပူးပေါင်းဆောင်ရွက်ကြသည်ကိုတွေ့ရသည့်အတွက် အသိအမှတ်ပြုပါကြောင်း၊ ဒေသအကျိုး ဆောင်ရွက်ရာတွင် ပြည်သူသည် ထာဝရ၊ ဝန်ထမ်းသည် တစ်ခဏသာဖြစ်၍မိမိဒေသအကျိုးအတွက် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရန် လိုကြောင်း။

ပညာရေးနှင့်ပတ်သက်၍ မုန်တိုင်းကြောင့်ကျောင်းပေါင်း၁၅၈၃ကျောင်းပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့သော်လည်း နိုင်ငံတော်ဝန်ကြီးချုပ်၏ အစီအမံအရ အထက်တန်းအဆင့်များ ဦးစားပေးပြင်ဆင်၍ ဇွန် ၁ ရက်နေ့အမီ ဖွင့်လှစ်မှုများ ပြုလုပ်ခဲ့ကြောင်း၊ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေးနှင့် ကျောင်းနေသူအားလုံး KG+9 အောင်မြင်ရန် မူဝါဒနှင့်အညီ ပညာရေးကို အလေးထားဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဇွန် ၁ ရက်တွင် ကျောင်းများ ဖွင့်လှစ်ခဲ့ခြင်းဖြင့် ကျောင်းသားမိဘများ၏ စိုးရိမ်ပူပန်မှုများကို ဖြေလျှော့ပေးနိုင်ခဲ့ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဉက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စစ်တွေမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံနှုတ်ဆက်အားပေးစကားပြောကြားစဉ်

ကျန်းမာရေးနှင့်ပတ်သက်၍ ကိုဗစ်-၁၉ ရောဂါကာလကတည်းကပင် အသက်ထက် အရေးကြီးတာ ဘာမျှမရှိဟူသော မူဝါဒနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း၊ ဆေးရုံနှင့်ပတ်သက်၍ လိုအပ်သောပြင်ဆင်မှုများကို ဦးစားပေးဆောင်ရွက်ခဲ့ကြောင်း။

ဆက်သွယ်ရေးကဏ္ဍသည် အရေးကြီးသော အခန်းကဏ္ဍတစ်ခုဖြစ်ကြောင်း၊ ယနေ့တွင် ရာနှုန်းပြည့် ဆက်သွယ်မှုလုပ်ငန်းများ ပုံမှန်လည်ပတ်နေပြီ ဖြစ်ကြောင်း၊ နေ့စဉ် ကဏ္ဍအလိုက် လုပ်ဆောင်မှုများကို အခက်အခဲမရှိ ထိရောက်စွာ ဆောင်ရွက်နိုင်ရေး Disaster Management Centre-DMC မှ နေ့စဉ် ပုံမှန်အစည်းအဝေး ပြုလုပ်၍ ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ လမ်းညွှန်မှုပြုခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများအပေါ် စိတ်ဝင်တစားစောင့်ကြည့်လမ်းညွှန်မှုများ ပြုလုပ်ပေးလျက်ရှိကြောင်း။

မုန်တိုင်းကြောင့် လူ ၁၄၈ ဦး သေဆုံးခဲ့ပြီးငွေကျပ် ၅၂၂ ဘီလီယံခန့်ဆုံးရှုံးခဲ့ကြောင်း၊ မုန်တိုင်းကြောင့် သေဆုံးသူများသည် အချိန်မီ ရွှေ့ပြောင်းနိုင်ရန် တာဝန်ရှိသူများ၏စီမံမှုအပေါ် ငြင်းဆန်ခဲ့မှုများကြောင့်မဖြစ်သင့်ဘဲ အသက်ဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရကြောင်း၊ အဖွဲ့အစည်းဖြင့် စနစ်တကျဆောင်ရွက်ခဲ့မှုများကြောင့် ယခုကဲ့သို့ ပြန်လည်ထူထောင်နိုင်ခြင်းဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိမြို့နယ်(၁၇)မြို့နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်(၄)မြို့နယ်တို့ကို သဘာဝဘေးအန္တရာယ် ကျရောက်သော ဒေသများအဖြစ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ (၁၁)အရ ကြေညာခဲ့ကြောင်း၊ မုန်တိုင်းထိခိုက်မှု ပြင်းထန်သော စစ်တွေ၊ မောင်တောနှင့် ရသေ့တောင်ကဲ့သို့သော မြို့များအတွက် စိုက်ပျိုးရေးလုပ်ငန်းများ ထိခိုက်မှုမရှိစေရန် လယ်ထွန်စက်၊ ကျွဲ၊ နွားနှင့် မျိုးစေ့များ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတကာ၊ အာဆီယံနှင့် အိမ်နီးချင်းနိုင်ငံများက ဆုံးရှုံးမှုကြီးမားမည်ဟု မျှော်မှန်းထားသော်လည်း **“ပြည့်အင်အားသည် ပြည်တွင်းမှာသာ ရှိသည်”** ဟူသောစကားနှင့်အညီ စည်းလုံးညီညွတ်မှုနှင့်ကောင်းမွန်သော ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင် ပြင်ဆင်နိုင်သကဲ့သို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ မြန်ဆန်စွာ ဆောင်ရွက်နိုင်မှုများသည်လည်း စည်းလုံးညီညွတ်မှုနှင့်ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့်ပင် ဖြစ်ကြောင်း။

ယခုကဲ့သို့ ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြသည့် အဖွဲ့အစည်းများအားလုံးနှင့် ပြည်သူအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်းကို ပြောကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာအောင်ကျော်မင်းတို့သည် မိုခါမုန်တိုင်းကြောင့် ပျက်စီးခဲ့သော အပျက်အစီးများကို ရှပ်ရှပ်ချွံချွံ ရှင်းလင်းလုပ်အားပေး ဆောင်ရွက်ခဲ့ကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကူညီတယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

ယနေ့တွင်ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား ရှပ်ရှပ်ချွံချွံ ရှင်းလင်းလုပ်အားပေး ဆောင်ရွက်ခဲ့ကြသည့် ကူညီကယ်ဆယ်ရေးနှင့် ပရဟိတအဖွဲ့ စုစုပေါင်းအဖွဲ့ ၂၀ တို့အား ဂုဏ်ပြုချီးမြှင့်ငွေမှာ ငွေကျပ်သိန်း ၄၉၀ ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် စစ်တွေမြို့ မကျည်းမြိုင်ရပ်ကွက်ရှိ နန္ဒာရာမ ပရိယတ္တိစာသင်တိုက်သို့သွားရောက်၍ ပဏ္ဍိတနန္ဒာရာမ ကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစက ဘဒ္ဒန္တနန္ဒသီရိအားဖူးမြော်ကြည်ညိုပြီးလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မိုခါမုန်တိုင်းကြောင့် ပျက်စီးခဲ့သော အပျက်အစီးများကို ရှပ်ရှပ်ချွံချွံရှင်းလင်းလုပ်အားပေး ဆောင်ရွက်ခဲ့ကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်စဉ်

# ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ ခွဲဝေရရှိမှုအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်အလိုက် ဆက်လက်ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်



**ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းဒဏ်သင့်မြို့ရွာများ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ရွှေ့လျားရေသန့်ကားများ၊ Life Straw (ရေနောက်မှ ရေကြည်သို့သန့်စင်ပေးသည့်) ရေသန့်စက်များ၊ ဆိုလာစနစ်သုံး ရွှေ့လျားရေသန့်စင်စက်များဖြင့် ဖြန့်ဝေပေး...**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ၂၀၂၃ ခုနှစ် မေလ ၃၁ ရက်နေ့ နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းဘေးဒဏ်သင့်ခဲ့သည့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိဌာနများမှ ဝန်ထမ်းများအား ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်၍ ဆိပ်ကမ်းများသို့ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးပစ္စည်းများ ထပ်မံရောက်ရှိလာမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည်စစ်တွေမြို့မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဖောင်တော်ကြီးဆိပ်ခံတံတားရင်းလင်းဆောင်၌ ကျင်းပသည့် ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းဘေးဒဏ်သင့်ခဲ့သည့်ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိဌာနများမှ ဝန်ထမ်းများအား ထောက်ပံ့ငွေနှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဗိုလ်ချုပ်ကြီးတင်အောင်စန်းက မိုခါမုန်တိုင်း တိုက်ခတ်မှုကြောင့် မိမိတို့ဌာနများတွင်လည်း အုပ်ချုပ်မှုအဆောက်အဦများ၊ လူနေအဆောက်အဦများ ထိခိုက်ပျက်စီးမှုရှိခဲ့ပါကြောင်း၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများခွဲဝေရရှိမှုအပေါ် မူတည်၍ဦးစားပေးအစီအစဉ်အလိုက်ဆက်လက်ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယခုပေးအပ်သည့် ထောက်ပံ့ငွေများသည် လတ်တလောအရေးပေါ်သုံးစွဲရမည့်ကိစ္စရပ်များအတွက် အထောက်အပံ့ဖြစ်စေရန် ပေးအပ်ခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် မုန်တိုင်းဒဏ်သင့်အခြားဒေသများသို့ ဆောလျင်စွာပေးပို့ထောက်ပံ့သွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ထောက်ပံ့ငွေနှင့်ထောက်ပံ့ပစ္စည်းများကို ပေးအပ်ရာ ဌာနအလိုက်တာဝန်ရှိသူများက လက်ခံရယူကြပြီး ဝန်ထမ်းတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဖောင်တော်ကြီးဆိပ်ခံတံတား၌ AQUA-



RIUS သင်္ဘောပေါ်မှ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုမည့်ပစ္စည်းများကို စက်ယန္တရားကြီးများဖြင့် ဆိပ်ကမ်းပေါ်သို့ ပို့ဆောင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ပြည်နယ်ဝန်ကြီးချုပ်ဦးထိန်လင်းတို့နှင့်အတူ စစ်တွေမြို့ဘက်စုံသုံးဆိပ်ကမ်းသို့ သွားရောက်၍ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးပစ္စည်းများ သယ်ဆောင်လာသည့် စစ်ရေယာဉ်မြစ်ကြီးနား ဆိုက်ရောက်မှုအခြေအနေကိုကြည့်ရှုစစ်ဆေးပြီး ရောက်ရှိလာသည့် ပြန်လည်ထူထောင်ရေးပစ္စည်းများအား ဘေးသင့်ဒေသများသို့ ဆောလျင်စွာ ဖြန့်ခွဲပေးပို့နိုင်ရေး စနစ်တကျစီမံဆောင်ရွက်သွားကြရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင်ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ပြည်နယ်ဝန်ကြီးချုပ်ဦးထိန်လင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်တို့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့်သဘာဝဘေးပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး လုပ်ငန်းကော်မတီအလိုက် တာဝန်ရှိသူများ၏ပြန်လည်ထူထောင်ရေးဆိုင်ရာတင်ပြချက်များပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းဒဏ်သင့် မြို့ရွာများ သန့်ရှင်းသော သောက်သုံးရေရရှိစေရေးအတွက်ရွှေ့လျားရေသန့်ကားများ၊ Life Straw (ရေနောက်မှ ရေကြည်သို့သန့်စင်ပေးသည့်) ရေသန့်စက်များ၊ ဆိုလာစနစ်သုံး ရွှေ့လျားရေသန့်စက်များဖြင့် ဖြန့်ဝေပေးလျက်ရှိသည်။

ရွှေ့လျားရေသန့်ကားများကို စစ်တွေမြို့နယ်တွင် သုံးစီး၊ ရသေ့တောင်မြို့နယ်တွင် နှစ်စီး၊ မင်းပြားမြို့နယ်တွင် တစ်စီး ဖြန့်ခွဲပေးပို့ထားပြီး ထပ်မံရောက်ရှိလာမည့်ရွှေ့လျားရေသန့်ကား သုံးစီးကိုလည်း ကျောက်တော်၊ ပုဏ္ဏားကျွန်းနှင့် မြောက်ဦးမြို့နယ်များသို့ အမြန်ဆုံး ပေးပို့သွားမည် ဖြစ်သည်။

အဆိုပါ ရွှေ့လျားရေသန့်ကားများသည် တစ်နာရီလျှင် ရေဂါလန် ၈၀၀ သန့်စင်ပေးနိုင်ပြီး မေ ၁၆ ရက်မှ ၃၁ ရက်အထိ သက်ဆိုင်ရာမြို့နယ်၊ ကျေးရွာ၊ ရပ်ကွက်အသီးသီး၌ သန့်ရှင်းသော သောက်သုံးရေဂါလန် ၂၈၅၅၀၀ ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်သည်။

အလားတူ လျှပ်စစ်ဓာတ်အားမလိုအပ်သည့် တစ်နာရီလျှင် ၃ ဂါလန်ခန့် သန့်စင်ပေးနိုင်သော Life Straw (ရေနောက်မှရေကြည်သို့ သန့်စင်ပေးသည့်) ရေသန့်စက်အလုံး ၂၁၀ ကိုစစ်တွေ၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ကျောက်တော်၊ မင်းပြား၊ မြောက်ဦး၊ ပေါက်တော၊ ဘူးသီးတောင်၊ မောင်တောနှင့် မြေပုံ မြို့နယ်များအတွင်းရှိ ကျေးရွာပေါင်း ၁၄၃ ရွာသို့ ဖြန့်ခွဲပေးပို့ထားပြီး ယင်းရေသန့်စက်တစ်လုံးသည် လူဦးရေ ၁၀၀ အတွက် တစ်နေ့တာ သောက်သုံးရန် ရေကိုလုံလောက်စွာ သန့်စင်ပေးနိုင်ကြောင်း သိရသည်။

ထို့အတူ မြေသားရေစုကန်မှ နောက်ကျိနေသော ရေများကို စုပ်ယူသန့်စင်ပေးနိုင်သည့် ဆိုလာသုံးရွှေ့လျားရေသန့်စက် သုံးစုံဖြင့် စစ်တွေမြို့ပေါ်ရှိ ရပ်ကွက်များ၌လှည့်လည် သန့်စင်ဖြန့်ဝေပေးလျက်ရှိပြီး အဆိုပါ ရေသန့်စက်များသည် တစ်နာရီလျှင် ဂါလန် ၃၀၀ ခန့် သန့်စင်ပေးနိုင်သည်။ ထို့ပြင် ဆိုလာစနစ်သုံး ရေသန့်စက် ၁၇ လုံး ထပ်မံရောက်ရှိလာမည်ဖြစ်ပြီး မုန်တိုင်းဒဏ်သင့်မြို့နယ်များအတွင်းရှိ ကျေးရွာများသို့ ဆက်လက်ဖြန့်ခွဲပေးပို့သွားမည် ဖြစ်သည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများကိုဇွန် ၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး မေ ၂၃ ရက် မှ ၃၁ ရက် အထိ ကျောင်းအပ်နှံရေး ရက်သတ္တပတ်အဖြစ် သတ်မှတ်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျောင်းအပ်နှံလက်ခံမှုများဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၌ ယနေ့အထိ အခြေခံပညာ (အထက်တန်း၊ အလယ်တန်း၊ မူလတန်း) ကျောင်းအပ်နှံမှုအခြေအနေမှာ မြို့နယ် ၁၇ မြို့နယ်တွင် စုစုပေါင်း ၃၇၄၉၀၄ ဦး ကျောင်းအပ်နှံခဲ့ပြီး ဖြစ်ကြောင်းနှင့် ရခိုင်ပြည်နယ်အတွင်းရှိ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများအားလုံး တစ်ပြိုင်တည်း ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်အဖွဲ့ စစ်တွေတက္ကသိုလ်ဝင်းအတွင်း ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူလူထုတို့၏ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများ သွားရောက် ကြည့်ရှုအားပေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာစန်းစန်းမြင့်အောင် ဦးဆောင်သည့်အဖွဲ့အား ၂၀၂၃ ခုနှစ် ဇွန်လ ၁၇ ရက်နေ့ နံနက် ၇ နာရီခွဲတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



**လိုအပ်သည်များ ပေါင်းစပ်ကူညီဖြည့်ဆည်းပေး**

တွေ့ဆုံစဉ် မိုခါမုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ကိစ္စရပ်များ၊ စားရေရိက္ခာ စနစ်တကျ ဖြန့်ခွဲပေးလျက်ရှိသည့်အခြေအနေများ၊ မုန်တိုင်းဒဏ်သင့် ရခိုင်ပြည်နယ်အတွင်း မိခင်နှင့်ကလေး ကျန်းမာရေးအတွက် အကူအညီဆောင်ရွက်ပေးနေမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ကူညီ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယ ဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးမျိုးသန့်နှင့် ဒေါက်တာသက်သက်ခိုင်၊ ပြည်နယ်ဝန်ကြီးချုပ်ဦးထိန်လင်း၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ စစ်တွေတက္ကသိုလ်သို့ရောက်ရှိပြီး ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူလူထုတို့၏ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်စစ်တွေတက္ကသိုလ်ပါမောက္ခချုပ်တို့က လိုက်လံရှင်းလင်းပြသကြသည်။

ထိုသို့ ကြည့်ရှုအားပေးနေစဉ်အတွင်း ဗိုလ်ချုပ်ကြီးတင်အောင်စန်းက လူ၊ စက်ယန္တရားများ အသုံးပြု၍ ဦးစားပေးအဆင့်အတန်းသတ်မှတ်ကာ တက္ကသိုလ်ဝင်းအတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး တက္ကသိုလ်အင်္ဂါရပ်နှင့်အညီ ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ မိုးတွင်းကာလဖြစ်သဖြင့် တက္ကသိုလ်ဝင်းအတွင်း ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း မှာကြားခဲ့သည်။



**ထောက်ပံ့ ပေးအပ်**

ထို့နောက် ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်အဖွဲ့သည် စစ်တွေမြို့နယ် ကြက်ကိုင်းတန်ကျေးရွာ၊ စန္ဒာရာမပရိယတ္တိကျောင်းတိုက်မဏ္ဍာရုံ၌စစ်တွေမြို့ပြည်သူ့ဆေးရုံကြီးများမှ အထူးကုဆရာဝန်ကြီးများက မုန်တိုင်းဒဏ်သင့်ပြည်သူများအား ကျန်းမာရေး



စောင့်ရှောက်ပေးနေမှုများနှင့် ဆေးကုသမှုခံယူနေကြသူများကို ကြည့်ရှုအားပေးရာ ကျန်းမာရေးဝန်ကြီးဌာန တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး အထူးကုဆရာဝန်ကြီးများနှင့်ဆေးကုသမှုခံယူလျက်ရှိသည့် ပြည်သူလူထုအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့သည်။

**ကျန်းမာရေး စောင့်ရှောက်မှုပေး**

အဆိုပါ စန္ဒာရာမပရိယတ္တိကျောင်းတိုက်ဓမ္မာရုံ၌ သားဖွားမီးယပ်၊ နား၊ နှာခေါင်း လည်ချောင်း၊ အရိုး၊ ခွဲစိတ်၊ အရေပြား၊ စိတ်ရောဂါ၊ မျက်စိ၊ သွားနှင့်ခံတွင်း၊ ကလေးနှင့် အထွေထွေရောဂါများကို ကုသပေးလျက်ရှိပြီး မြန်မာ့တိုင်းရင်းဆေးများဖြင့်လည်း ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ သွားရောက်ကြည့်ရှုအားပေးစဉ်အတွင်း ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်သည် ဒုတိယဝန်ကြီးများနှင့်အတူ စစ်တွေမြို့နယ် ရွှေမင်းဂံဆိပ်ကမ်းသို့ ရောက်ရှိကြပြီး မိုခါမုန်တိုင်းဒဏ်ကြောင့် ပြိုလဲခဲ့သည့် သစ်ပင်များမှ သစ်မြစ်ဆုံများကို ပန်းပုအတတ်ပညာဖြင့်တန်းဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ရန် CHARITES သင်္ဘောအပြန်ခရီး၌ ရန်ကုန်ဆိပ်ကမ်းသို့ တင်ပို့သွားမည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ဆက်သွယ်ရေးအော်ပရေတာများဖြစ်ကြသည့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) ၊ MyTel ၊ Atom Myanmar နှင့် Ooredoo Myanmar မှ တာဝန်ရှိသူများအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့်ရခိုင်ပြည်နယ်အတွင်း ဆက်သွယ်ရေးစနစ်များ ထိခိုက်ပျက်စီးခဲ့မှုများကို အချိန်တိုအတွင်း ရာနှုန်းပြည့်နီးပါး ပြန်လည်ကောင်းမွန်အောင် ပြင်ဆင်ဆောင်ရွက်နိုင်ခဲ့မှု၊ ထိုသို့ ပြန်လည်ပြင်ဆင်ရာတွင် မုန်တိုင်းဒဏ်ခံနိုင်သည့် မူလအနေအထားထက် ပိုမိုကောင်းမွန်သော နည်းပညာ၊ စက်ပစ္စည်း၊ အစားထိုး တပ်ဆင်ပေးရန်လိုအပ်မှု၊ အော်ပရေတာများကမုန်တိုင်းသင့်ဒေသများ၌ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေးနှင့် လူမှုရေးစသည့်ကဏ္ဍများတွင် Corporate Social Responsibility–CSR အစီအစဉ်ဖြင့် WiFi ၊ Internet စနစ်များကို အခမဲ့တပ်ဆင်၍ ပံ့ပိုးကူညီဆောင်ရွက်ပေးမှုများနှင့် မုန်တိုင်းဒဏ်သင့်ဒေသများအတွင်း ဆက်သွယ်ရေး ကောင်းမွန်စေရန် အချိန်တိုအတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့မှုများအတွက် အသိအမှတ်ပြု ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

## PHOTO NEWS



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ဒုတိယဝန်ကြီးချုပ်နှင့်ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဆက်သွယ်ရေးအော်ပရေတာများ ဖြစ်ကြသည့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT)၊ MyTel ၊ Atom Myanmar နှင့် Ooredoo Myanmar တို့မှတာဝန်ရှိသူများအားဇွန်လ ၁၇ ရက်နေ့က ရခိုင်ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

# ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပညာရေး၊ ကျန်းမာရေးနှင့် သာသနိကအဆောက်အဦများ ပြုပြင်ရေးကို ဦးစားပေးအဆင့် သတ်မှတ်ဆောင်ရွက်ပေးလျက်ရှိ



- မိုခါမုန်တိုင်း တိုက်ခတ်မှုဖြစ်ပွားခဲ့သည့်နောက်ပိုင်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပညာရေး၊ ကျန်းမာရေးနှင့် သာသနိကအဆောက်အဦများပြုပြင်ရေးကို ဦးစားပေးအဆင့်သတ်မှတ်ဆောင်ရွက်ပေးလျက်ရှိ...
- ထိခိုက်ပျက်စီးခဲ့သည့် စေတီပုထိုးများနှင့် သာသနိကအဆောက်အဦများ ပြန်လည်ပြုပြင်မွမ်းမံနိုင်ရေးအတွက် စေတနာရှင်၊ အလှူရှင်များ လှူဒါန်းနိုင်ရန် ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး စည်းရုံးလှုံ့ဆော်ခြင်း၊ သတင်းထုတ်ပြန်အသိပေးခြင်းများ ဆောင်ရွက်သွားကြရန်လိုအပ်...

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးမျိုးသန့်နှင့် ဒေါက်တာသက်သက်ခိုင်၊ ပြည်နယ်ဝန်ကြီးချုပ်ဦးထိန်လင်း၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ၂၀၂၃ ခုနှစ် ဇွန်လ ၁၉ ရက်နေ့ နံနက် ၁၀ နာရီတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့်ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းတိုက်ခတ်မှုဒဏ်ကြောင့် ပျက်စီးခဲ့ရသည့်သာသနိကအဆောက်အဦများ ဘက်စုံ ပြန်လည်ပြုပြင်မွမ်းမံခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသည်။

**စနစ်တကျ ပြုပြင် ဆောင်ရွက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက မိုခါမုန်တိုင်း တိုက်ခတ်မှုဖြစ်ပွားခဲ့သည့်နောက်ပိုင်း ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပညာရေး၊ ကျန်းမာရေးနှင့် သာသနိကအဆောက်အဦများ ပြုပြင်ရေးကို ဦးစားပေးအဆင့် သတ်မှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိခိုက်ပျက်စီးခဲ့သည့် စေတီပုထိုးများနှင့် သာသနိကအဆောက်အဦများကို ပြုပြင်ရာတွင် မူလအလှူရှင်များ၊ စေတနာရှင်ပြည်သူများ၏ လှူဒါန်းမှုများအား ဘုရားဂေါပကအဖွဲ့များ၏ အနီးကပ်ကြီးကြပ်မှုဖြင့် အမြန်ဆုံးပြီးစီးအောင် စနစ်တကျ ပြုပြင်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်နယ်အစိုးရအဖွဲ့၊ သံဃနာယကအဖွဲ့များနှင့် တွေ့ဆုံဩဝါဒလမ်းညွှန်မှုခံယူ၍ ဘက်စုံပြုပြင်ရေးလုပ်ငန်းများကို အမြန်



ကောင်းမွန်အောင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မြန်မာမှုလက်ရာများ ပျက်စီးဆုံးရှုံးမှုများကိုလည်း မူလလက်ရာမပျက်အမြန်ဆုံး ပြန်လည်ပြုပြင်ရန် လိုအပ်ကြောင်း၊ သာသနိကအဆောက်အဦများ ပြုပြင်မွမ်းမံရန် ဂေါပကအဖွဲ့များအနေဖြင့် အစီအမံများစနစ်တကျ ရေးဆွဲဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ထိခိုက်ပျက်စီးခဲ့သည့် စေတီပုထိုးများနှင့် သာသနိကအဆောက်အဦများ ပြန်လည်ပြုပြင် မွမ်းမံနိုင်ရေးအတွက် စေတနာရှင် အလှူရှင်များ လှူဒါန်းနိုင်ရန် ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး စည်းရုံးလှုံ့ဆော်ခြင်း၊ သတင်းထုတ်ပြန် အသိပေးခြင်းများဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသည့် စစ်တွေမြို့ပေါ်ရှိ ဘုရားစေတီ ဂေါပကအဖွဲ့များက သာသနိကအဆောက်အဦများ ထိခိုက်ပျက်စီးမှုနှင့် ဘက်စုံပြုပြင်မွမ်းမံရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့က ဖြည့်စွက်ဆွေးနွေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးတင်အောင်စန်းက ရှင်းလင်းဆွေးနွေး တင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

မွန်းလွဲပိုင်းတွင်ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်အဖွဲ့သည် အစိုးရနည်းပညာ အထက်တန်းကျောင်း(စစ်တွေ)သို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှု၊ ကျောင်းဆောင်နှင့်စာသင်ခန်းများပြုပြင်ဆောင်ရွက်ပြီးစီးမှုနှင့်ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းအစီအမံများကို မေးမြန်းကြည့်ရှုကာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေး စကားပြောကြားသည်။

အဆိုပါ နည်းပညာအထက်တန်းကျောင်း (စစ်တွေ)၌ ကျောင်းသား ကျောင်းသူ ၇၆ ဦး တက်ရောက် ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ပြည်နယ် မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနနှင့် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်း ဝန်ထမ်းအိမ်ရာတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## Photo News

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း သည် ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ဒုတိယဝန်ကြီးများ၊တာဝန်ရှိသူများနှင့်အတူ ဇွန်လ ၁၈ ရက်နေ့ နံနက်ပိုင်းက စစ်တွေမြို့ဘက်စုံသုံး ဆိပ်ကမ်း၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ပစ္စည်းများ တင်ချနေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။



# မြန်မာ့စာပို့တံဆိပ်ခေါင်းအကြောင်း သိကောင်းစရာ

(အပိုင်း-၄)

ခမ်း (စိန်လုံကဘား)

၂၀၁၁ ခုနှစ် မတ်လ ၃၁ ရက်နေ့ မှ ၂၀၁၆ ခုနှစ် မေလ ၃၁ ရက်နေ့အတွင်း ထုတ်ဝေခဲ့သည့် စာပို့တံဆိပ်ခေါင်းများ

ဤဖော်ပြပါကာလတွင် နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု အနုပညာများနှင့် ပတ်သက်၍ အတွေးသစ် အမြင်သစ်များဖြင့် သရုပ်ဖော်ထားသည့် စာပို့တံဆိပ်ခေါင်းများကို ထုတ်ဝေခဲ့ပါသည်။ ထုတ်ဝေခဲ့သည့် စာပို့တံဆိပ်ခေါင်းများမှာ ၂၀၁၁ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ တာဝန်ယူခြင်းအထိမ်းအမှတ်စာပို့တံဆိပ်ခေါင်းကို ၂၀၁၁ ခုနှစ်ဇွန်လ ၁၆ ရက်နေ့တွင်လည်းကောင်း၊ (၆၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာပို့တံဆိပ်ခေါင်းကို ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင်လည်းကောင်း၊ ဒုတိယအကြိမ် အာဆီယံဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဆိုင်ရာအရာရှိကြီးများနှင့် ဆက်သွယ်ရေးဥပဒေပြုသူများကောင်စီတို့၏ ခေါင်းဆောင်များ အလွတ်သဘောအစည်းအဝေး အထိမ်းအမှတ် စာပို့တံဆိပ်ခေါင်းကို ၂၀၁၂ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင်လည်းကောင်း၊ (၁၁) ကြိမ်မြောက် အာဆီယံ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာဝန်ကြီးအဆင့် အစည်းအဝေးနှင့် (၁၂) ကြိမ်မြောက်အာဆီယံ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး အထိမ်းအမှတ် စာပို့တံဆိပ်ခေါင်းကို ၂၀၁၂ ခုနှစ် မတ်လ ၁၉ ရက်နေ့တွင် လည်းကောင်း၊ (၆၅) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာပို့တံဆိပ်ခေါင်းကို ၂၀၁၃ ခုနှစ်ဇန်နဝါရီလ၄ ရက်နေ့တွင်လည်းကောင်း၊ မြန်မာ-ရုရှား သံတမန်ဆက်ဆံရေး (၆၅) နှစ်မြောက် အထိမ်းအမှတ် စာပို့တံဆိပ်ခေါင်းကို ၂၀၁၃ ခုနှစ် ဧပြီလ ၁၀ ရက်နေ့တွင်လည်းကောင်း၊ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အထိမ်းအမှတ် စာပို့တံဆိပ်ခေါင်းကို ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၂ ရက်နေ့တွင် လည်းကောင်း၊ (၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာပို့တံဆိပ်ခေါင်းကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လည်းကောင်း ထုတ်ဝေခဲ့ပါသည်။

ထို့ပြင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ၂၀၁၄ အထိမ်းအမှတ် စာပို့တံဆိပ်ခေါင်းကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင်လည်းကောင်း၊ တူရိယာအစုံ (ကချင်မောင်း) အထိမ်းအမှတ် စာပို့တံဆိပ်ခေါင်းကို ၂၀၁၄ ခုနှစ် မတ်လ ၅ ရက်နေ့တွင်လည်းကောင်း၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ၂၀၁၄ အထိမ်းအမှတ်စာပို့တံဆိပ်ခေါင်းကို ၂၀၁၄ ခုနှစ်မတ်လ ၁၀ ရက်နေ့တွင်လည်းကောင်း၊ အာဆီယံ အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူခြင်း အထိမ်းအမှတ် စာပို့တံဆိပ်ခေါင်းကို ၂၀၁၄ ခုနှစ် မေလ ၈ ရက်နေ့တွင်လည်းကောင်း၊ မြန်မာ၊ တရုတ်၊ အိန္ဒိယ (၃) နိုင်ငံတို့မှ ဦးဆောင်ချမှတ်ခဲ့သော ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅) ရပ် အထိမ်းအမှတ်စာပို့တံဆိပ်ခေါင်းကို ၂၀၁၄ ခုနှစ်ဇွန်လ ၂၈ ရက်နေ့တွင်လည်းကောင်း၊ (၆၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာပို့တံဆိပ်ခေါင်းကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင်လည်းကောင်း၊ ASEAN Postal Joint Stamp အထိမ်းအမှတ် စာပို့တံဆိပ်ခေါင်းကို ၂၀၁၅ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင်လည်းကောင်း၊ (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာပို့တံဆိပ်ခေါင်းကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင်လည်း ကောင်း ထုတ်ဝေခဲ့သည်။

ထုတ်ဝေခဲ့သည့် (၁၆) ကြိမ်အနက် စာပို့တံဆိပ်ခေါင်းအချို့ကို ကောက်နှုတ်တင်ပြအပ်ပါသည်။






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ တာဝန်ယူခြင်း အထူးထုတ် တံဆိပ်ခေါင်း (၁၆-၆-၂၀၁၁)





ဒုတိယအကြိမ် အာဆီယံဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဆိုင်ရာ အရာရှိကြီးများနှင့် ဆက်သွယ်ရေးဥပဒေပြုသူများ ကောင်စီတို့၏ ခေါင်းဆောင်များ အလွတ်သဘောအစည်းအဝေး အထူးထုတ် တံဆိပ်ခေါင်းများ (၁-၁၀-၂၀၁၂)



(၁၁)ကြိမ်မြောက် အာဆီယံဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးနှင့် (၁၂)ကြိမ်မြောက် အာဆီယံဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး အထူးထုတ် တံဆိပ်ခေါင်း (၁၉-၁-၂၀၁၂)




(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အထူးထုတ် တံဆိပ်ခေါင်း (၂-၉-၂၀၂၃)




မြန်မာ-ရုရှားသံတမန်ဆက်ဆံရေး (၆၅)နှစ်မြောက် အထူးထုတ် တံဆိပ်ခေါင်း (၁၀-၄-၂၀၁၃)




အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ယူခြင်း အထူးထုတ် တံဆိပ်ခေါင်းများ (၈-၅-၂၀၁၄)




**စာပို့တံဆိပ်ခေါင်းများသည် နိုင်ငံ၏ကိုယ်စားပြု သရုပ်ဖော်ပြချက် နှင့် အနုပညာဂုဏ်မြောက်ချက် များကိုစုပေါင်းထားသည့် အမျိုးသားယဉ်ကျေးမှုလက်ရာ တစ်ရပ်အနေနှင့် ပေါ်လွင်ခဲ့...**




တူရိယာ အစဉ်သုံး တံဆိပ်ခေါင်း
(၅-၃-၂၀၁၄)







မြန်မာ-တရုတ်-အိန္ဒိယ သုံးနိုင်ငံ ဦးဆောင်ချမှတ်ခဲ့သော
ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးရပ် အထိမ်းအမှတ်
အထူးထုတ် တံဆိပ်ခေါင်းများ (၂၈-၆-၂၀၁၄)




ASEAN Postal Joint Stamp (၈-၈-၂၀၁၅)




(၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့
အထူးထုတ် တံဆိပ်ခေါင်းများ (၄-၁-၂၀၁၆)

## ခေတ်အဆက်ဆက်မှ တံဆိပ်ခေါင်းများသည် သမိုင်းစဉ်တစ်လျှောက် အမျိုးသားအားလုံး၏ ကြိုးပမ်းမှုများ ယဉ်ကျေးမှုနှင့် အနုပညာများ၏ ထိန်းသိမ်းစောင့်ရှောက်မှုများကို စာပို့တံဆိပ်ခေါင်းများပေါ်တွင် မော်ကွန်းတင်ခဲ့ကြသည်ကို တွေ့ရှိရ...

ခေတ်အဆက်ဆက်မှ တံဆိပ်ခေါင်းများသည် သမိုင်းစဉ်တစ်လျှောက် အမျိုးသားအားလုံး၏ ကြိုးပမ်းမှုများ ယဉ်ကျေးမှုနှင့် အနုပညာများ၏ ထိန်းသိမ်းစောင့်ရှောက်မှုများကို စာပို့တံဆိပ်ခေါင်းများပေါ်တွင်မော်ကွန်းတင်ခဲ့ကြသည်ကိုတွေ့ရှိရပါသည်။ထို့အပြင် စာပို့တံဆိပ်ခေါင်းများသည် နိုင်ငံ၏ကိုယ်စားပြု သရုပ်ဖော်ပြချက်နှင့် အနုပညာဂုဏ်မြောက်ချက်များကို စုပေါင်းထားသည့် အမျိုးသားယဉ်ကျေးမှုလက်ရာတစ်ရပ်အနေနှင့် ပေါ်လွင်ခဲ့သည်ကို တွေ့ရှိကြရမည်ဖြစ်ပါသည်။ သို့ပါ၍ ကျွန်ုပ်တို့သည်လည်း မြန်မာ့စာပို့တံဆိပ်ခေါင်းများကို တန်ဖိုးထားထိန်းသိမ်းသင့်ပါကြောင်း ဤဆောင်းပါးမှ တစ်ဆင့် ဖော်ပြလိုက်ရပါသည်။

**(ဆက်လက်တင်ပြသွားပါမည်။)**

မှီငြမ်းကိုးကားချက် ။ဦးသိန်းဒန်(ဘီအယ်လ်)၏ခေတ်လေးခေတ်တံဆိပ်ခေါင်းများ စာတမ်းနှင့် "သင့်ထံမှ ကျွန်ုပ်ထံသို့" စာပေဗိမာန်ထုတ်စာအုပ်များမှ ကိုးကားဖော်ပြထားပါသည်။

**ခမ်း(စိန်လုံကဘား)**




ငါ့နာမည်ကို သူတို့ပြောနေသံကြားတယ်။ အပြင်ကို ငါထွက်ရတော့မယ် ထင်တယ်။ ဝမ်းသာလိုက်တာ။ ဒါပေမယ့် ငါ့ကိုတယုတယနဲ့ ချစ်ခင်နှစ်သက်တဲ့သူဖြစ်ပါစေလို့ ဆုတောင်းရမှာပဲ။ ငါတို့ဘဝတွေအတွက် ဒါကလည်း အရေးကြီးတယ်။

"ကဲ … ကိုရက်ဖရန့်ကြီးရေ ကျုပ်တော့ သွားလိုက်ဦးမယ်ဗျာ"

ပြောပြောဆိုဆိုနဲ့ ဆုတောင်းပြီး နှုတ်ဆက်ထွက်ခွာသွားတဲ့ ကိုလုံးရဲ့နောက်ကျောကိုကြည့်ပြီး ကျွန်တော် ကျန်ခဲ့ပြန်တယ်။ ဒါတွေက ကျွန်တော့်အတွက်တော့ မဆန်းတော့ပါဘူး။ ကျွန်တော့်ရှေ့မှာ ကာဆီးထားတဲ့မှန်တွေကို တော်ရုံနဲ့လာမဖွင့်တတ်ကြပါဘူး။ ကျွန်တော့်ကို လာရှာတဲ့သူရှိခဲ့ရင်တောင် ကျွန်တော်ဟာ ဒီအဝန်းအဝိုင်းထဲကနေ အပြင်ထွက်ခွင့်မရပါဘူး။ တစ်ခါတလေတော့လည်း အပြင်လောကကြီးကို ကျွန်တော်ထွက်ကြည့်ချင်မိတယ်။ ဘာတွေက ဘယ်လိုပြောင်းလဲနေပြီလဲဆိုတာ သိချင်တယ်။ သူငယ်ချင်းတွေနဲ့ဝေးခဲ့ရတာ ဆယ်စုနှစ် နှစ်စုလောက်ရှိခဲ့ပြီ။ ဒီအဝန်းအဝိုင်းထဲမရောက်ခင် အတိတ်က အချိန်တွေဆီကို ပြန်မြင်ယောင်နေမိပြန်တယ်။ အရောင်အသွေးစုံတဲ့လူတွေ ကြည့်ရတယ်။ နေ့စဉ်နေ့တိုင်း မရိုးနိုင်တဲ့လောကဇာတ်ခုံပေါ်က အကြောင်းတွေကြားရတယ်။ သူငယ်ချင်းတွေ တစ်ယောက်ပြီးတစ်ယောက် ပိုင်ရှင်အသစ်တွေရဲ့ခေါ်ဆောင်ရာကို လိုက်ပါသွားကြလို့ ကျွန်တော်ဝမ်းနည်းခဲ့ရတဲ့အချိန်တွေလည်းရှိခဲ့တယ်။ ကျွန်တော့်ကိုရော ဘယ်သူက ဘယ်အချိန်လာခေါ်မလဲလို့ရင်ခုန်စိတ်လှုပ်ရှားမှုအပြည့်နဲ့ စောင့်မျှော်ခဲ့ရဖူးတယ်။ တချို့တွေလည်း အဟောင်းတန်း ရောက်နေတယ်လို့လဲကြားမိတယ်။ တချို့တွေလည်း နယ်ခြားမြေခြားရောက်နေတယ်လို့လဲကြားရတယ်။ တချို့တချို့တွေလည်း ပြန်တွေ့တယ် အသက်အရွယ်တွေလည်း ကြီးကြရောပေါ့။ နုပျိုမှုတွေကျန်နေသေးတဲ့သူတွေလည်းရှိနေသလို အတော်အိုမင်းပြီး ငြီးငွေ့စရာကောင်းတဲ့ပုံစံမျိုးတွေလည်း တွေ့ရတယ်။ အဲ့ဒီလိုအခြေနေတွေနဲ့ ယှဉ်ကြည့်ရင်တော့ ကျွန်တော်ဟာ ကံကောင်းတယ်လို့ဆိုရမယ်။ တချို့သူငယ်ချင်းတွေကိုတော့ လုံးဝပြန်မတွေ့ရတော့ပါဘူး။

အခုကျွန်တော်ရောက်နေတဲ့နေရာက တိတ်ဆိတ်ငြိမ်သက်ပြီး အေးစိမ့်နေတဲ့နေရာလေးတစ်ခုပါ။ သန့်ရှင်းသပ်ရပ်စွာ စနစ်တကျစီထားတဲ့ထိုင်ခုံလေးတွေ၊ ချစ်စရာကောင်းတဲ့ Indoor Plant အပင်ကလေးတွေကလည်း နံရံမှာကပ်လျက်ချိတ်ထားပြီး အညွှန့်လေးတွေက အားမာန်အပြည့်နဲ့ပေါ့၊ ခုံတန်းလေးတွေပေါ်မှာတင်ထားတဲ့ Indoor Plant လေးတွေကလည်း စိမ်းစိုပြီးဆွဲဆောင်မှုအပြည့်နဲ့ မျက်စိပသာဒဖြစ်စေပါတယ်။ ဒ့ါအပြင် နံရံကပ်ပန်းချီကားချပ်တွေလည်း ချိတ်ဆွဲထားသေးတယ်။ ပတ်ဝန်းကျင်တစ်ခုလုံးက သူ့နေရာနဲ့သူလှပနေပြီး လာရောက်ကြသူအားလုံးကို ငြိမ်းချမ်းမှုအပြည့်ပေးစွမ်းနိုင်ပါတယ်။

တစ်ခါတလေတော့ ပိုးကောင်မွှမွှလေးတွေက ကျွန်တော့်ကိုယ်ပေါ်တက်လာတတ်တယ်၊ ရွစိရွစိနဲ့ အသည်းယားစရာပါပဲ၊ မထင်ရင် မထင်သလို ကိုက်သေးတယ်။ ကျွန်တော့်ပိုင်ရှင်တွေကတော့ အချိန်ကျရင် ကျွန်တော့်ကိုယ်ပေါ်ကို ပိုးသတ်ဆေးမှုန့်တွေပုံမှန်လေးလာဖြူးပေးကြတယ်၊ ပြီးတော့ သန့်ရှင်းရေးလုပ်ပေးကြ

တယ်။ ညင်ညင်သာသာလေး ကိုင်တွယ်ကြတယ်။ ကျွန်တော်မနာကျင်ရအောင်ပေါ့ ကျွန်တော်လည်းအသက်ကြီးပြီလေ။ ကိုလုံးတို့အဖွဲ့ကတော့ ပြောဖူးတယ်၊ ကျွန်တော့်ကိုအားကျတယ်တဲ့။ တစ်ခါတလေစကားပြောဖြစ်ကြရင်တော့ သူတို့ရဲ့အပြင်က အတွေ့အကြုံလေးတွေကို ပြောပြတတ်ကြတယ်။ သူတို့ကို ခေါ်ဆောင်သွားတဲ့သူတွေက အမျိုးမျိုးရှိကြတယ်လေ။ တချို့က သူတို့ကိုယ်ခန္ဓာအစိတ်အပိုင်းတွေကို ခေါက်ရိုးချိုးတတ်ကြပြီး။ တချို့က ဖြဲဆုတ်ပစ်ကြတယ်၊ တချို့ကလည်း လွှင့်ပစ်တတ်ကြသေးတယ်တဲ့ အဲ့ဒီလိုစကားတွေကြားရရင်တော့ အတော်လေး စိတ်မကောင်းဖြစ်မိတယ်။ တချို့တွေကျတော့လည်း မိုးဒဏ်၊ လေဒဏ် မခံရလေအောင် ကြင်ကြင်နာနာလေး ဂရုစိုက်ခံရတယ်ပြောတယ်။ ဒါမျိုးကြားရရင်တော့ ကျွန်တော့်စိတ်ထဲပျော်ရွှင်ရတယ်။ ကြည်နူးရတယ်။

ကျွန်တော်တို့မှာအဖွဲ့နှစ်ဖွဲ့ရှိတယ်။ Loan Section အဖွဲ့နဲ့ Reference Section အဖွဲ့ဆိုပြီး ရှိကြတယ်။ Loan Section အဖွဲ့ကတော့ အပြင်ထွက်ရတယ်။ ကျွန်တော်တို့လို Reference Section အဖွဲ့ကတော့ ဒီအဝန်းအဝိုင်းလေးထဲပဲ သွားရပါတယ်။ တစ်ခါတစ်လေတော့ အပြင်ထွက်ရတာ ရှိကောင်းရှိတတ်ပါတယ်။ ကျွန်တော်တို့မှာ ကိုယ်ပိုင်နံပါတ်လေးတွေလည်းရှိကြတယ်။ ကျွန်တော်တို့

**ကျွန်တော်တို့အားလုံး ရဲ့ရင်ထဲမှာလူသားအားလုံးကို အသိပညာ ဗဟုသုတတွေ ရစေချင် တဲ့ စေတနာမေတ္တာအပြည့်ရှိကြပါတယ်... အဲ့ဒီအတွက် ကျွန်တော်တို့ကို အသုံးပြုတဲ့အခါ ကြင်ကြင်နာနာ ယုယုယယနဲ့ ရိုရိုသေသေ ကိုင်တွယ်ဖတ်ရှုစေချင်ပါတယ်... ကျွန်တော်တို့ ခန္ဓာကိုယ်ပေါ်ကို ရေငွေ့လေးတွေထိရင်တောင် မှိုစွဲတတ်ပါတယ်... အပူချိန်များရင် ကျွတ်ဆတ်ကြေမွတတ်ပါတယ်။ စာအမှတ်ကတ်လေးတွေလည်း သုံးစေချင်ပါတယ်...**



နေထိုင်ပုံက စည်းလုံးကြတယ်။ တစ်ယောက်နဲ့တစ်ယောက်ကျောချင်းကပ် ရင်ချင်းကပ်နဲ့ ကြပ်ကြပ်ကလေးနေကြတယ်။ အဲ့ဒီလိုစုစုစည်းစည်းမနေရင် တစ်ယောက်နဲ့ တစ်ယောက် ဝေးကွာနေရင် ကျွန်တော်တို့ မရပ်တည်နိုင်ကြဘူး။ ခွေလဲသွားနိုင်တယ်။ ဒါ့ကြောင့် တစ်ယောက်နဲ့ တစ်ယောက် ဖေးမကူညီရင်း စုစည်းနေကြခြင်းဟာ တကယ်အားဖြစ်စေပါတယ်။

"ပြန်ရောက်ပါပြီ သူငယ်ချင်းတို့ရေ"

ဟော... ကိုလုံး တစ်ယောက်တော့ ပြန်ရောက်လာပြီ။ သူ့ပုံကြည့်ရတာ ဟိုတစ်ခါလောက် သိပ်ပင်ပန်းပုံမပေါ်ဘူး။ အဆင်ပြေလာတယ်ထင်ပါရဲ့ လန်းလန်းဆန်းဆန်းနဲ့ပြန်လာတယ်။ ဟော... နောက်တစ်ယောက် ပြန်လာပြီ။

"အဆင်ပြေရဲ့လားဗျ"

ကျွန်တော်လှမ်းမေးလိုက်တယ်။

"အင်း..."

ပြန်ဖြေပုံက အခြေအနေမကောင်းဘူး။ အတော်ပင်ပန်းလာပုံပါပဲ။ အနားစတွေက ဖွာလန်ကြဲလို့၊ ခေါက်ရိုးတွေက အစင်းလိုက်နဲ့ မြင်ရ၊တွေ့ရတာစိတ်မချမ်းသာစရာပဲ။မကြာခင်မှာသူတို့ရဲ့အတွေ့အကြုံတွေကို အားပါးတရ ပြောပြပါတော့မယ်။ နားထောင်မယ့်သူတွေကလည်း အဆင်သင့်လေ။ ဒါတွေက တစ်နေ့တစ်မျိုးမရိုးအောင်ကြားရတတ်ပါတယ်။သူတို့ပြောပြတဲ့အတွေ့အကြုံတွေပေါ်လိုက်ပြီး ကျွန်တော်တို့မှာ ပျော်စရာရှိရင် လိုက်ပျော်လိုက်ကြ၊ ဝမ်းနည်းစရာရှိရင် လိုက်ခံစားလိုက်ကြနဲ့ တစ်နေ့တာအချိန်တွေကုန်ဆုံးခဲ့ကြပါတယ်။

တကယ်လို့များ ကျွန်တော်သာ တောင်းဆိုမှုတစ်ခုလောက်ပြောခွင့်ရမယ်ဆိုရင် တောင်းဆိုချင်ပါတယ်။ကျွန်တော်တို့အားလုံးရဲ့ရင်ထဲမှာလူသားအားလုံးကို အသိပညာ ဗဟုသုတတွေ ရစေချင်တဲ့ စေတနာမေတ္တာအပြည့်ရှိကြပါတယ်။ အဲ့ဒီအတွက် ကျွန်တော်တို့ကိုအသုံးပြုတဲ့အခါ ကြင်ကြင်နာနာ ယုယုယယနဲ့ ရိုရိုသေသေကိုင်တွယ်ဖတ်ရှုစေချင်ပါတယ်။ ကျွန်တော်တို့ခန္ဓာကိုယ်ပေါ်ကိုရေငွေ့လေးတွေထိရင်တောင် မှိုစွဲတတ်ပါတယ်။ အပူချိန်များရင်ကျွတ်ဆတ်ကြေမွတတ်ပါတယ်။ စာအမှတ်ကတ်လေးတွေလည်းသုံးစေချင်ပါတယ်။ ကျွန်တော်တို့ရဲ့ ပိုင်ရှင်တွေကလည်း သူတို့တတ်စွမ်းသလောက် အတတ်နိုင်ဆုံးနည်းမျိုးစုံနဲ့ ကျွန်တော်တို့ကိုပြုပြင်ကုသပေးကြပါတယ်။ ကျွန်တော်တို့ဘဝတွေက အရမ်းစုတ်ပြတ်သွားရင် ချောင်ထိုးခံကြရပါတယ်။ စတိုလိုအခန်းထဲမှာ အထားခံရပါတယ်။ အဲ့ဒီလိုမှောင်မည်းတဲ့ အခန်းထဲမှာ လူသားတွေကိုအကျိုးမပြုနိုင်ဘဲ လူသိမခံရတဲ့ဘဝတွေဖြစ်မှာကို ကျွန်တော်တို့သိပ်ကြောက်ကြပါတယ်။အသက်အရွယ်အရတစ်နေ့နေ့မှာစွန့်ပစ်ခံရမယ်ဆိုတာသိပေမယ့် အရွယ်မတိုင်ခင်တော့ အဲ့ဒီလိုဘဝမရောက်ချင်ကြပါဘူး။ ခေတ်စနစ်တွေ တိုးတက်လာတာနဲ့အမျှကျွန်တော်တို့ကို လူသုံးနည်းလာကြတယ်။ ကျွန်တော့်နေရာမှာ ဝီကီပီးဒီးယားကို အသုံးပြုလာကြတယ်။ ဒီလိုနဲ့ ကျွန်တော်တို့ဘဝတွေ တဖြည်းဖြည်း ပျောက်ကွယ်သွားမှာလည်း စိုးရိမ်မိပါတယ်။

ကျွန်တော်ဟာ လူသားတွေရဲ့အကျိုး သယ်ပိုးပေးလိုတဲ့ဆန္ဒနဲ့ကျွန်တော့်နေရာလေးမှာ နေ့စဉ်စောင့်ဆိုင်းနေခဲ့ပါတယ်။ ကျွန်တော့်ဆီလာချင်ရင်တော့ လိပ်စာက လူသားတွေခေါ်ဆိုကြတဲ့ မှန်ဗီရိုကြီးရဲ့ ပထမထပ်ထောင့်စွန်းမှာ ကျွန်တော်ရှိပါတယ်။ ဖုန်းနံပါတ်တွေ၊ e-mail တွေတော့မရှိပါဘူး။ ကျွန်တော့်မှာ ကိုယ်ပိုင်နံပါတ်နဲ့နာမည်လှလှလေးတော့ရှိတယ်။ပညာရှင်တွေအမြဲခေါ်ကြတဲ့ ကျွန်တော့်နာမည်က "စွယ်စုံကျမ်း" တဲ့လေ။

**ဝသန်(MMMC)**

သူတို့ပြောပြတဲ့ အတွေ့အကြုံတွေပေါ်လိုက်ပြီး ကျွန်တော်တို့မှာ ပျော်စရာရှိရင် လိုက်ပျော် လိုက်ကြ၊ ဝမ်းနည်းစရာရှိရင် လိုက်ခံစားလိုက်ကြနဲ့ တစ်နေ့တာ အချိန်တွေ ကုန်ဆုံးခဲ့ကြပါတယ်...




myanmar
national airlines
YANGON
SINGAPORE
YANGON
Daily
ONE WAY TICKET STARTS FROM
USD 175
ROUND TRIP TICKET STARTS FROM
USD 337
YANGON
BANGKOK
YANGON
Daily
ONE WAY TICKET STARTS FROM
USD 60
ROUND TRIP TICKET STARTS FROM
USD 104
YANGON
CHIANG MAI
YANGON
Wednesday, Friday & Sunday
ONE WAY TICKET STARTS FROM
USD 105
ROUND TRIP TICKET STARTS FROM
USD 179
Full Service
Baggage + 7kg Hand Carry + Meal
HEAD OFFICE (MYANMAR)
Address: 104 Kanna Road, Kyauktada Township, Yangon, Myanmar.
CALL CENTER
+951 377840-41-42, +951 378603-04-06-07-08
www.flymna.com


ကြိုက်ရာခေါ် (Anynet)
MPT
မည်သည့်ပြည်တွင်းဖုန်းကိုမဆို ခေါ်ဆိုနိုင်ပါသည်။
သယ်ကာယူသွား
လက်ကျန်မိနစ်များ
38 Mins
497 Ks
7 days
*997*3#
77 Mins
997 Ks
15 days
*997*1#
155 Mins
1997 Ks
30 days
*997*2#
ဝယ်ယူလိုပါက -
*997#
MPT4U
အတူလက်တွဲ အမြဲရှိမည် MPT




# Risk in the Maritime Sector

## ရေကြောင်းကဏ္ဍ အန္တရာယ်ဖြစ်နိုင်ခြေ တွက်ချက်ခြင်း (အပိုင်း-၁)

ကပ္ပတိန်ကိုကို

### နိဒါန်း

"Risk" ဆိုသည့်စကားကို အန္တရာယ်ဟူ၍ သုံးနှုန်းပြန်ဆိုကြသည်ကို သတိပြုမိသည်။ အမှန်စင်စစ် အန္တရာယ်အဆင့်သို့ မရောက်သေးဘဲ အန္တရာယ်ဖြစ်ပွားနိုင်မှုအဆင့်၌သာ ရှိသည့်အခြေအနေဖြစ်သဖြင့် အန္တရာယ်ဖြစ်ပွားနိုင်ခြေ သို့မဟုတ် အန္တရာယ်ဖြစ်နိုင်ခြေဟူ၍ ပြန်ဆိုပါက အသင့်တော်ဆုံးဖြစ်မည်ဟု ယူဆရသဖြင့် ဤဆောင်းပါးတွင် "အန္တရာယ်ဖြစ်နိုင်ခြေ" ဆိုသည့်စကားရပ်ကို သုံးနှုန်းသွားမည် ဖြစ်ပါသည်။

"အန္တရာယ်ဖြစ်နိုင်ခြေ" ဆိုသည့်စကားရပ်ကို ဂျပန်လူမျိုးများ၏နေ့စဉ်ဘဝတွင် "အန္တရာယ်ချောက်ကမ်းပါး"၊ "အန္တရာယ်ရှိသောနိုင်ငံ" စသည်ဖြင့် မကြာခဏသုံးစွဲလျက်ရှိသည်ဟု ဆိုသည်။ သို့သော် "အန္တရာယ်ဖြစ်နိုင်ခြေ"ဟူသည်ကို ဂျပန်နိုင်ငံတွင် "အန္တရာယ်ပုံရိပ်" ဟုသဘောရပြီး ဥရောပနှင့် အမေရိကန်တွင် ဆိုးရွားသောဖြစ်ရပ်ဖြစ်ပွားနိုင်သည့် "ဖြစ်နိုင်ခြေ" အဖြစ်သာ သဘောရသည်။ "အန္တရာယ်ဖြစ်နိုင်ခြေ" ဟူသော မူရင်းစကားရပ်ကို အမျိုးမျိုးသောအဓိပ္ပာယ်ဖွင့်ဆိုမှုများ အဆိုပြုကြသည့်အနက် အီတလီတွင် စွန့်စားခြင်း (Risicare)သို့မဟုတ်ဘေးအန္တရာယ်(Risico)ဟူ၍လည်းကောင်း၊ စပိန်တွင် ချောက်ကမ်းပါး (Risco) ဟူ၍လည်းကောင်း ဖွင့်ဆိုကြပြီး သေချာစွာ ရှင်းလင်းနိုင်မှု မရှိသေးချေ။

မည်သို့ပင်ဆိုစေ "အန္တရာယ်ဖြစ်နိုင်ခြေ" ဟူသော အယူအဆဖြစ်ပေါ်လာခဲ့ခြင်းက ရေကြောင်းသွားလာမှုနှင့် ရေကြောင်းကုန်သွယ်မှုဆိုင်ရာ ရေကြောင်းလောကအပေါ် ကြီးမားစွာအကျိုးသက်ရောက်လျက် ရှိပေသည်။ ဥပမာအားဖြင့် ၁၇ ရာစုနှောင်းပိုင်းက လန်ဒန်ရှိ Edward Lloyd က စီမံခန့်ခွဲသည့် လွိုက်ကော်ဖီဆိုင်အကြောင်းနှင့်ပတ်သက်၍ လူအများသိရှိကြပြီးဖြစ်သကဲ့သို့ ပင်လယ်ကူးသင်္ဘောသားများနှင့် ကုန်သည်များထံမှ ရရှိသည့်သတင်းအချက်အလက်များကို ကောက်ယူ၍ သတင်းစာအဖြစ် ထုတ်ဝေခဲ့ကြပြီး အန္တရာယ်ဖြစ်နိုင်ခြေရှိမှုအပေါ် အခြေခံသည့် ရေကြောင်းမတော်တဆမှု အာမခံစနစ် စတင်ပေါ်ထွန်းလာခဲ့ခြင်းပင် ဖြစ်သည်။

စာရေးသူက အထူးသဖြင့် ရေကြောင်းလောကနှင့်သက်ဆိုင်သော အန္တရာယ်ဖြစ်နိုင်ခြေ အကဲဖြတ်ခြင်းနှင့် ပတ်သက်သည့်အယူအဆနှင့် လက်တွေ့နည်းလမ်းများကို မိတ်ဆက်ပေးလိုရင်းဖြစ်သည်။ ဆက်လက်၍အနာဂတ်တွင် ချဲ့ထွင်လာမည့်စီးပွားရေးကဏ္ဍအထိ ထည့်သွင်းဆွေးနွေးထားသည်။

ဤနေရာတွင် အန္တရာယ်ဖြစ်နိုင်ခြေ အကဲဖြတ်ခြင်း (Risk Assessment)နှင့် အန္တရာယ်ဖြစ်နိုင်ခြေ ဆန်းစစ်ခြင်း (Risk Evaluation)တို့ကိုအတူ ယဉ်တွဲမှတ်သားထားနိုင်သည်။ အဆိုပါစကားရပ်နှစ်ခုမှာ ဆင်တူသလိုနှင့် အဓိပ္ပာယ်ကွဲပြားသည်။ ဆန်းစစ်ခြင်းဆိုသည်မှာ ဆန်းစစ်မှုပြုခြင်း သက်သက်သာဖြစ်ပြီး အကဲဖြတ်ခြင်းမှာ ထိုဆန်းစစ်ခြင်းရလဒ်များအပေါ် စဉ်းစားသုံးသပ်၍ ချင့်ချိန်ဆုံးဖြတ်နိုင်ရန်ဖြစ်သည်။ ချင့်ချိန်ဆုံးဖြတ်ခြင်းမှာလည်း ဤဆောင်းပါးတွင် ပါဝင်မည်ဖြစ်သောကြောင့် အသုံးအနှုန်းနှစ်ခု ရှုပ်ထွေးမှုမဖြစ်စေရန် "အန္တရာယ်ဖြစ်နိုင်ခြေအကဲဖြတ်ခြင်း" ဟုသာ ဆက်လက်သုံးနှုန်းသွားပါမည်။

### အန္တရာယ်ကင်းရှင်းရေး

အန္တရာယ်ကင်းရှင်းရေးဆိုသည်မှာ

"SAFETY FIRST-အန္တရာယ်ကင်းရှင်းရေးပထမ" ဆိုသောဆောင်ပုဒ်ကို မြို့ကြီးပြကြီးများတွင် တွေ့ရတတ်သည်။ ဤဆောင်ပုဒ်၏ မူလအစမှာ ၁၉၀၁ ခုနှစ်အချိန်က ကမ္ဘာ့ထိပ်တန်း သံမဏိကုမ္ပဏီကြီးဖြစ်သော US Steel ၏ဥက္ကဋ္ဌဖြစ်ခဲ့သည့် Elbert Henry

Gary ဖြစ်သည်။ ၎င်း၏ကုမ္ပဏီသည် စက်မှုလုပ်ငန်းခွင် မတော်တဆမှုများကို လျှော့ချရန် ပျက်ကွက်သဖြင့် ဆုံးရှုံးမှုများကို ခံစားခဲ့ရပြီး စက်မှုလုပ်ငန်းဆိုင်ရာ အထွေထွေစီမံခန့်ခွဲမှု မူဝါဒကို ပြန်လည်ပြင်ဆင်ခဲ့သည်။ ယခင်က "ထုတ်လုပ်မှု ပထမ၊ အရည်အသွေး ဒုတိယ၊ အန္တရာယ်ကင်းရှင်းရေး တတိယ"ဟူသော မူဝါဒမှ "အန္တရာယ်ကင်းရှင်းရေး ပထမ၊ အရည်အသွေး ဒုတိယ၊ ထုတ်လုပ်မှု တတိယ" မူဝါဒအဖြစ် ပြောင်းလဲပစ်ခဲ့သည်။ ယင်းသို့ စီမံခန့်ခွဲမှု မူဝါဒပြောင်းလဲခဲ့သဖြင့် မတော်တဆမှုများကို လျှော့ချနိုင်ခဲ့ရုံသာမက စစ်အတွင်းအလုပ်သမားရှားပါးမှုကြားမှ အရည်အသွေးကောင်းမွန်စွာ ကုန်ထုတ်စွမ်းအားမြှင့်တင်နိုင်ခဲ့ပြီး နောက်ပိုင်းတွင် "Safety First" ဟူသော ဆောင်ပုဒ်သည် ကမ္ဘာအဝှမ်း ပျံ့နှံ့သွားခဲ့သည်။

"အန္တရာယ်ကင်းရှင်းရေး ပထမ" ဆိုသည်ကို လူသားတို့အတွက် စိန်ခေါ်မှုတစ်ခုဖြစ်ကြောင်း သဘောပေါက်ကြလင့်ကစား "Safety" ဟူသည့်စကားရပ်မှာ ယေဘုယျဆန်ပြီး မြန်မာလိုအနက်အဓိပ္ပာယ်ရှင်းလင်းတိကျစွာ ဖွင့်ဆိုရန် ခဲယဉ်းလှသည်။ ပြောင်းပြန်အားဖြင့် "အန္တရာယ်" ဟူသည့်စကားလုံးက ထင်လင်းမြင်သာသည်။ ဥပမာအားဖြင့် "အန္တရာယ်ကင်းရှင်းရေး"သည် ထိခိုက်ဒဏ်ရာမတော်တဆမှုများတွင် ရှင်းလင်းမြင်သာပြီး ယင်းဆိုလိုရင်းမှာလည်း လက်တွေ့ကျသည်။ ထို့ကြောင့် "အန္တရာယ်"ဟူသော ရှုထောင့်မှ "အန္တရာယ်ကင်းရှင်းရေး"ကို အဓိပ္ပာယ်ဖွင့်ဆိုခြင်းမှာ သင့်လျော်မှုရှိပေသည်။

ISO/IEC Guide အရ "အန္တရာယ်ကင်းရှင်းရေး" ဆိုသည်မှာ သည်းမခံနိုင်သော အန္တရာယ်ဖြစ်နိုင်ခြေမှ ကင်းဝေးခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ မှတ်ချက်ပြုထားသည်မှာ သည်းခံနိုင်သော အန္တရာယ်ဖြစ်နိုင်ခြေ (Tolerble Risk) နှင့် လက်ခံနိုင်သောအန္တရာယ်ဖြစ်နိုင်ခြေ (Acceptable Risk) တို့ကို အနက်တူညီသည်ဟုမှတ်ယူထားသည်။ အလားတူ ဂျပန်နိုင်ငံ၏ စံနှုန်းသတ်မှတ်ချက် (JIS Standard) အရ "အန္တရာယ်ကင်းရှင်းရေး" ဆိုသည်မှာ လူသို့မဟုတ် ပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သည့် အန္တရာယ်ဖြစ်နိုင်ခြေမှာ သည်းခံနိုင်သော အဆင့်တွင်ရှိခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ မည်သို့ဆိုစေ အန္တရာယ်ကင်းရှင်းသည်ဟုယူဆရသောအခြေအနေတစ်ခုခု၌ပင် အန္တရာယ်ဖြစ်နိုင်ခြေ အဆင့်တစ်ခုခုတွင် ရှိနေဆဲဖြစ်သည်။ သို့ဖြစ်၍ "အန္တရာယ်ကင်းရှင်းရေး" ဆိုသည့် အနေအထားမှာ လက်ခံနိုင်သော သို့မဟုတ် သည်းခံနိုင်သော အဆင့်တစ်ခုအထိ လျှော့ချထားသည့် အန္တရာယ်ဖြစ်နိုင်ခြေအဆင့်တွင် ရှိနေမည်ဖြစ်သည်။ ဤနေရာတွင် "အကြွင်းမဲ့အန္တရာယ်ကင်းရှင်းရေး"(အန္တရာယ်ဖြစ်နိုင်ခြေသုည) အယူအဆကို အစကတည်းက စွန့်ပယ်ထားပြီးဖြစ်ကြောင်း ကမ္ဘာတစ်ဝှမ်းတွင် အများစုက လက်ခံပြီး ဖြစ်ပါသည်။

### လုံခြုံရေးနှင့် အန္တရာယ်ကင်းရှင်းရေး

မကြာသေးမီနှစ်များအတွင်း "နိုင်ငံသားများ ဘေးကင်းလုံခြုံရေး" ဆိုသည့်ဆောင်ပုဒ်တွင် တွေ့မြင်ရသည့် "လုံခြုံရေး" နှင့် "အန္တရာယ်ကင်းရှင်းရေး" ဟူသည့် စကားလုံးများကို မကြာခဏဆိုသလို ပူးတွဲသုံးနှုန်းလျက်ရှိလာကြသည်။ "လုံခြုံရေး" နှင့် "အန္တရာယ်ကင်းရှင်းရေး" မည်သို့ကွာခြားသနည်း။

ဂျပန်စကားတွင် Anzen (安全) ဆိုသည်မှာ "အန္တရာယ်ကင်းရှင်းရေး" ဖြစ်ပြီး Anshin (安心) ဆိုသည်မှာ "လုံခြုံရေး" ကိုဆိုသည်။ ၎င်းတို့အနေဖြင့် ဘာသာပြန်ဆိုရန် ပို၍ခက်ခဲသည်ဟု ဆိုသည်။

မြန်မာနိုင်ငံတွင်မူ "ဘေးအန္တရာယ်" ဟူသောစကားကိုမကြာခဏသုံးစွဲလေ့ရှိကြသည်။ "ဘေး" ဟူသောစကားသည် "ကပ်ဘေး"၊ "ကပ်ရောဂါဘေး"၊ "သဘာဝကပ်ဘေး" ဟူသည့် အသုံးအနှုန်းများ ရှိသလို "ဘေးဥပါဒ်" သို့မဟုတ် "ဘေးဥပါဒ်အန္တရာယ်" ဟူ၍လည်းသုံးနှုန်းကြသည်။ ထို့ကြောင့် "ဘေးအန္တရာယ်" ဟူသော အသုံးအနှုန်းကို ရောဂါဖြစ်ပွားမှု၊ သဘာဝဘေးအန္တရာယ်စသည်တို့နှင့် ရောထွေးနိုင်သဖြင့် "Safety" ဆိုသည့်စကားရပ်ကို "ဘေးကင်းရေး" ဆိုသည့် အသုံးအနှုန်းအစား "အန္တရာယ်ကင်းရှင်းရေး" ဟူ၍လည်းကောင်း၊ "Security" ကို "လုံခြုံရေး" ဟူ၍လည်းကောင်း သုံးစွဲသွားမည် ဖြစ်ပါသည်။

### အန္တရာယ်ကင်းရှင်းရေးအဆင့်များ

အကြွင်းမဲ့ အန္တရာယ်ကင်းရှင်းရေးဆိုသည့် အခြေအနေမှာ မရှိနိုင်သည့်အတွက် အန္တရာယ်ဖြစ်နိုင်ခြေမည်မျှလောက် လျှော့ချထားနိုင်လျှင် အန္တရာယ်ကင်းရှင်းသည့် အနေအထားဟု ခေါ်ဆိုနိုင်မည်နည်း။

"အန္တရာယ်ကင်းရှင်းရေး" ဆိုသည့် အဓိပ္ပာယ်ကို ဖွင့်ဆိုရာတွင် "လက်ခံနိုင်သော" သို့မဟုတ် "သည်းခံနိုင်သော" ဟူသည့်စကားရပ်များကို သုံးနှုန်းထားပြီး ISO/IEC Guide အရ အဓိပ္ပာယ်ဖွင့်ဆိုရာတွင်လူ့အဖွဲ့အစည်းကလက်ခံသည့်လက်ရှိတန်ဖိုးထားမှုအပေါ်တွင် အခြေခံ၍ "သည်းခံနိုင်သော အန္တရာယ်ဖြစ်နိုင်ခြေ" ကို သတ်မှတ်သည်။ မည်မျှလောက် အန္တရာယ်ဖြစ်နိုင်ခြေ လျှော့ချလျှင် အန္တရာယ်ကင်းရှင်းသည့် အဆင့်ရောက်ပြီဟု ခေါ်ဆိုရန် ရှင်းလင်းပြတ်သားသည့် စံနမူနာဟူ၍ သတ်မှတ်ချက်မရှိဘဲ အန္တရာယ်ဖြစ်နိုင်ခြေပမာဏ၊ အဆင်ပြေမှု၊ ကုန်ကျစရိတ်နှင့် အခြားသောအချက်များ၏ ချိန်ခွင်လျှာအပေါ် အခြေခံ၍ "အန္တရာယ်ကင်းရှင်းရေး" ကို ဆုံးဖြတ်သည်။

အောက်ပါတို့သည် ပုံမှန်အားဖြင့် စံနမူနာသတ်မှတ်ချက် ဥပမာများ ဖြစ်သည်-

(က) အန္တရာယ်ဖြစ်နိုင်ခြေနှင့်အသုံးဝင်မှုစံနှုန်း
(Risk-utility Criterion)

ထုတ်ကုန်တစ်ခု၏ အသုံးဝင်မှု၊ အားသာချက်များနှင့် အဆင်ပြေမှုနှင့် ထိုထုတ်ကုန်အသုံးပြုမှုနှင့် ဆက်စပ်နေသောအန္တရာယ်ဖြစ်နိုင်ခြေများကို နှိုင်းယှဉ်ခြင်းဖြင့် လက်ခံနိုင်မှုကို ချင့်ချိန်ဆုံးဖြတ်ခြင်း သဘောတရား။

(ခ) ကုန်ကျစရိတ်နှင့်အကျိုးရှိမှုစံနှုန်း
(Cost-benefit Critevrion)

အန္တရာယ်ဖြစ်နိုင်ခြေ လျှော့ချရေးအစီအမံများကို အကောင်

အထည်ဖော်ဆောင်ရန် လိုအပ်သောကုန်ကျစရိတ်နှင့် ရရှိနိုင်သော အကျိုးကျေးဇူးများနှင့် အသုံးဝင်မှုတို့ကို နှိုင်းယှဉ်ခြင်းဖြင့် အန္တရာယ်ဖြစ်နိုင်ခြေမည်မျှအထိ လျှော့ချသင့်သည်ကို ချင့်ချိန်ဆုံးဖြတ်ခြင်း သဘောတရား။

(ဂ) စားသုံးသူကမျှော်လင့်သည့်စံနှုန်း

(Consumer Expectation Criterion)

သာမန်စားသုံးသူများက ကျိုးကြောင်းဆီလျော်စွာ မျှော်လင့်ထားသည့် အန္တရာယ်ကင်းရှင်းရေးအပေါ် အခြေခံသည့်စံသတ်မှတ်ချက်၊ အများ(ဘုံ)သဘောကို အခြေခံ၍ ထိန်းသိမ်းထားရှိရမည့် အန္တရာယ်ဖြစ်နိုင်ခြေအနည်းဆုံးအဆင့်ကိုသတ်မှတ်သည့်သဘောတရား။

(ဃ)စံချိန်စံညွှန်းကွဲလွဲမှုစံနှုန်း

(Deviation-from-standard Criterion)

စံချိန်စံညွှန်းများ သို့မဟုတ် ဥပဒေအရ သတ်မှတ်ထားသည့် လိုအပ်ချက်များရှိနေသည့်ကိစ္စရပ်များတွင် အဆိုပါလိုအပ်ချက်များ ကျေနပ်ဖွယ်ဖြည့်ဆည်းထားလျှင် အန္တရာယ်ကင်းရှင်းရေးအဆင့်ဟု လက်ခံနိုင်သည့် သဘောတရား။

မတော်တဆမှုဖြစ်ပွားမှုဆိုင်ရာ ဝေါဟာရများ

အန္တရာယ်ကင်းရှင်းရေး အင်ဂျင်နီယာနယ်ပယ်၌ မတော်တဆမှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် အောက်ဖော်ပြပါ ဝေါဟာရများကို အသုံးပြုပါသည်။

“Hazard (ဖြစ်ပွားနိုင်သည့်အန္တရာယ်)”သည် မကြာသေးမီနှစ်များအတွင်း မကြာခဏ ကြားရလေ့ရှိသည့်စကားလုံး ဖြစ်သည်။ ဥပမာအားဖြင့် “Hazard Map (ဖြစ်ပွားနိုင်သည့်အန္တရာယ်ပြမြေပုံ)”။ သို့သော် ၎င်းသည် လူ့အသက်အန္တရာယ်ကို ခြိမ်းခြောက်ခြင်းစသည်ဖြင့် ဖော်ပြသည်။ မတော်တဆမှုဖြစ်စေနိုင်သည့်အကြောင်းခြင်းရာများ သို့မဟုတ် အခြေအနေများကြောင့် အန္တရာယ်ရှိနိုင်သော အနေအထားများ၊ အန္တရာယ်အကြောင်းခြင်းရာများကို ရည်ညွှန်းသည်။ နှင်းများ အေးခဲဖုံးလွှမ်းနေသော လမ်း၊ မြစ်ကမ်းပါးအနီးရှိ အိမ်နှင့် Notebook PC ဘေးရှိကော်ဖီခွက်တို့သည် သမရိုးကျ ဥပမာများဖြစ်သည်။ ဖြစ်ပွားနိုင်သည့်အန္တရာယ်နှင့် အန္တရာယ်ဖြစ်နိုင်ခြေကိုလည်းတစ်ခါတစ်ရံ အပြန်အလှန် အသုံးပြုလေ့ရှိကြသော်လည်း အန္တရာယ်ဖြစ်နိုင်ခြေအကဲဖြတ်ခြင်း၏ရှုထောင့်မှ ကြည့်လျှင် ၎င်းတို့သည် ကွဲပြားသောဝေါဟာရများ ဖြစ်သည်။ ဆိုလိုသည်မှာ “ဖြစ်ပွားနိုင်သည့် အန္တရာယ်”သည် သဘာဝဘေးအန္တရာယ်များ၊ ဓာတ်အားပြတ်တောက်မှု၊ အဆောက်အအုံများ ယိုယွင်းပျက်စီးမှုနှင့်အလားတူ အရာများ၏ အန္တရာယ် သို့မဟုတ် အန္တရာယ်ရှိသောသဘာဝကိုဖော်ပြပြီး “အန္တရာယ်ဖြစ်နိုင်ခြေ” သည် ဆိုးကျိုးများဖြစ်ပွားနိုင်သည့် ဖြစ်နိုင်ခြေအတိုင်းအတာ ဖြစ်သည်။ တစ်နည်းဆိုရသော် ဖြစ်ပွားနိုင်သည့်အန္တရာယ် (Hazard) မရှိလျှင် အန္တရာယ်ဖြစ်



# အန္တရာယ်ဖြစ်နိုင်ခြေကို တွက်ချက်ရာတွင် ဖြစ်စဉ်ကြိမ်နှုန်းနှင့် အကျိုးသက်ရောက်မှုတို့၏ သာမန်မြှောက်လဒ်မျှသာ မဟုတ်ဘဲ တန်ဖိုးအသီးသီး၏ အတိမ်အနက်ကို ထည့်သွင်း စဉ်းစား၍ ဆင့်ပွားတည်မှီချက်များကို ခွဲခြမ်းစိပ်ဖြာ၍ အသေးစိတ်ထပ်မံ တွက်ချက်ရန် လိုအပ်...

နိုင်ခြေ (Risk) လည်း ရှိမည် မဟုတ်ပါ။

"ဘေးအန္တရာယ် (Peril)"သည် ပျက်စီးဆုံးရှုံးမှု၏ တိုက်ရိုက်အကြောင်းတရားဖြစ်သည်။ ၎င်းသည် အန္တရာယ်ဖြစ်စေသော အကြောင်းရင်းအားလုံးကို ညွှန်ပြပြီး မီးလောင်မှု၊ ပေါက်ကွဲမှု၊ ယာဉ်မတော်တဆမှုစသည်တို့ သို့မဟုတ် ၎င်းတို့ကိုဖြစ်စေသော မတော်တဆမှုများကဲ့သို့သောပျက်စီးဆုံးရှုံးမှုသို့မဟုတ်ပျက်စီးဆုံးရှုံးမှုများကိုဖြစ်စေသည့် မတော်တဆမှုများကို ရည်ညွှန်းသည်။ ဥပမာ - မီးလောင်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ လေမုန်တိုင်းကျခြင်း၊ ယာဉ်တိုက်မှု၊ ရေကြီးခြင်းအစရှိသည်တို့ ဖြစ်သည်။

အထက်ဖော်ပြပါအတိုင်း "အကျိုးဆက်" သည် မတော်တဆမှုတစ်ခု၏ ပြင်းထန်မှုအတိုင်းအတာကို ဖော်ပြသည်။ ကိစ္စရပ်အများအပြားတွင် အကျိုးဆက်သည် လူသေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရမှု သို့မဟုတ် ပျက်စီးဆုံးရှုံးမှု တန်ဖိုးဟူသော အသုံးအနှုန်းများဖြင့် သတ်မှတ်သည်။

"ဟာရီကိန်းမုန်တိုင်းကြောင့်ရေနံတွင်းတူးစင်တစ်ခုပျက်စီးသွားသောအခါ လူသုံးဦးသေဆုံးသည်"ဆိုသည့် မတော်တဆမှုတစ်ခုတွင် ဖြစ်ပွားသည့်အန္တရာယ်မှာ ဟာရီကိန်းဖြစ်၍ ဘေးအန္တရာယ်မှာ ရေနံစင်ကို ဖျက်ဆီးခြင်းဖြစ်ပြီး အကျိုးဆက်မှာ လူ သုံးဦး သေဆုံးခြင်းဖြစ်သည်။

ဖြစ်ပွားမှုကြိမ်နှုန်း (Frequency/Likelihood/Probability)

ဖြစ်ပွားမှုကြိမ်နှုန်းသည်ဖြစ်နိုင်ခြေတစ်ခုဖြစ်ပြီး သုည သို့မဟုတ် တစ် တခွင်အတွင်း တန်ဖိုးတစ်ခုပါရှိသော အတိုင်းအတာဖြင့် မဖော်ပြနိုင်သော အရေအတွက်တစ်ခု ဖြစ်သည်။ ဖြစ်ပွားနိုင်ခြေကို တွက်ချက်ရာတွင် ပထမဦးစွာ ရည်ညွှန်းကာလ သတ်မှတ်ရန်လိုသည်။ (ဥပမာ-၁ နာရီ၊ ၁ နှစ်၊ ခရီးစဉ် ၁ ကြိမ် စသည်ဖြင့်)။ သဘော်နှင့် သက်ဆိုင်သည့်ကိစ္စရပ်တွင် ရည်ညွှန်းသောကာလများကို အချို့ကိစ္စများ၌ သင်္ဘောတစ်စီးချင်း နှစ်အလိုက်သော်လည်းကောင်း၊ အလုပ်ချိန် အလိုက်သော်လည်းကောင်း စသည်ဖြင့် အသုံးပြုကြသည်။

ဖြစ်ပွားမှုအကြိမ်ရေသည် ဖြစ်နိုင်ခြေတစ်ခုဖြစ်သောကြောင့် ၎င်းသည်ပုံမှန်အခြေအနေများ၌ပင် အချိန်မရွေးမတော်တဆမှုဖြစ်နိုင်သဖြင့် ပမာဏ နည်းကောင်းနည်းမည် ဖြစ်သော်လည်း တန်ဖိုးတစ်ခုခုရှိနေမည်ဖြစ်ပြီး သုညတော့မဟုတ်ပါ။ သို့ဖြစ်၍ထိုတန်ဖိုး၏ အဓိပ္ပါယ်ကို နားမလည်ဘဲ ပုံသေကိုင်ဆုပ်ပြီး အခြေတည်အသုံးပြု၍ ဆွေးနွေးပါက လက်တွေ့ရလဒ်နှင့် အလှမ်းဝေးနေမည် ဖြစ်ပေသည်။

သက်ရောက်မှုအကျိုးဆက် (Consequence/Impact)

သက်ရောက်မှုအကျိုးဆက်ကို အတိုင်းအတာ မည်မျှထိခိုက်ပျက်စီးနိုင်သနည်း၊ ပြင်းထန်မှုပမာဏပေါ် မူတည်၍ ဆုံးဖြတ်သည်။ ထို့ပြင် မတော်တဆမှု ဖြစ်ပွားပြီးနောက် နောက်ဆက်တွဲဖြစ်ပွားနိုင်မှုအခြေအနေနှင့် ယင်း၏ ပြင်းထန်မှုတို့ကို ဆိုသည်။

ထိခိုက်ပျက်စီးဆုံးရှုံးမှု အကျိုးဆက်ကို တွက်ချက်ရာတွင်လည်း ငွေကြေးအရ ဆုံးရှုံးမှု၊ လူ့အသက်ဆုံးရှုံးမှုတို့အပြင် လူမှု၊ စီးပွား၊ ပတ်ဝန်းကျင်နှင့် အထင်ကရရှိမှုတို့အပေါ် အကျိုးသက်ရောက်မှု ("Social, Economic, Environment and Symbolic Impact") တို့ကိုပါ ထည့်သွင်းတွက်ချက်သည်။ ဤတွင် အထင်ကရရှိမှုအပေါ် ထိခိုက်မှု (Symbolic Impact) ဆိုသည်မှာ အထင်ကရနေရာများကို တိုက်ခိုက်ခံရသဖြင့် ပုံရိပ်ထိခိုက်ခြင်းမျိုးကို ဆိုသည်။

ထို့အပြင်ထိခိုက်လွယ်မှု (Vulnerability)ကိုထည့်သွင်းတွက်ချက်ရန် လိုအပ်ပြီးယင်းမှာ အချက်နှစ်ချက်အပေါ် တည်မှီနေသည်။ တစ်ခုမှာ အလွယ်တကူဖျက်ဆီးခြင်း မခံရစေရန် လိုအပ်သော လုံခြုံရေးဆိုင်ရာ အဆောက်အအုံနှင့် အရံအတားများ (Hardware infrastructure) ထားရှိခြင်းဖြစ်ပြီး အခြားတစ်ခုမှာ လုံခြုံရေးဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်နိုင်ရည်နှင့် ကျွမ်းကျင်မှု (Soft skills) ရှိခြင်းကို ဆိုသည်။

အချုပ်အားဖြင့်ဆိုသော် အန္တရာယ်ဖြစ်နိုင်ခြေကို တွက်ချက်ရာတွင် ဖြစ်စဉ်ကြိမ်နှုန်းနှင့် အကျိုးသက်ရောက်မှုတို့၏ သာမန်မြှောက်လဒ်မျှသာ မဟုတ်ဘဲ တန်ဖိုးအသီးသီး၏ အတိမ်အနက်ကို ထည့်သွင်းစဉ်းစား၍ ဆင့်ပွားတည်မှီချက်များကို ခွဲခြမ်းစိပ်ဖြာ၍ အသေးစိတ်ထပ်မံ တွက်ချက်ရန် လိုအပ်မည် ဖြစ်ပါသည်။

**(ဆက်လက်ဖော်ပြပါမည်)**

(Kenkichi TAMURA ရေးသားသည့် ၂၀၂၂ ခုနှစ်ထုတ် ClassNK Technical Journal အတွဲ(၂) No.6 "Dealing Skillfully with Risk" ကိုမှီငြမ်းပြန်ဆိုသည်။)

**ကပ္ပတိန်ကိုကို**

# ဒုတိယဝန်ကြီး (ပို့ဆောင်ရေး) ဦးအောင်ကျော်ထွန်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးရှိ ဒလသင်္ဘောကျင်း၊ မြန်မာ့သင်္ဘောကျင်းလုပ်ငန်းနှင့် The Myanmar Terminal (TMT) ဆိပ်ကမ်းတံတားမှ ရခိုင်ပြည်နယ်၊ စစ်တွေမြို့သို့ ကူညီကယ်ဆယ်ရေးပစ္စည်းများ တင်ဆောင်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေး

**မိုးရာသီရောက်ရှိလာပြီ ဖြစ်၍သဘာဝ ဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေးအတွက် စီမံချက်ပါအတိုင်း စနစ်တကျ ကြိုတင် ပြင်ဆင်ထားကြရန်လို...**



ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် ၂၀၂၃ ခုနှစ်ဇွန်လ ၃ ရက်နေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးရှိ ဒလသင်္ဘောကျင်းသို့သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ဒလသင်္ဘောကျင်း အင်ဂျင်နီယာမှူးကြီးက နိုင်ငံတော်အကြီးအကဲနှင့် ပြည်ထောင်စုဝန်ကြီးတို့၏ လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဒလသင်္ဘောကျင်း၏ လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက မှာကြားရာ၌ မေလ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၃) အစည်းအဝေး၌ နိုင်ငံတော်အကြီးအကဲက ပြည်သူ့ပို့ဆောင်ရေးစနစ်ဖြစ်သည့် ရေကြောင်းပို့ဆောင်ရေးတွင် အဓိကကျသော သင်္ဘောများ လုံခြုံချောမွေ့စွာဖြင့် ကျယ်ကျယ်ပြန့်ပြန့်ပြေးဆွဲနိုင်ရေးနှင့် သင်္ဘောများ ကြံ့ခိုင်ကောင်းမွန်မှုရှိအောင် ဆောင်ရွက်ရေး မှာကြားထားပါကြောင်း၊ ထို့ကြောင့်အကြီးအကဲ၏လမ်းညွှန်ချက်များအပေါ် ဘဏ္ဍာရေးနှစ်အလိုက်စီမံချက်များ ချမှတ်ပြီးလျာထားအကောင်အထည်ဖော် ဆောင်ရွက်ရန်၊ လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ တာဝန်ရှိသူအဆင့်ဆင့်က အနီးကပ်ကြီးကြပ်ဆောင်ရွက်ပြီး လုပ်ငန်းများလျာထားချက်အတိုင်း အချိန်မီဆောင်ရွက် ပြီးစီးနိုင်ရေး အလေးထားဆောင်ရွက်သွားကြရန်၊ အချင်းချင်းစည်းလုံးညီညွတ်မှုရှိရန်၊ ပါတီနိုင်ငံရေးနှင့်ကင်းရှင်းစွာ နေထိုင်ရန်၊ နိုင်ငံတော်ပိုင်ပစ္စည်းဥစ္စာနှင့်ဘဏ္ဍာငွေများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး ထိန်းသိမ်းစောင့်ရှောက်ကြရန်၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ထုတ်ပြန်ထားသော စံသတ်မှတ်ချက်များနှင့်အညီ ဂရုပြုဆောင်ရွက်ကြရန်နှင့် မိုးရာသီ ရောက်ရှိလာပြီဖြစ်၍ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် စီမံချက်ပါအတိုင်း စနစ်တကျ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားကြရန်လိုကြောင်း မှာကြားခဲ့ပြီး ဒလသင်္ဘောကျင်းရှိ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။ ယင်းနောက် ဒုတိယဝန်ကြီးသည် ဒလသင်္ဘောကျင်းရှိ ရေယာဉ် ပြင်ဆင်နေမှုအခြေအနေများ၊ စက်ရုံ၊ အလုပ်ရုံနှင့် လွန်းလမ်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

နေ့လယ်ပိုင်းတွင် ဒုတိယဝန်ကြီးသည် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းသို့ သွားရောက်ခဲ့ပြီး ဦးဆောင်ညွှန်ကြားရေးမှူးက မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၏ ရေယာဉ် တည်ဆောက်ခြင်း၊ ပြုပြင်ခြင်းနှင့် အခြားလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ရှင်း



လင်းတင်ပြသည်။ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်(၁၀)ပါးနှင့်အညီ လိုက်နာနေထိုင်သွားကြရန်ဖြစ်ကြောင်း၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး အထူးဂရုပြုဆောင်ရွက်ရန်နှင့် လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာဖြင့်ပြီးစီးအောင်ဆောင်ရွက်ရန်လိုကြောင်း မှာကြားခဲ့ပြီး ဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။ ထို့နောက် ဒုတိယဝန်ကြီးသည် တန်ချိန် ၁၂၀၀၀ ရေလုံလွန်းကျင်းတွင် ကမ်းရိုးတန်းသွားတွဲရေယာဉ်(၂)စီး လွန်းတင်ပြုပြင်နေမှုအခြေအနေ၊ မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့က ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာနအဖြစ် အသိအမှတ်ပြုထားသည့် မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၊ ဂဟေလေ့ကျင့်ရေးသင်တန်းကျောင်းတွင် ဂဟေပညာရပ် လက်တွေ့သင်ကြားလေ့ကျင့်နေမှု အခြေအနေများကိုလိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီးတာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့သည်။

အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် မိုခါမုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုများရှိခဲ့သည့် ရခိုင်ပြည်နယ်သို့ ကူညီကယ်ဆယ်ရေးပစ္စည်းများကိုရေယာဉ်၊ လေယာဉ်၊ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် ၂၀၂၃ ခုနှစ် ဇွန်လ ၃ ရက်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့၊ The Myanmar Terminal (TMT)ဆိပ်ကမ်းတံတားမှ ရခိုင်ပြည်နယ်၊ စစ်တွေမြို့သို့ "MV Royal Venus" နှင့် "MV Weru Pack Kha" သင်္ဘောများဖြင့် ကူညီကယ်ဆယ်ရေးပစ္စည်းများတင်ဆောင်နေမှု အခြေအနေကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့အား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အထွေထွေမန်နေဂျာ ဦးဇော်ထွန်းလွင်နှင့်တာဝန်ရှိသူများက The Myanmar Terminal (TMT) ဆိပ်ကမ်းတံတားမှ ကြိုဆိုခဲ့ကြပြီး၊ ရှင်းလင်းဆောင်တွင် အထွေထွေမန်နေဂျာက စစ်တွေမြို့သို့ တင်ပို့ပြီးသော သင်္ဘောများနှင့် ကုန်ပစ္စည်းများစာရင်း၊ တင်ဆောင်ဆဲသင်္ဘောများနှင့် ကုန်ပစ္စည်းများစာရင်း၊ ရန်ကုန်မြို့မှ စစ်တွေမြို့သို့ ရေလမ်းကြောင်း အခြေအနေ၊ သင်္ဘောများ အချိန်မီဆိုက်ကပ်ကုန်တင်နိုင်ရေး၊ ထွက်ခွာနိုင်ရေးနှင့် ရေလမ်းကြောင်းဘေးကင်းလုံခြုံရေးတို့အတွက် စစ်ဆေးဆောင်ရွက်ပေးမှုအခြေအနေနှင့် ရေကြောင်းပြမှူးကြီးများ တာဝန်ချထားပေးမှုအခြေအနေတို့ကို ဇယားကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးကသင်္ဘောများ ဆိုက်ကပ်ရာတွင် အန္တရာယ်ကင်းရှင်းစွာဆိုက်ကပ်နိုင်ရေး၊ ကုန်များတင်ဆောင်ရာတွင်လည်း စက်ကိရိယာနှင့် လူအင်အားနိုင်နင်းစွာသုံးစွဲနိုင်ရေးနှင့်ဘေးကင်းလုံခြုံမှုရှိစေရေး၊ သင်္ဘောများ မထွက်ခွာမီ စက်ပိုင်းဆိုင်ရာ၊ ကြံ့ခိုင်မှုပိုင်းဆိုင်ရာ စစ်ဆေးခြင်း၊ ကုန်ပစ္စည်းများ တင်ဆောင်ရာ၌ Balance ဖြစ်စေရေးနှင့် လမ်းခရီးတွင် လှိုင်းဒဏ် လေဒဏ်ခံနိုင်ရေးအတွက် ကြိုတင်စီမံဆောင်ရွက်ခြင်းတို့ကို အလေးထား ဆောင်ရွက်ကြရန်မှာကြားပြီး ဆိပ်ကမ်းတံတားတွင် "MV Royal Venus" နှင့် "MV Weru Pack Kha" သင်္ဘောများ ဆိုက်ကပ်၍ ဌာနအသီးသီးမှ ကူညီကယ်ဆယ်ရေးပစ္စည်းများ တင်ဆောင်နေမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးအားပေးခဲ့ကြောင်း သိရသည်။

**သတင်းအဖွဲ့(ပို့ဆက်)**

■

# မိုးလေဝသခန့်မှန်းချက်များအကြောင်း သိကောင်းစရာ

ဒေါက်တာမေခင်ချော (မိုး/ဇလ)




ယနေ့ကမ္ဘာပေါ်တွင် သဘာဝဘေးအန္တရာယ်များ ကျရောက်မှုကြောင့် နှစ်စဉ် အသက်အိုးအိမ်စည်းစိမ်များစွာ သေကြေပျက်စီးဆုံးရှုံးကြလျက်ရှိပါသည်။ မြန်မာနိုင်ငံသည်လည်း ရေဘေး၊ ဆိုင်ကလုန်းမုန်တိုင်းဘေး၊ မြေပြိုခြင်းဘေး၊ မုန်တိုင်းဒီရေမြင့်တက်ခြင်းဘေး၊ မီးဘေး၊ မိုးခေါင်ရေရှားဘေးစသည့် သဘာဝဘေးအန္တရာယ်များ သက်ရောက်လေ့ရှိသည့် နိုင်ငံတစ်ခု ဖြစ်ပါသည်။ မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ သတင်းအချက်အလက်များအား လူမှုစီးပွားရေးနယ်ပယ်အသီးသီးတွင် ဘေးအန္တရာယ်လျှော့ချရန်နှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးတို့တွင် အထောက်အကူပြုရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ဆောင်ရွက်လျက်ရှိပါသည်။ သဘာဝဘေးအန္တရာယ်တစ်ခု ကျရောက်ပြီးပါက နိုင်ငံများသည် မူလအနေအထားသို့ပြန်လည်ရောက်ရှိရေးအတွက် လူအင်အား၊ ငွေအင်အားများစွာဖြင့် အချိန်ယူ၍ ပြန်လည်တည်ဆောက်ကြရပါသည်။ ထို့ကြောင့် အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်ပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြစ်စေရေးသည် လွန်စွာအရေးကြီးလှပါသည်။ ယခုအချိန်ကာလသည် သတင်းအချက်အလက်နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည့် ကာလဖြစ်သည့်အတွက် မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာ သတင်းအချက်အလက်များ၊ ခန့်မှန်းချက်များအား Social Media ၊ ဝဘ်ပေ့ချ် (Web Page) များမှတစ်ဆင့် လွယ်ကူစွာရယူပြီး ခိုင်မာမှုမရှိသေးသောသတင်းအချက်အလက်များကို ကြိုတင်ခန့်မှန်း ရေးသားဖော်ပြလျက်ရှိနေသည်ကို မကြာခဏတွေ့ရှိနေရမည် ဖြစ်ပါသည်။ ခိုင်မာမှန်ကန်သေချာသော ခန့်မှန်းချက်များဖြစ်ပါက ပြည်သူလူထုအတွက် အကျိုးရှိထိရောက်မည်ဖြစ်သော်လည်း မှန်ကန်သေချာမှုမရှိသော ခန့်မှန်းချက်များ ပြည်သူလူထုထံ ရောက်ရှိသွားမည်ဆိုပါက မလိုလားအပ်သော စိုးရိမ်ထိတ်လန့်မှုများဖြစ်ပေါ်ကာ အစားအသောက်၊ ဆေးဝါးနှင့် လူ့အသုံးအဆောင်ပစ္စည်းများကို စိုးရိမ်စိတ်ဖြင့် ကြိုတင်ဝယ်ယူစုဆောင်းကြသည့်အတွက် နောက်ဆက်တွဲအနေဖြင့် မလိုလားအပ်သောကုန်ဈေးနှုန်းကြီးမြင့်မှုများဖြစ်ပေါ်လာပြီး ငွေကုန်ကျမှုများစွာဖြစ်ပေါ်လာနိုင်ပါသည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် တိကျမှန်ကန်သေချာစွာ ထုတ်ပြန်ပေးနေသည့် နိုင်ငံတော်မှ တရားဝင်ထုတ်ပြန်ချက်များကို စောင့်ကြည့်ရယူပြီး လိုက်နာဆောင်ရွက်သင့်လှပါသည်။

### ကြိုတင်သတိပေးခန့်မှန်းခြင်းဆိုင်ရာလုပ်ငန်းများ

မြန်မာနိုင်ငံ၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနကို ၁၉၃၇ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး နေ့စဉ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းခြင်းများအပြင် လေမုန်တိုင်းတိုက်ခတ်ခြင်း၊ ရေကြီးခြင်း၊ မြေလျှောလှုပ်ခြင်း၊ မုန်တိုင်းဒီရေဝင်ရောက်ခြင်း၊ ဆူနာမီရေလှိုင်း ဝင်ရောက်ခြင်းစသည့် သဘာဝဘေးများအတွက် ကြိုတင်သတိပေးခန့်မှန်းချက်များကို အချိန်မီထုတ်ပြန်ပေးနိုင်ရန်အတွက် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် ဘက်စုံသဘာဝဘေး ကြိုတင်သတိပေးဗဟိုဌာနကို နေပြည်တော်တွင် ထူထောင်ထားရှိပါသည်။ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ကြီးကြပ်လမ်းညွှန်မှုကို ခံယူလျက် မြန်မာနိုင်ငံတွင် ဖြစ်ပွားလေ့ရှိသော သဘာဝဘေးအမျိုးမျိုးတို့အတွက် ကြိုတင်သတိပေးချက်များ၊ ခန့်မှန်းချက်/အခြေအနေသတင်းများကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက် ရှိပါသည်။ ထို့နောက် သက်ဆိုင်ရာလုပ်ငန်း/ဌာနများ၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများသို့ အချိန်နှင့်တစ်ပြေးညီ အစီရင်ခံတင်ပြခြင်း၊ ပြည်သူလူထုကိုအချိန်နှင့်တစ်ပြေးညီသိရှိနိုင်စေရန် တရားဝင်ဝဘ်ဆိုက်နှင့် ဖေ့ဘွတ်များမှထုတ်လွှင့်ခြင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြားတို့

မှတစ်ဆင့် ပြည်သူလူထုထံသို့ အချိန်မီရောက်ရှိစေရန် ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် သတိပေးချက်/ခန့်မှန်းချက်များကို အလိုအလျောက်ဖြေကြားသည့်စနစ်နှင့်လက်ကိုင်ဖုန်းများသို့သတင်းတိုပေးပို့ခြင်းစနစ် (Short Message Service-SMS) တို့ဖြင့်ပေးပို့ခြင်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက် ရှိပါသည်။

ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် မဖြစ်မနေလိုအပ်သည့် လူသားအရင်းအမြစ်များကို ရန်ကုန်တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်တို့နှင့်ပူးပေါင်း၍ မိုးလေဝသနှင့်ဇလဗေဒဘာသာရပ်များကို ဘွဲ့ဒီဂရီသင်တန်းများဖွင့်လှစ်ပို့ချခြင်းဖြင့်လည်းကောင်း၊ ဌာနတွင်း မွမ်းမံသင်တန်းများဖွင့်လှစ်ပို့ချ၍လည်းကောင်း၊ နိုင်ငံတကာသို့ ပညာတော်သင်များအဖြစ် စေလွှတ်၍ နစ်ရှည်လများ ပညာဆည်းပူးသင်ယူစေလျက် မျိုးဆက်သစ်များ မွေးထုတ်ပေးလျက်ရှိပါသည်။ ထိုမျှသာမက မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းခြင်းလုပ်ငန်း တိကျမှန်ကန်စေရေးသည် သင်ယူရရှိလာသော စာတွေ့သင်ခန်းစာများမဖြစ်မနေ လိုအပ်သကဲ့သို့ လုပ်ငန်းခွင်လက်တွေ့ကျွမ်းကျင်မှုများကိုပါ ပေါင်းစပ်ပြီးမှသာ မိုးလေဝသနှင့်သဘာဝဘေးဆိုင်ရာခန့်မှန်းရေးလုပ်ငန်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ် (World Meteorological Organization – WMO) သို့ (၁၉၅၀) ခုနှစ်တွင် တရားဝင်အဖွဲ့ဝင်ဌာနတစ်ခုဖြစ်လာခဲ့ပြီး အပူပိုင်းမုန်တိုင်းအဖွဲ့၏ တရားဝင်အသိအမှတ်ပြုဌာနတစ်ခုလည်း ဖြစ်ပါသည်။ ၁၉၅၀ပြည့်နှစ် မတ်လ ၂၃ ရက်နေ့မှာ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ် ကွန်ဗင်းရှင်းကို အတည်ပြုခဲ့ပြီးနောက် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်ကို ကမ္ဘာ့ကုလသမ္မဂ္ဂအဖွဲ့ကြီး၏ အထူးပြုအဖွဲ့ကြီးတစ်ခုအဖြစ် စတင်ခဲ့ပြီး ယခုအခါ အဖွဲ့ဝင်နိုင်ငံပေါင်း(၁၉၃) နိုင်ငံဖြင့် တစ်ကမ္ဘာလုံးဆိုင်ရာ မိုးလေဝသ၊ ရာသီဥတုလေ့လာရေးနှင့် စောင့်ကြည့်တိုင်းတာရေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ခန့်မှန်းရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်မှ အသိအမှတ်ပြုထားသော မိတ်ဖက်ဒေသတွင်းမိုးလေဝသ အထူးပြုစင်တာကြီးများမှ ခန့်မှန်းချက်များကို အသုံးပြုလေ့လာဆန်းစစ်မှုများပြုလုပ်သကဲ့သို့ မိမိဌာနပိုင် သင်္ချာပုံစံပြုမော်ဒယ်များ အသုံးပြု၍ မြန်မာ့ကမ်းရိုးတန်းဒေသအပါအဝင်တစ်နိုင်ငံလုံးဖြန့်ကျက်တည်ထောင်ထားသောမိုးလေဝသတိုင်းတာရေးစခန်းများမှ တိုင်းတာရရှိသော အချက်အလက်များကိုထပ်မံပေါင်းစပ်ကာ ခန့်မှန်းချက်များကို ထုတ်ပြန်ပေးရပါသည်။ ထို့ ပြင် မန္တလေး၊ ရန်ကုန်နှင့် ကျောက်ဖြူတို့၌ မုန်တိုင်းပြရေဒါများတပ်ဆင်ထားရှိကာ မုန်တိုင်းခန့်မှန်းခြင်း၊ ဂြိုဟ်တုတိမ်ပုံဖမ်းစက်များဖြင့် တိမ်ပုံများဖမ်းယူရရှိပြီး ခေတ်မီနည်းစနစ်များဖြင့် ဘက်ပေါင်းစုံ



မှ လေ့လာဆန်းစစ်ခြင်းများ ပြုလုပ်၍ ခန့်မှန်းချက်များကို အချိန်နှင့် တစ်ပြေးညီ ထုတ်ပြန်ပေးလျက် ရှိပါသည်။

"မိုခါ" (MOCHA) နှင့်ပတ်သက်၍ ကြိုတင်ခန့်မှန်းခြင်း

ယခုနှစ် မေလအတွင်း ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်း ဖြစ်ပေါ်မှုသည် အလွန်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"အဆင့်ထိ အားကောင်းခဲ့ပြီး မြန်မာနိုင်ငံ၊ရခိုင်ကမ်းရိုးတန်းကို စစ်တွေမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပါသည်။ အဆိုပါ အလွန် အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" ဖြစ်ပေါ်စဉ် ခန့်မှန်းချက်များ ထုတ်ပြန်ရာ၌ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်မှ အသိ အမှတ်ပြုထားသော ဒေသတွင်းမုန်တိုင်းအထူးပြု စင်တာကြီးများမှ ခန့်မှန်းချက်များကို အသုံးပြုလေ့လာဆန်းစစ်မှုများ ပြုလုပ်ခဲ့သည့် အပြင် မြန်မာ့ကမ်းရိုးတန်းဒေသအပါအဝင် တစ်နိုင်ငံလုံး ဖြန့်ကျက် တည်ထောင်ထားသော မိုးလေဝသတိုင်းတာရေးစခန်းများမှ တိုင်း တာရရှိသော အချက်အလက်များကို အသုံးပြု၍ မိမိဌာနပိုင်သင်္ချာ ပုံစံပြမော်ဒယ်များဖြင့် ခန့်မှန်းတွက်ချက်ခဲ့ပါသည်။ ထို့ပြင် ဌာနရှိ ရန်ကုန်၊ မန္တလေး၊ ကျောက်ဖြူရေဒါများမှရရှိသည့် မုန်တိုင်းပြရေဒါ ပုံရိပ်များ၊ ဂြိုဟ်တုတိမ်ပုံဖမ်းစက်များမှ ဖမ်းယူရရှိသောဂြိုဟ်တုတိမ် ပုံများကို အသုံးပြု၍ ခေတ်မီနည်းပညာများဖြင့် ဘက်ပေါင်းစုံမှ လက်တွေ့လေ့လာဆန်းစစ်ခြင်းများ ပြုလုပ်ကာ ခန့်မှန်းချက်များကို ပြည်သူလူထုထံသို့ အချိန်နှင့်တစ်ပြေးညီ သတင်း Media များမှ တစ်ဆင့် မှန်ကန်စွာ ထုတ်ပြန်ပေးနိုင်ခဲ့ပါသည်။

ယခုဖြစ်ပေါ်ခဲ့သော "မိုခါ" မုန်တိုင်းနှင့် ပတ်သက်၍ ကမ္ဘာလုံး ဆိုင်ရာမိုးလေဝသအချက်အလက်များကိုအသုံးပြုထားသောသင်္ချာ ပုံစံပြမော်ဒယ်များဖြစ်သည့် အင်္ဂလန်နိုင်ငံ၊ European Centre for Medium-Range Weather Forecasts(ECMWF) မော်ဒယ်၊ အမေရိကန်နိုင်ငံ National Hurricane Center မှ Global Forecasting Model (GFS) များနှင့် မြန်မာနိုင်ငံ၊ မိုးလေဝသနှင့် ဇလ ဗေဒညွှန်ကြားမှုဦးစီးဌာန၊Weather Research and Forecasting (WRF) မော်ဒယ်များဖြင့် တွက်ထုတ်ရရှိလာသော မုန်တိုင်းလမ်း ကြောင်းအသီးသီးတို့ကို ဆန်းစစ်လေ့လာ၍ မုန်တိုင်းဖြတ်ကျော်ဝင် ရောက်နိုင်သည့် လမ်းကြောင်းများကို မုန်တိုင်းစတင် မဖြစ်ပေါ်မီက ပင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အရေးပေါ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အသိပေး ဆွေးနွေး တင်ပြခဲ့ပါသည်။ ထိုသို့ခန့်မှန်းရာတွင် တိုင်းထွာသည့်အချိန်၊ အသုံး ပြုသည့် Dataတို့အပေါ် မူတည်ပြီးလမ်းကြောင်းအမျိုးမျိုးပြောင်းလဲ နေခဲ့ရာ ၂၀၂၃ ခုနှစ် မေလ ၅ ရက်နေ့၌ ပုံ(၁)တွင် ဖော်ပြထားသည့် အတိုင်း (ECMWF) မော်ဒယ်သည် ရခိုင်ကမ်းရိုးတန်းကို ကျောက် ဖြူမြို့အနီးမှ လည်းကောင်း၊ (GFS) မော်ဒယ်သည် ဧရာဝတီတိုင်း ဒေသကြီး၊ ဖျာပုံမြို့နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့ နယ်တို့အကြားမှလည်းကောင်း၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြား မှုဦးစီးဌာန၏ (WRF) မော်ဒယ်သည် ရခိုင်ကမ်းရိုးတန်းကို စစ်တွေ



ပုံ-၁။ မုန်တိုင်းစတင်မဖြစ်ပေါ်မီ မော်ဒယ်အသီးသီးမှ မုန်တိုင်း ဖြတ်ကျော်ဝင်ရောက်မည့် လမ်းကြောင်းအမျိုးမျိုးအား ခန့်မှန်း တွက်ထုတ်ရရှိပုံ

မြို့အနီးမှလည်းကောင်း အသီးသီးဖြတ်ကျော် ဝင်ရောက်နိုင်ကြောင်း တွေ့ရှိရမည် ဖြစ်ပါသည်။

၂၀၂၃ ခုနှစ် မေလ ၉ ရက်နေ့၌ ပုံ(၂)တွင် ဖော်ပြထားသည့် အတိုင်း မုန်တိုင်းစတင် အစပျိုးချိန်တွင် မော်ဒယ်များအားလုံးမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ကော့ဘဇားနှင့်မြန်မာနိုင်ငံ၊ရခိုင်ကမ်းရိုးတန်းရှိ ကျောက်ဖြူမြို့အကြားမှဖြတ်ကျော်ဝင်ရောက်နိုင်သည်ကိုတွေ့ရှိရ



ပုံ- ၂။ မုန်တိုင်းငယ်အဆင့်သို့ ရောက်ရှိလာချိန်တွင် မော်ဒယ်အသီးသီးမှ မုန်တိုင်းဖြတ်ကျော် ဝင်ရောက်မည့် လမ်းကြောင်းကို တညီတညွတ်တည်း ခန့်မှန်းတွက်ထုတ်ရရှိပုံ

မည် ဖြစ်ပါသည်။

မော်ဒယ်(၃)ခု၏ တွက်ထုတ်ရရှိချက်များကို ချိန်ညှိသုံးသပ်ရလျှင် မြန်မာနိုင်ငံမိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ (WRF) မော်ဒယ်သည် မိမိတို့နိုင်ငံ၏ ရာသီဥတု၊ မြေမျက်နှာသွင်ပြင်အနေ အထားတို့နှင့်ကိုက်ညီသည့်မှတ်တမ်းအချက်အလက်များကိုထည့် သွင်းတွက်ထုတ်ထားသည့်အတွက်မုန်တိုင်းစတင်မဖြစ်ပေါ်မီကာလ မှသည်မုန်တိုင်းဖြတ်ကျော်ဝင်ရောက်ပြီးသည်အထိ အမှန်တကယ် ဖြတ်ကျော်ဝင်ရောက်ခဲ့သော မုန်တိုင်းလမ်းကြောင်း (ပုံ။၃ (က) နှင့် (ခ)တို့တွင် ဖော်ပြထားသည့်အတိုင်း)နှင့် အနီးစပ်ဆုံးလမ်း ကြောင်းကို ခန့်မှန်းတွက်ချက်ရရှိခဲ့သည်ကို တွေ့ရှိရပါသည်။ ထို့ ကြောင့်မြန်မာနိုင်ငံ၊မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ (WRF) မော်ဒယ်သည် ကမ္ဘာလုံးဆိုင်ရာမိုးလေဝသအချက်အလက် များဖြင့် တွက်ချက်ရရှိသော မော်ဒယ်များ၏ မုန်တိုင်းလမ်းကြောင်း ခန့်မှန်းချက်များနှင့် နှိုင်းယှဉ်လျှင် မိမိနိုင်ငံနှင့် ကိုက်ညီသည့် အချက် အလက်များအပေါ် ထည့်သွင်းတွက်ထုတ်ပြီး ရရှိလာသည့်မုန်တိုင်း လမ်းကြောင်းဖြစ်သည့်အတွက် အနီးစပ်ဆုံး မှန်ကန်မှုရှိခဲ့သည်ကို သုံးသပ် တွေ့ရှိရပါသည်။

မုန်တိုင်းကာလများတွင် မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာအချက် အလက်များ၊ ခန့်မှန်းချက်များအား Social Media၊ ဝက်ဘ်ပေ့ခ်ျ (Web Page) များမှတစ်ဆင့် လွယ်ကူစွာရယူပြီး တိကျမှန်ကန်မှုမရှိသော



ပုံ- ၃(က)။ အမှန်တကယ်ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် လမ်းကြောင်း



ပုံ- ၃(ခ)။ WRF မော်ဒယ်၏ မုန်တိုင်းခန့်မှန်းချက် လမ်းကြောင်း

ခန့်မှန်းချက်များကို ပြည်သူများထံသို့ လွယ်ကူစွာ ရေးသားဖော်ပြ ခြင်း၊လွယ်ကူစွာဖျက်သိမ်းပစ်ခြင်းတို့ကိုတွေ့ရှိခဲ့ရပါသည်။ပြည်သူ များ စိုးရိမ်ထိတ်လန့်စေမည့် ကောလာဟလသတင်းများ၊ နိုင်ငံတကာ မှ မုန်တိုင်းနှင့်ပတ်သက်၍ စံသတ်မှတ်ထားသည့် အချက်အလက် များနှင့် ကိုက်ညီမှုမရှိဘဲ မှားယွင်းယူဆချက်များဖြင့် ရေးသားမှုများ ကိုလည်း တွေ့ရှိခဲ့ရပါသည်။ ဥပမာအားဖြင့်ဖော်ပြရလျှင် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းကာလ၌ မုန်တိုင်းအမွှာ နောက်ဆက်တွဲတစ်ခု ထပ်မံ ဝင်ရောက်မည်ဟူသော ကောလာဟလကြောင့် လူအများ ထိတ်လန့်ခဲ့ရဖူးပါသည်။ အလားတူ ၂၀၂၂ ခုနှစ်၊ မတ်လတွင် ဖြစ်ပေါ်ခဲ့သောမုန်တိုင်း (02B/2022) သည် အားကောင်းသော မုန်တိုင်းငယ်အဆင့်သို့သာ ရောက်ရှိခဲ့ပြီး အမည်ပေးမုန်တိုင်းအဆင့် သို့ ရောက်ရှိခြင်း မရှိခဲ့သည့်အတွက် မိုးလေဝသနှင့်ဇလဗေဒညွှန်

ကြားမှုဦးစီးဌာနအနေဖြင့် မုန်တိုင်းအမည်ပေးရန် အလှည့်ကျသည့် သီရိလင်္ကာနိုင်ငံမှအဆိုပြုထားသော "Asani" အမည်ကိုသတ်မှတ်သုံးစွဲခဲ့ခြင်းမရှိသေးသော်လည်း ခန့်မှန်းချက်များကို အလွတ်သဘောထုတ်ပြန်နေသူများမှ ဆိုရှယ်မီဒီယာများတွင် "Asani" မုန်တိုင်းဟုခေါ်ဝေါ်သုံးစွဲခဲ့ခြင်းများကို တွေ့ရှိခဲ့ရပါသည်။ ယခုအလွန်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" ဖြစ်ပေါ်ခဲ့ချိန်တွင်လည်း မုန်တိုင်းဖြတ်ကျော်ဝင်ရောက်ရန် နီးကပ်ချိန်များတွင် မုန်တိုင်းလမ်းကြောင်း ပြောင်းလဲနိုင်သည်ဆိုသော ကောလာဟလများ ပေါ်ထွက်ခဲ့ခြင်း၊ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်မှ အသိအမှတ်ပြုထားခြင်း မရှိသော လွတ်လပ်စွာဝင်ရောက်ကြည့်ရှုနိုင်သည့် Social Media ၊ ဝဘ်ပေ့ချ် (Web Page) များမှ အချက်အလက်များဖြင့်သာ အလွတ်သဘော ရေးသားဖော်ပြနေခြင်းမှာ ပြည်သူလူထုအတွက် "ဆေးမဖြစ်စေဘဲ ဘေးဖြစ်စေနိုင်"သည်ကို တွေ့ရှိရမည် ဖြစ်ပါသည်။

"မိုခါ" (MOCHA) နှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ခဲ့မှု

အလွန်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" နှင့်ပတ်သက်၍ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မိုးလေဝသတိုင်းတာရေးစခန်းများမှ အချိန်နှင့်တစ်ပြေးညီ တိုင်းထွာရရှိသည့် တိကျသော မြေပြင်မိုးလေဝသအချက်အလက်များ၊ အထက်လေကြောင်းတိုင်းထွာချက်များ၊ ဂြိုဟ်တုဓာတ်ပုံများ၊ မိုးလေဝသရေဒါမှဖမ်းယူရရှိသည့် ပုံရိပ်များနှင့် သင်္ချာပုံစံပြမော်ဒယ်များမှတွက်ထုတ်ရရှိသည့်ခန့်မှန်းချက်များစသည့် ခိုင်မာသောအချက်အလက်များအပေါ် အခြေခံ၍ တိကျမှန်ကန်သော သတိပေးချက်များကို အချိန်နှင့်တစ်ပြေးညီ ကြိုတင်သတိပေး ထုတ်ပြန်နိုင်ခဲ့သကဲ့သို့ နိုင်ငံတော်အစိုးရအနေဖြင့်လည်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ဦးဆောင်မှု၊ လုပ်ငန်းကော်မတီများ၏ ကြိုးပမ်းဆောင်ရွက်မှု၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှု၊ သဘာဝဘေးကြိုတင်သတိပေးဗဟိုဌာနဖြစ်သည့် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ပေးသည့်သတင်းများကို အသံလွှင့်မီဒီယာများမှတစ်ဆင့် သဘာဝဘေးဆိုင်ရာ အသိပညာပေးရေးလုပ်ငန်းများကြိုတင်ဆောင်ရွက်ထားရှိမှု၊ ဒေသခံပြည်သူများ၏ လိုက်နာဆောင်ရွက်မှုများမှာ အချိုးညီညီ အချိန်နှင့်တစ်ပြေးညီ လုပ်ဆောင်နိုင်ခဲ့သည့်အတွက် မုန်တိုင်းအန္တရာယ်ကြောင့် ထိခိုက်သေကြေပျက်စီးမှု များစွာလျော့ကျခဲ့သည်ကို လက်တွေ့ပြသနိုင်ခဲ့ပြီ ဖြစ်ပါသည်။

ထို့ကြောင့် ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာထုတ်ပြန်ချက်၊ သတိပေးချက်များနှင့် ဆက်စပ်၍ ဆိုရှယ်မီဒီယာများမှ အလွတ်သဘော ထုတ်ပြန်ချက်များကို အပြည့်အဝယုံကြည်မှုမပြုကြဘဲ နိုင်ငံ၏ တရားဝင်ထုတ်ပြန်ခွင့်ရှိသော မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်များကိုသာ ယုံကြည်စွာ စောင့်ကြည့်သင့်ပါသည်။ သို့မှသာ တရားမဝင် ကောလာဟလများကို ရှောင်ရှားနိုင်ပြီး မလိုလားအပ်သော စိုးရိမ်ထိတ်လန့်မှုများကို ရှောင်ရှားနိုင်မည် ဖြစ်ပါသည်။ ထို့အပြင် အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအလိုက် ဖွဲ့စည်းထားသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များ၏ ကြီးကြပ်လမ်းညွှန်မှုများကို လိုက်နာဆောင်ရွက်ခြင်းဖြင့် သဘာဝဘေး အန္တရာယ်အသွယ်သွယ်မှ ဘေးကင်းနိုင်စေရေး အထူးသတိပြု ဂရုစိုက်ကြရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

ဒေါက်တာမေခင်ချော (မိုး/ဇလ)

**နိုင်ငံ၏ တရားဝင်ထုတ်ပြန်ခွင့်ရှိသော မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်များကိုသာ ယုံကြည်စွာစောင့်ကြည့်သင့်…**






ကမ္ဘာသည် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်တို့မှသည် ယနေ့မျက်မှောက်ခေတ် သတင်းနည်းပညာခေတ်ထဲသို့တိုင် ရောက်ရှိနေပြီ ဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံများသည် တိုးတက်ပြောင်းလဲနေသည့် ခေတ်နှင့်လိုက်လျောညီထွေစွာ ခေတ်ရေစီးကြောင်းတွင် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍများတွင် အလိုက်သင့် စီးမျောလိုက်ပါကြရမည် ဖြစ်သည်။

ASEAN နိုင်ငံများသည်လည်းကဏ္ဍအလိုက်ပူးပေါင်းညှိနှိုင်းအကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ဝန်ကြီးအဆင့်၊ အဆင့်မြင့်အရာရှိကြီးအဆင့်၊ လုပ်ငန်းကော်မတီအဆင့်စသည်ဖြင့် အဆင့်ဆင့် ညှိနှိုင်းဆွေးနွေးကြရပါသည်။ အဆင့်ဆင့် ညှိနှိုင်းဆွေးနွေးပြီး ရရှိလာသည့်သဘောတူညီချက်များကို နိုင်ငံ့ခေါင်းဆောင်အဆင့် အစည်းအဝေးသို့တင်ပြပြီး အတည်ပြုချက်ရယူလျက် ကြေညာချက်များ၊ မူဘောင်များ၊ Master Plan , Action Plan များ ထုတ်ပြန်ကြခြင်း ဖြစ်သည်။

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ (ICT) ကဏ္ဍအတွက် TELMIN ဝန်ကြီးအဆင့်၊ TELSOM အဆင့်မြင့်အရာရှိကြီးအဆင့်နှင့် လုပ်ငန်းကော်မတီအဆင့်ဟူ၍ အဆင့်ဆင့်ဆွေးနွေးကြပါသည်။ လုပ်ငန်းကော်မတီအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် တစ်ခုမက ဖွဲ့စည်းဆွေးနွေး ဆောင်ရွက်ကြပြီး အဆင့်မြင့်အရာရှိကြီးများအဆင့်(SOM) အစည်းအဝေးသို့ တင်ပြကြရသည်။

၂၀၁၉ ခုနှစ်၊ အောက်တိုဘာလတွင် လာအိုနိုင်ငံ၊ ဗီယန်ကျင်းမြို့၌ ကျင်းပခဲ့သည့် (၁၉) ကြိမ်မြောက် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာ (ICT) ကဏ္ဍဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေး၌ ASEAN ICT Ministerial and Senior Official အစည်းအဝေးများကို ASEAN Digital Ministers' Meeting (ADGMIN) နှင့် ASEAN Senior Official Meeting (ADGSOM)အဖြစ် အမည်ပြောင်း ဆက်လက်ကျင်းပသွားကြရန် သဘောတူညီခဲ့ကြသည်။ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလတွင် ပထမအကြိမ် အာဆီယံဒစ်ဂျစ်တယ်ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို စတင်ကျင်းပခဲ့ပြီး ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် ဒုတိယအကြိမ် အာဆီယံဒစ်ဂျစ်တယ်ဝန်ကြီးများ အစည်းအဝေးကို မြန်မာနိုင်ငံက ဥက္ကဋ္ဌအဖြစ် လက်ခံကျင်းပခဲ့သည်။ စီးပွားရေး၊ ကုန်ထုတ်လုပ်ရေး၊ လူမှုရေးစသည့် ကဏ္ဍအသီးသီး၏ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး (Digital Transformation) တွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာ (ICT) ဖြင့် အဓိကမောင်းနှင် မြှင့်တင်ပေးနိုင်ရေးအတွက် ရည်ရွယ်ကျင်းပခဲ့ကြခြင်း ဖြစ်သည်။

ထိုသို့ စီးပွားရေး၊ ကုန်ထုတ်လုပ်ရေး၊ လူမှုရေးစသည့် ကဏ္ဍ



အသီးသီး၏ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး (Digital Transformation) တွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာ (ICT) ဖြင့် အဓိက မောင်းနှင်မြှင့်တင်ပေးနိုင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင် ဒစ်ဂျစ်တယ်ပုံစံပြုခြင်း (Digitization) အဆင့်၊ ဒစ်ဂျစ်တယ်စနစ်ဖြင့် ဆောင်ရွက်ခြင်း (Digitalization) အဆင့်နှင့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်း (Digital Transformation) အဆင့်များကို အဆင့်လိုက်ဆောင်ရွက်ကြရသည်။




ဒစ်ဂျစ်တယ်ပုံစံပြုခြင်း (Digitization) ဆိုသည်မှာ ရုပ်ပိုင်းဆိုင်ရာ အရာဝတ္ထုများ သို့မဟုတ် အချက်အလက်များကို ဒစ်ဂျစ်တယ်ပုံစံဖန်တီးခြင်းကို ရည်ညွှန်းသည်။ ဥပမာအားဖြင့် စာရွက်စာတမ်းတစ်ခုကို စကင်န် (Scan) ဖတ်ပြီး ၎င်းကိုဒစ်ဂျစ်တယ်စာရွက်စာတမ်း (ဥပမာ- Word, Excel, PDF) အဖြစ် သိမ်းဆည်းသည်။ တစ်နည်းဆိုရသော် ဒစ်ဂျစ်တယ်ပုံစံ ပြုလုပ်ခြင်းသည် ဒစ်ဂျစ်တယ်မဟုတ်သောအရာကို ဒစ်ဂျစ်တယ်ပုံစံအဖြစ်သို့ပြောင်းလဲခြင်းဖြစ်သည်။ ဒစ်ဂျစ်တယ်ပုံစံပြုခြင်းသည် အခြေခံအကျဆုံး ရုပ်လောက (Physical) နှင့် ဆော့ဖ်ဝဲလ်(Software) တို့အကြား ဆက်စပ်မှုဖြစ်သည်။

ဒစ်ဂျစ်တယ်စနစ်ဖြင့် ဆောင်ရွက်ခြင်း (Digitalization)ဆိုသည်မှာ ဒစ်ဂျစ်တယ်နည်းပညာများနှင့် ဒစ်ဂျစ်တယ်ဒေတာကို အသုံးချခြင်းဖြင့် လုပ်ငန်းစဉ်များ မြှင့်တင်ခြင်းကို ရည်ညွှန်းသည်။ ထို့ကြောင့် ဒစ်ဂျစ်တယ်စနစ်ဖြင့် ဆောင်ရွက်ခြင်း (Digitalization) သည် ဒစ်ဂျစ်တယ်ပုံစံပြုခြင်း (Digitization)ကို အခြေပြုသည်။ ဒစ်ဂျစ်တယ်စနစ်ဖြင့် ဆောင်ရွက်ခြင်းသည် ကုန်ကျစရိတ်များကို လျှော့ချပေးနိုင်ပြီး ကုန်ထုတ်စွမ်းအားနှင့် စွမ်းဆောင်ရည်ကို တိုးစေနိုင်သည်။ ဒစ်ဂျစ်တယ်စနစ်ဖြင့် ဆောင်ရွက်ခြင်းသည် လက်ရှိလုပ်ငန်းစဉ်ကို ပိုမိုကောင်းမွန်စေသော်လည်း ၎င်းတို့ကိုပြောင်းလဲခြင်း သို့မဟုတ် အသွင်ကူးပြောင်းခြင်း မပြုနိုင်ပါ။ ဆိုလိုသည်မှာ ၎င်းသည် လူလုပ်အား အစားထိုး ဆော့ဖ်ဝဲလ်ဖြင့် ဆောင်ရွက်သည့် လုပ်ငန်းစဉ်တစ်ခုသာ ဖြစ်သည်။

ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်း (Digital Transformation)ဆိုသည်မှာ ဒစ်ဂျစ်တယ်စနစ်ဖြင့် ဆောင်ရွက်ခြင်း (Digitalization) လုပ်ငန်းစဉ်များကို အသွင်ကူးပြောင်းခြင်း ဖြစ်သည်။

IBTT International Bulk Terminal (Thilawa) Co., Ltd.



**Terminal Data**
- Jetty overall length : 230 meters
- Jetty breadth : 25 meters
- Jetty's Depth : CDL -11 .00 meters
- Allowable Vessel : Up to 60,000 DWT

**Import / Export Services**
- Specialized in Bulk cargo, Wheat grain SBM / Urea / Slag / Corn / GC / Steel and Project Cargo

**Storage Services**
- Warehouse A - 58,000 sq-ft x 1 Unit
- Warehouse B - 54,000 sq-ft x 1 Unit
- Silo 3,300 MT x 7 Units
- Silo 3,200 MT x 6 Units
- Dumping yard 300 sqm x 5 Concrete Plots / 10 Acres open plots

**Transport Services**
- Dump Trucks in Thilawa by 70 Units

**Cargo Handling Gears Available**
- Open Storage yards for General Cargo
- Conveyor System Warehouse
- Overhead Crane Warehouse
- Bonded / Non-Bonded Silos for Grain Crop
- Moveable Hoppers / Grabs
- Wheel Loaders / Excavators / Dump Trucks / Forklifts
- Weighting Bridges / Completed set of equipment / Cargo Gears
- Mobile Crane / Material Handler / Barge(Third Party)

Address: Plot (30/31,A), Thilawa Port Area, Kyauk Tan Township, Yangon.
Email: info@ibtt.com.mm, 09 954488913

ဒစ်ဂျစ်တယ်အသွင် ကူးပြောင်းခြင်းသည် အဖွဲ့အစည်း သို့မဟုတ် ကဏ္ဍအားလုံးအတွက် တူညီသောလုပ်ငန်းစဉ်တစ်ခုအနေဖြင့် ဆောင်ရွက်နိုင်မည် မဟုတ်သည့်အတွက် အဖွဲ့အစည်း သို့မဟုတ် ကဏ္ဍများအလိုက် လိုက်လျောညီထွေသော အသွင်ကူးပြောင်းမှု လုပ်ငန်းစဉ် မဟာဗျူဟာဖြင့်သာ ပြုပြင်ပြောင်းလဲခြင်းကို ဆောင်ရွက်သင့်သည်။

ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်း (Digital Transformation)အားယနေ့ခေတ်ယျလေ့လာရာတွင် အဖွဲ့အစည်းသို့မဟုတ်ကဏ္ဍများသည် ကုန်ကျစရိတ်သက်သာရန်၊ အရည်အသွေးမြှင့်တင်ရန်နှင့် စက်/စနစ်လည်ပတ်ချိန်များကို လျှော့ချရန်အတွက် လုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်၍ ပြောင်းလဲပြင်ဆင်လေ့ရှိကြသည်။ ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက်စီမံခန့်ခွဲမှု (Supply Chain Management) ကို ခေတ်မီအောင်ပြုလုပ်၍ ကုန်ကျစရိတ်လျှော့ကျစေခြင်း၊ စက်၏ သင်ယူမှု (Machine Learning) နှင့် ဉာဏ်ရည်တု (Artificial Intelligence-AI)ကို ပေါင်းစပ်ခြင်းဖြင့် အရည်အသွေးမြှင့်တင်ခြင်းနှင့် တိကျမှုရှိခြင်းကြောင့် စက်/စနစ်လည်ပတ်ချိန်လျှော့ချခြင်း စသည်တို့ကို ဒစ်ဂျစ်တယ်စနစ်ဖြင့် ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းစဉ် အသွင်ကူးပြောင်းခြင်းကို ဆောင်ရွက်နိုင်သည်။

ထို့အပြင် သုံးစွဲသူများ သို့မဟုတ် ဝန်ဆောင်မှုရယူသူများ၏ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး ကြိုးပမ်းမှုများကို ၎င်းတို့၏ လိုအပ်ချက်များနှင့် အကိုက်ညီဆုံး နည်းပညာကို ရွေးချယ်နိုင်ရန် နည်းပညာကုမ္ပဏီများအနေဖြင့် ဈေးကွက်မဟာဗျူဟာကို လိုက်လျောညီထွေရှိစွာပြန်လည်ပုံဖော်ပြီးသုံးစွဲသူများသို့မဟုတ်ဝန်ဆောင်မှုရယူသူများကို ဆွဲဆောင်လေ့ရှိကြသည်။ အဖွဲ့အစည်း သို့မဟုတ် ကဏ္ဍများသည် ၎င်းတို့၏ ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို အရည်အသွေးမြှင့်တင်ရန် နည်းပညာအသစ်များကို ပုံမှန်အားဖြင့် လက်ခံကြပြီးလက်ရှိထုတ်ကုန်နှင့်ဝန်ဆောင်မှုများကိုဖောက်သည်အသစ်ရရှိရေး တိုးချဲ့တီထွင်လေ့ရှိကြသည်။

ဒစ်ဂျစ်တယ် ပထမယဉ်ကျေးမှု (Digital-First Culture)ကို အကောင်အထည်ဖော်ခြင်းဖြင့် အဖွဲ့အစည်း သို့မဟုတ် ကဏ္ဍများသည် လျင်မြန်သောလုပ်ငန်းစဉ်များနှင့် ဆုံးဖြတ်ချက်များကိုချမှတ်နိုင်ကာ အောင်မြင်သော ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးကို အကောင်အထည်ဖော် ဆောင်နိုင်မည် ဖြစ်သည်။

ဒေသတွင်း အိမ်နီးချင်းနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံအချို့၏ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး (Digital Transformation) ဆောင်ရွက်နေမှုအခြေအနေများကို လေ့လာကြည့်ရာတွင် ချဉ်းကပ်မှုပုံစံအမျိုးမျိုးဖြင့် မူဝါဒချမှတ် အကောင်အထည်ဖော် ဆောင်ရွက်နေကြသည်ကို တွေ့ရှိရမည် ဖြစ်သည်။ မည်သို့ပင် တစ်ကျောင်း တစ်ဂါထာ၊ တစ်ရွာ တစ်ပုဒ်ဆန်း ဖွဲ့စည်းအကောင်အထည်ဖော် ဆောင်ရွက်နေစေကာမူ အန္တိမရည်မှန်းချက်ဖြစ်သော ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်း (Digital Transformation)ကိုသာ ဦးတည်လျက်ရှိကြပြီး လိုအပ်သော မူဝါဒများ၊ လုပ်ငန်းစဉ်များကို ချမှတ်၍ကဏ္ဍစုံ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကိုတွေ့ရှိရသည်။ ထိုသို့ အကောင်အထည်ဖော်ဆောင်ကြရာတွင် အဓိက လိုအပ်ချက်မှာ နည်းပညာ၊ စက်ပစ္စည်းနှင့် စနစ်များ မဟုတ်ဘဲ ရှေ့ဆောင်ပြောင်းလဲမည့်သူ (Change Champion)ကိုသာ လိုအပ်နေခြင်းဖြစ်ပြီး ထိုသို့ပြောင်းလဲရာတွင် ကြံ့ကြံ့ခိုင် ပြန်လည်ရပ်တည်ခံနိုင်ရည်ရှိမှု (Resilient)နှင့် ရေရှည်တည်တံ့စေရေး (Sustainable) သည်လည်း အရေးကြီးသည်။ အဘယ့်ကြောင့်ဆိုသော် အစဉ်တိုးတက်ပြောင်းလဲနေသော နည်းပညာများနှင့်အတူ လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှု၊ တိုက်ခိုက်မှုနည်းပညာများသည်လည်း ရပ်တန့်မနေဘဲ တိုးတက်ပြောင်းလဲလျက်ရှိပြီး ဈေးကွက်လိုအပ်ချက်၊ ဝန်ဆောင်မှုလိုအပ်ချက်နှင့် ဝန်ဆောင်မှုပုံစံများမှာလည်း အမြဲတမ်းပြောင်းလဲနေခြင်းကြောင့်ပင် ဖြစ်သည်။

ထို့ကြောင့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်း (Digital Transformation)၏ အပြောင်းအလဲကို စီမံခန့်ခွဲခြင်း (Change Management)၊ လုပ်ငန်းစဉ် (Process) များသည် ရေရှည်သွားရမည့် လမ်းပင် ဖြစ်သည်။ ဖွဲ့ရှိရှိ၊ နည်းလမ်းသိသိနှင့် တည်တည်ငြိမ်ငြိမ် အရှိန်အဟုန်မပျက် ချီတက်နေရန် အရေးအကြီးဆုံး ဖြစ်သည်။ သို့မှသာ အချိန်ကုန်၊ ငွေကုန်၊ အရင်းအမြစ်လေလွင့်ပြီး အကျိုးမဲ့ခြင်းကို ရှောင်ရှားနိုင်မည် ဖြစ်သည်။

လတ်တလော ဖြစ်ပွားလျက်ရှိသော ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးအတွက် နိုင်ငံတကာက ကန့်သတ်မှုများကို ဆောင်ရွက်ခဲ့ကြရာ အများပြည်သူတို့၏အွန်လိုင်းမှဈေးဝယ်ခြင်း၊ ငွေပေးချေခြင်း၊ အစည်းအဝေးတက်ခြင်း၊ စာသင်ခြင်းစသည့် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးကဏ္ဍအသီးသီးတွင် ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုမှု၊ တစ်နည်းအားဖြင့် အွန်လိုင်းအသုံးပြုမှုသည် သိသာထင်ရှားစွာ တိုးတက်လာသည်။ သုံးစွဲသူများဘက်က လိုအပ်ချက် (Demand) က အဆင်သင့်ဖြစ်နေသည့် အနေအထားကို ရောက်ရှိနေပြီဖြစ်ရာ ထုတ်ကုန်ထုတ်လုပ်သူများ၊ ဝန်ဆောင်မှုပေးသူများဘက်က ဖြည့်ဆည်းဆောင်ရွက်ပေးရန်သာ ဖြစ်သည်။

အိမ်နီးချင်း ထိုင်းနိုင်ငံတွင် ၂၀၂၁ ခုနှစ် စက်တင်ဘာလက ထုတ်ပြန်သော ငါးနှစ်တာ (၂၀၂၃-၂၀၂၇) စီးပွားရေးရည်မှန်းချက်

**ဒစ်ဂျစ်တယ်ပုံစံပြုခြင်းသည် အခြေခံအကျဆုံး ရုပ်လောက (Physical) နှင့် ဆော့ဖ်ဝဲလ် (Software) တို့အကြား ဆက်စပ်မှုဖြစ်...**

# ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်း (Digital Transformation)၏ အပြောင်းအလဲကို စီမံခန့်ခွဲခြင်း (Change Management)၊ လုပ်ငန်းစဉ် (Process) များသည် ရေရှည်သွားရမည့်လမ်းပင်ဖြစ်...




တွင် ဒစ်ဂျစ်တယ်စီးပွားရေးစနစ်ကို အကောင်အထည်ဖော်ရန်၊ လျင်မြန်စွာ တိုးတက်ပြောင်းလဲနေသော ဒစ်ဂျစ်တယ်နည်းပညာနှင့်အညီ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်၊ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်မှုကွန်ရက် ကောင်းမွန်ရန်စသည်ဖြင့် ရည်မှန်းချက်များ ချမှတ်ထားသည်ကို တွေ့ရှိရသည်။ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာသည့် လူမှုနေထိုင်ခြင်းပုံစံအသစ် (New Normal) သည် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးကို တွန်းအားတစ်ခုဖြစ်စေခဲ့ပြီး ကိုဗစ်-၁၉ ရောဂါထိန်းချုပ်နိုင်ရေး အကန့်အသတ်များကြောင့် ကျဆင်းဆုတ်ယုတ်ခဲ့သည့် စီးပွားရေးကို ဒစ်ဂျစ်တယ်စီးပွားရေးစနစ်ဖြင့် ပြန်လည်ကုစားနိုင်ရန် ကမ္ဘာ့နိုင်ငံများ အသီးသီးက ရေတို၊ ရေရှည်မဟာဗျူဟာ ချမှတ်၍ အကောင်အထည်ဖော်ဆောင် ကြိုးပမ်းလျက်ရှိကြကြောင်း တွေ့ရှိရသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးဆိုင်ရာ မူဝါဒနှင့် မဟာဗျူဟာချမှတ်ခြင်း၊ ဒစ်ဂျစ်တယ်ဝန်ဆောင်မှု (Digital Services)၊ ဒစ်ဂျစ်တယ်အုပ်ချုပ်မှုစနစ် (Digital Governance)၊ ဆိုက်ဘာလုံခြုံရေး (Cyber Security)၊ ဒစ်ဂျစ်တယ်စာတတ်မြောက်ရေး (Digital Literacy)၊ ဒစ်ဂျစ်တယ်ဆန်းသစ်တီထွင်မှု (Digital Innovation)၊ ဒစ်ဂျစ်တယ်အသိုက်အဝန်း ဖွံ့ဖြိုးတိုးတက်ရေး (Digital Community Development) တို့အပြင် စတုတ္ထစက်မှုတော်လှန်ရေး (Industry 4.0) အတွက် မူဝါဒလုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်၍ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်သွားနိုင်ရေးကို ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်သည်။

ရဲနိုင်မိုး



## ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ်အဖြစ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ စေတနာသွေးလှူရှင်များနှင့် ပြည်သူအများ စုပေါင်းသွေးလှူဒါန်း ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအောင်ကျော်ထွန်းနှင့် ဗိုလ်မှူးချုပ် လူမွန်တို့ ကြည့်ရှုအားပေး



ဇွန်လ(၁၄)ရက်ကမ္ဘာ့သွေးလှူရှင်များနေ့အထိမ်းအမှတ်အဖြစ် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဝန်ထမ်းများနှင့် ပြင်ပမှစေတနာသွေးလှူရှင်များသည် ၂၀၂၃ ခုနှစ်ဇွန်လ၁၆ရက်နေ့တွင်နေပြည်တော်၊ရန်ကုန်၊မန္တလေး၊တနင်္သာရီ၊မကွေး၊ကချင်၊ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ မြို့ကြီးများရှိ သွေးဌာနများ၊ အထွေထွေဆေးရုံများ၌ စုပေါင်းသွေးလှူဒါန်းမှုပြုကြရာ နေပြည်တော်ခုတင် (၁၀၀၀) အထွေထွေရောဂါကုဆေးရုံကြီးသို့ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအောင်ကျော်ထွန်းနှင့် ဗိုလ်မှူးချုပ်လူမွန်တို့ သွားရောက်ကြည့်ရှုအားပေးသည်။



စုပေါင်းသွေးလှူဒါန်းရာတွင် နေပြည်တော်တွင် (၅၄) ဦးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် (၈) ခုတွင် သွေးလှူရှင်စုစုပေါင်း (၅၀၅)ဦးတို့က ပါဝင်လှူဒါန်းခဲ့ပြီး အဆိုပါ သွေးလှူဒါန်းပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ဌာနကြီးမှူးများ၊ ဆေးရုံအုပ်ကြီးနှင့်တာဝန်ရှိသူများက သွေးလှူဒါန်းနေမှုများကို လိုက်လံကြည့်ရှုအားပေးကာ စားသောက်ဖွယ်ရာနှင့် ဆေးဝါးများ ပေးအပ်သည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာအေးထွန်းက သွေးလှူဒါန်းမှုအတွက် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဒုတိယဝန်ကြီးများမှ အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အနေဖြင့် နိုင်ငံတစ်ဝန်း သွေးလှူဒါန်းခြင်းလှုပ်ရှားမှုများကို လွန်ခဲ့သည့် ၂၀၁၆ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ ယခုအကြိမ်မှာ (၁၁)ကြိမ်မြောက် စုပေါင်းလှူဒါန်းခဲ့ပြီးဖြစ်ကာ သွေးအိတ်ပေါင်း (၁၀၀၀၀) ကျော်ကို အရေးပေါ်သွေးလိုအပ်သူများနှင့် ဆေးကုသမှုများတွင် အသုံးပြုနိုင်ခဲ့ပြီး ဖြစ်သည်။

**သတင်းအဖွဲ့(ပို့ဆက်)**

## မုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်

မေ ၁၄ ရက်ကတိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS (စာတို)ဖြင့် လှူဒါန်းငွေများ ပေးပို့နိုင်ကြောင်း၊ မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ၅၀၀ ကျပ်နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# အသက်အန္တရာယ်ကင်းစေဖို့ ထိုင်ခုံခါးပတ် ပတ်ကြစို့

## (Wear Your Seat Belt, Save Your Life)

စံမှူးလေး(ကညန)



ကမ္ဘာပေါ်တွင် ယနေ့ခေတ်လူသားတို့အတွက် မော်တော်ယာဉ်၊ ရထား၊ မော်တော်ဆိုင်ကယ်တို့သည် နေ့စဉ်လူမှုဘဝ၏ သွားလာ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် မရှိမဖြစ် အသုံးဝင်လာသော စက်ကိရိယာများဖြစ်လာခဲ့သည်။ ထိုသို့ ကျေးလက်၊ မြို့ပြများတွင် ယာဉ်မျိုးစုံသုံးစွဲမှု များပြားလာသည့်အလျောက် ယာဉ်လမ်းကြောင်း ကြပ်တည်းမှုများဖြစ်ခြင်း၊ ယာဉ်ပိတ်ဆို့မှုများဖြစ်ခြင်းနှင့် ယာဉ်မောင်းများ၏ စိတ်မရှည်စွာ စည်းကမ်းပျက်မောင်းနှင်ခြင်းများကြောင့် ယာဉ်အန္တရာယ်များဖြစ်ပေါ်လာရသည်။ယာဉ်မတော်တဆထိခိုက်ဒဏ်ရာရရှိမှုများသည် နိုင်ငံတော်အတွက် လူမှုရေး၊ စီးပွားရေးဆုံးရှုံးမှုများစွာ ဖြစ်ပေါ်စေပါသည်။

၂၀၁၈ ခုနှစ်တွင် ယာဉ်တိုက်မှုကြောင့် ကမ္ဘာ့လူဦးရေ ၁.၃၅ သန်းခန့် သေဆုံးခဲ့ပြီး ၂၅ စက္ကန့်တိုင်းတွင် လူ ၁ ဦးနှုန်း သေဆုံးနေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ နှစ်အလိုက်ထုတ်ပြန်သော Global Status Reports On Road Safety ၌ ဖော်ပြထားပါသည်။ Road Accident ကြောင့် နိုင်ငံအများစုတွင် နှစ်စဉ် GDP (၃%)မှ (၅%) အထိ ဆုံးရှုံးနေရပါသည်။မြန်မာနိုင်ငံတွင် ၂၀၂၂ခုနှစ်အတွင်း ယာဉ်တိုက်မှုပေါင်း ၆၄၂၀ မှု ဖြစ်ပွားခဲ့ပြီး ယာဉ်တိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရသူ ဦးရေ ၈၃၁၁ ဦးနှင့် သေဆုံးသူ ၃၁၅၈ ဦးရှိခဲ့ပါသည်။ ယာဉ်မတော်တဆမှုသည် ကြိုတင်မခန့်မှန်းနိုင်သော်လည်း ကြိုတင်ကာကွယ်နိုင်သောအရာ ဖြစ်သည်။ ယာဉ်မတော်တဆမှုများအား လေ့လာရာတွင် မော်တော်ယာဉ်မောင်းနှင်သူနှင့်လိုက်ပါစီးနင်းသူများ အသက်ကယ်ထိုင်ခုံခါးပတ် ဝတ်ဆင်မှုမရှိခြင်း၊ သတ်မှတ်ထားသော အမြန်နှုန်းထက် ပိုမိုမောင်းနှင်ခြင်း၊ ယာဉ်မောင်းအရက်သေစာသောက်စားထားခြင်းနှင့် ယာဉ်မောင်းနေစဉ် လက်ကိုင်ဖုန်းအသုံးပြုခြင်းတို့ကြောင့်ဖြစ်သည့် ယာဉ်တိုက်မှု၊ လူသေဆုံးမှုများက အများဆုံး ဖြစ်နေပါသည်။

နိုင်ငံအတွင်းရှိပြည်သူအများစုမှာ မော်တော်ယာဉ်ပေါ်၌လိုက်ပါစီးနင်းရာတွင် ဖြစ်စေ၊ မော်တော်ယာဉ်အား မောင်းနှင်ရာတွင်ဖြစ်စေ အသက်ကယ်ထိုင်ခုံခါးပတ် ပတ်ခြင်းနှင့် စပ်လျဉ်း၍ အခြေခံဗဟုသုတအားနည်းခြင်းကြောင့် အသက်ကယ်ထိုင်ခုံခါးပတ် ပတ်၍ မောင်းနှင်စီးနင်းခြင်းမပြုသဖြင့် ယာဉ်မတော်တဆမှုများဖြစ်ပွားရာ၌ သာမန်ယာဉ်တိုက်မှု ဖြစ်စဉ်လေးမှာပင် အသက်မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးရသည့်ဖြစ်စဉ်များလည်း ရှိပါသည်။ ၂၀၂၂ ခုနှစ်တွင် မြန်မာနိုင်ငံ၌ အသက်ကယ်ထိုင်ခုံခါးပတ်ပတ်၍ မောင်းနှင်ခြင်း မပြုလုပ်သဖြင့် ဒဏ်ရာရသူ ဦးရေ ၁၇၈၇ ဦး ရှိပြီး သေဆုံးသူဦးရေ ၆၆၈ ဦး ရှိခဲ့ပါသည်။ သို့ဖြစ်ပါ၍ပြည်သူများအနေဖြင့် အသက်ကယ်ထိုင်ခုံခါးပတ် ပတ်ခြင်း၏ ကောင်းကျိုးများဖြစ်သည့် (ဒဏ်ရာရမှု၊ ကိုယ်အင်္ဂါမသန်စွမ်းဖြစ်မှု၊ သေဆုံးမှုများမရှိခြင်း) စသည့်အခြေအနေများကို သိရှိမှသာလျှင် ကိုယ်ပိုင်အသိစိတ်ဖြင့် အသက်ကယ်ထိုင်ခုံခါးပတ် ပတ်ခြင်း အလေ့အကျင့်ကို ရရှိလာစေမည်ဖြစ်သည်။

အသက်ကယ်ထိုင်ခုံခါးပတ်ကို အင်္ဂလန်နိုင်ငံသား အင်ဂျင်နီယာ George Cayley က 19 ရာစုအလယ်ပိုင်းမှ စတင်တီထွင်ခဲ့ပြီး Safety Belts များကို လေယာဉ်များတွင် ၁၉၁၀ ပြည့်နှစ်ခန့်က စတင်သုံးစွဲခဲ့ပါသည်။ ၁၉၄၀ ပြည့်လွန်နှစ်များတွင် မော်တော်ယာဉ်များတွင်သုံးပါက အတော်အတန်ဒဏ်ခံနိုင်ပြီး ထိခိုက်ဒဏ်ရာရမှုများကို လျော့နည်းစေနိုင်ကြောင်း တွေ့ရှိခဲ့ကြသည်။ ၁၉၈၃ ခုနှစ်နောက်ပိုင်း ထုတ်လုပ်သော ကားအများစုတွင် ခါးပတ် ပတ်မထားပါက Dashboard Panel တွင် အချက်ပြမီးလင်းနေခြင်းဖြင့် ခါးပတ်ပတ်ရန်

သတိပေးသည့်စနစ်များကိုထည့်သွင်းခဲ့သည်။ ၂၀၀၀ပြည့်နှစ်နောက်ပိုင်းထုတ်လုပ်သော ကားများတွင်မူ ခါးပတ်ပတ်မထားပါက DashboardPanelတွင်အချက်ပြမီးလင်းရုံသာမက အသံဖြင့်သတိပေးသောစနစ်များကိုလည်း ထည့်သွင်းပေးခဲ့သည်။ ဖွံ့ဖြိုးပြီးနိုင်ငံများ၌ ကားမောင်းနေစဉ် လုံခြုံမှုခါးပတ်ကို ပတ်ထားရန်အတွက် မော်တော်ယာဉ် Sensor မှတစ်ဆင့် သတိပေးနှိုးဆော်ရန် မလိုအောင်ပင် နိုင်ငံသားတို့၏ အသိဉာဏ်ဗဟုသုတ မြင့်မားကြသည်။ မော်တော်ယာဉ်များတွင် ထိုင်ခုံခါးပတ် ပတ်ပြီး မောင်းနှင်မှုမရှိပါက Dashboard Panel မှတစ်ဆင့် အချက်ပြမီးလင်းခြင်း၊ အသံဖြင့်သတိပေးသော စနစ်များမှတစ်ဆင့် သတိပေးခြင်းများရှိသော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် ထိုအချက်ပြစနစ်များကို လျစ်လျူရှုပြီး Sensor မီးနှင့် သတိပေးအသံများ ပျောက်ကွယ်ရန်အတွက် အရုပ်ခါးပတ်ခေါင်းများကို အသုံးပြုခဲ့ကြသည်။ ဖွံ့ဖြိုးမှုနောက်ကျသော နိုင်ငံများနှင့် ဆင်းရဲသောနိုင်ငံများ၌ Safety ပိုင်းအတွက် ကားများတွင် တပ်ဆင်ပါရှိသော ခါးပတ်များကိုပင် ဖြုတ်၍ မောင်းနှင်နေကြသည်ကို တွေ့မြင်နေရပါသည်။ ထိုင်ခုံခါးပတ် ပတ်ခြင်း၏ ကောင်းကျိုးများကို မသိရှိသောကြောင့် တစ်စုံတစ်ရာ အန္တရာယ်ဖြစ်ပေါ်လာသည့်အခါတွင် ထိခိုက်မှုများ ပိုမိုဆိုးရွားခြင်း၊ မလိုလားအပ်ဘဲ အသက်များစွာ ဆုံးရှုံးရခြင်းများ ရှိခဲ့ပါသည်။

မော်တော်ယာဉ်များရှိ Seat Belt များတွင် ရိုးရိုးသိုင်းကြိုး Lap Band နှင့် ပခုံးထိန်းကြိုးပါသည့် Shoulder Band ဟူ၍ ၂ မျိုးရှိပါသည်။ Shoulder Band သည် လူ့ခန္ဓာကိုယ်နှင့် လည်ပင်း၊ ဦးခေါင်းပိုင်းတို့ကို အထူးသဖြင့် ကာကွယ်ပေးမှုပေးနိုင်ပါသည်။ ခရီးသည်တင်ယာဉ်များနှင့် လူစီးယာဉ်ငယ်များတွင် ရှေ့ဆုံးခုံတန်းနှင့် ယာဉ်၏ရှေ့ခန်းတို့တွင် Shoulder Band တပ်ဆင်ထားပြီးနောက်ထိုင်ခုံများတွင် ယာဉ်၏ဘေးအန္တရာယ် ဖြစ်နိုင်ခြေပေါ် မူတည်၍ Shoulder Band ရော Lap Band ပါ တပ်ဆင်ထားရှိပါသည်။ ဥပမာအားဖြင့် လူစီးယာဉ်ငယ်များ၏ နောက်ထိုင်ခုံဘေးခုံ ၂ ဖက်တွင် ထိုင်သောသူများမှာ ရှေ့ရှိထိုင်ခုံနှင့် ဆောင့်မိနိုင်ခြေရှိသဖြင့် Shoulder Band တပ်ဆင်ထားပြီး အလယ်တွင်ထိုင်သောသူမှာ ရှေ့ရှိထိုင်ခုံနှင့် ဆောင့်မိနိုင်ခြေမရှိသဖြင့် Lap Band သာတပ်ဆင်ထားရှိကြောင်း တွေ့ရှိရပါသည်။ တစ်နာရီကီလိုမီတာ ၈၀ နှုန်းဖြင့် မောင်းနှင်နေသော ကားတစ်စီးသည် ရုတ်တရက်အတားအဆီးပေါ်လာ၍ ကားချင်းတိုက်မိသည့်အခါ၊ စက်ပိုင်းဆိုင်ရာချို့ယွင်းပြီး လမ်းဘေးရှိ သစ်ပင်၊ အုတ်ခုံ စသည်တို့ကို ဝင်တိုက်မိသည့်အခါတွင် ကားမှာချက်ချင်းဆိုသလိုရပ်တန့်သွားမည်ဖြစ်သော်လည်း ရူပဗေဒဆိုင်ရာ အင်နားရှားသဘောတရားအရ ကားမောင်းသူနှင့်စီးနင်းလာသူများမှာ မူလအရှိန်ဖြစ်သည့် တစ်နာရီလျှင် ကီလိုမီတာ ၈၀ နှုန်းဖြင့် ဆက်လက်ရွေ့လျားနေဆဲပင်ဖြစ်သည်။ အကယ်၍ခါးပတ်ကိုမပတ်ထားခဲ့လျှင် အင်နားရှားသဘောတရားအရရွေ့လျားနေဆဲဖြစ်သော



လူ့ခန္ဓာကိုယ်သည် စတီယာရင်နှင့်ဆောင့်မိခြင်း၊ အရှိန်ပြင်းလွန်းပါက ရှေ့လေကာမှန်ကွဲ၍ အပြင်သို့ထွက်ကျခြင်းများ ဖြစ်ပွားပြီး ပြင်းထန်စွာ ဒဏ်ရာရခြင်းနှင့် ထိခိုက်သေဆုံးခြင်းများအထိ ဖြစ်ပေါ်နိုင်သည်။ အလားတူပင်ကားနောက်ခန်း၌လိုက်ပါလာသူသည်လည်း ခါးပတ်မပတ်ထားပါက ရှေ့ထိုင်ခုံ၊ ကားခေါင်မိုး၊ ဘေးတံခါးတို့ကို ပြင်းထန်သောအရှိန်ဖြင့်ဝင်ဆောင့်မိကာထိခိုက်မှုမှသည်သေဆုံးမှုများအထိ ဖြစ်ပွားနိုင်သည်ကို သတိပြုကြရန် လိုအပ်ပေသည်။ လေ့လာမှုများအရ ယာဉ်မောင်းသူနှင့် ယာဉ်ပေါ်ပါသူများအတွက် အသက်ကယ်ထိုင်ခုံခါးပတ်ကို အသုံးပြုခြင်းဖြင့် ယာဉ်မတော်တဆဖြစ်ပွားပါက အသက်သေဆုံးမှုအန္တရာယ်မှ ၄၅ ရာခိုင်နှုန်းလျှော့ချပေးနိုင်မည်ဖြစ်ပြီး ထိခိုက်ဒဏ်ရာပြင်းထန်စွာ ရရှိမှုမှ ၅၀ ရာခိုင်နှုန်းလျှော့ချပေးနိုင်မည် ဖြစ်သည်။

(Child Seats Save Little Lives) မော်တော်ယာဉ်များတွင် ကလေးအသက်ကယ်ထိုင်ခုံများ အသုံးပြုခြင်းဖြင့် ကလေးသူငယ်များအသက်ကို ကာကွယ်ရပါမည်။ ကလေးငယ်များကို ကားရှေ့ခန်းမှာ ပေါင်ပေါ်တင်ပြီး စီးနင်းခြင်းကလည်း ကလေးများအတွက် အလွန်အန္တရာယ်ကြီးစေပါသည်။ အရှိန်ပေါ်မှုတည်ပြီး လောက်လေးခွနှင့်ပစ်လိုက်သကဲ့သို့ ကလေးများ၏ခန္ဓာကိုယ်မှာ ရှေ့သို့ အလွယ်တကူလွင့်စင်သွားနိုင်ပါသည်။ ထို့ကြောင့် မိဘများက မှန်ကန်သော ကလေးအသက်ကယ်ထိုင်ခုံအား ရွေးချယ်ပေးရန် လိုအပ်ပြီး ကလေးငယ်၏ကိုယ်အလေးချိန်နှင့်ကိုက်ညီမှုရှိသော ကလေးအသက်ကယ်ထိုင်ခုံကို ရွေးချယ်ဝယ်ယူရပါမည်။ အကယ်၍ ကလေးငယ်သည် ကလေးထိုင်ခုံ၏ သတ်မှတ်ထားသော အလေးချိန်ထက်ပိုများနေခြင်း (သို့မဟုတ်) နည်းနေခြင်းများ ဖြစ်နေမည်ဆိုပါက ယာဉ်မတော်တဆထိခိုက်မှုဖြစ်ပွားချိန်တွင် ကလေးငယ်အား အထိရောက်ဆုံးအကာအကွယ်ရရှိနိုင်မည် မဟုတ်ပါ။ တပ်ဆင်အသုံးပြုမည့် ကလေးအသက်ကယ်ထိုင်ခုံ (Child Restraint) သည် ယာဉ်တိုက်ခိုက်မှုဖြစ်ပွားချိန်တွင် ကလေးငယ်ကို ထိခိုက်မှုမရှိအောင် တည်ဆောက်ထားရပါမည်။ မူရင်းထိုင်ခုံရှိ အသက်ကယ်ထိုင်ခုံခါးပတ်များကို ပျက်စီးခြင်းမရှိစေရေး လွယ်ကူစွာ ဖြုတ်ခြင်း၊ တပ်ခြင်း ပြုလုပ်နိုင်ရပါမည်။ ယာဉ်မတော်တဆမှုဖြစ်ပွားပါက ကလေးငယ်အား ထိုင်ခုံခါးပတ် ပတ်ထားပေးခြင်းသည် ကလေးငယ်၏အသက်ကို အဆ ၂၀ ပိုမိုအကာအကွယ်ပေးနိုင်ပါသည်။ ၂၀၂၂ ခုနှစ်က ထုတ်ပြန်သော ယာဉ်အန္တရာယ် ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုနည်းဥပဒေများ နည်းဥပဒေ ၇၄ ။ (က) ၌ မော်တော်ယာဉ်တွင် အသက် (၁၀)နှစ်အောက်ကလေးငယ်တင်ဆောင်မည်ဆိုပါက ကလေးငယ်၏ အသက်အရွယ်နှင့် ခန္ဓာကိုယ်အချိုးအစားအလိုက် ထုတ်လုပ်ထားသည့် ကလေးအသက်ကယ်ထိုင်ခုံနှင့် ခါးပတ် (Child Restraint and Seat Belt) တပ်ဆင်ထားရှိရမည်။ ထိုသို့ မော်တော်ယာဉ်တွင် တပ်ဆင်နိုင်ရန် ကလေးအသက်ကယ်ထိုင်ခုံအထိုင် (Child Restraint Fixtures) များ ပါရှိရမည်ဟူ၍ ထုတ်ပြန်ခဲ့ပါသည်။

မော်တော်ယာဉ်များတွင် အသက်ကယ်ထိုင်ခုံခါးပတ်၏ ကာကွယ်မှုအပြည့်အဝရရှိစေရန် အချက် ၃ ချက်အား စစ်ဆေးရပါမည်။

(၁) Slide လိုင်းထဲတွင်ရှိသည့် ထိုင်ခုံမှာ Locking Device ကို မ,ပြီး ရွှေ့သည်မှလွဲ၍ လှုပ်ရုံနဲ့ မရွေ့ရ/ Slide လိုင်းထဲတွင် မပြေးရပါ။

(၂) Slide လိုင်းထဲရှိ Frame ၏ ဘော်ဒီကြမ်းခင်းမှ Nut တွေ ခိုင်မြဲရပါမည်။ Nut လေးလုံးဖမ်းရမည့်နေရာတွင် Nut သုံးလုံးတည်း ဖမ်းထားခြင်း၊ Nut နှစ်လုံးကို ကန့်လန့်ဖမ်းထားခြင်းမျိုး မဖြစ်စေရပါ။ Nut များ အပြည့်အဝ မဖမ်းထားပါက ထိုင်ခုံလှုပ်နိုင်သည့်အတွက် ခါးပတ်ပတ်ထားသော်လည်း အကျိုးသက်ရောက်မှု မရှိနိုင်ပါ။

(၃) အသက်ကယ်ခါးပတ်၏ Function များ ပြည့်ပြည့်ဝဝ အလုပ်လုပ်ရပါမည်။ ခါးပတ်ကို ဖြည်းဖြည်းဆွဲပါက ပါလာရမည်။ ဆောင့်ဆွဲပါက တင်းသွားရမည်။ ဆောင့်ဆွဲလျှင် ပျော့ပျော့ပါလာပါက ခါးပတ်၏ မူလ Function များ အလုပ်မလုပ်ဘဲ ပင်နယံများကျိုးနေမှာ ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ယာဉ်ပိုင်ရှင်အများစုမှာ မော်တော်ယာဉ်အား တန်ဖိုးထားထိန်းသိမ်းသည့် အမူအကျင့်များရှိရာ ယာဉ်ကြမ်းခင်းအား Leather ပလပ်စတစ်ခင်းခြင်း၊ ထိုင်ခုံအခြောက်လျှော်ခြင်းများ ပြုလုပ်သည့်အခါ ထိုင်ခုံများအား ဖြုတ်ပြီးမှ ဆောင်ရွက်ခြင်းများ





ကားနောက်ခန်း၌ လိုက်ပါလာသူသည်လည်း ခါးပတ်မပတ်ထားပါက ရှေ့ထိုင်ခုံ၊ ကားခေါင်မိုး၊ ဘေးတံခါးတို့ကို ပြင်းထန်သောအရှိန်ဖြင့် ဝင်ဆောင့်မိကာ ထိခိုက်မှုမှသည် သေဆုံးမှုများအထိ ဖြစ်ပွားနိုင်...

ရှိပါသဖြင့် ထိုင်ခုံများ ပြန်တပ်ဆင်ရာတွင် မူလစက်ရုံမှ ကြပ်ပေးလိုက်သည့် အတိုင်းမဖြစ်ဘဲ Nut များ လျော့နေခြင်း၊ Nut များ အပြည့်အစုံ ပြန်ကြပ်မပေးလိုက်ခြင်းများ ဖြစ်ပေါ်နိုင်ပါ၍ အဆိုပါကိစ္စရပ်များ မဖြစ်မနေ ဆောင်ရွက်ရမည်ဆိုလျှင်လည်း Nut များ ကြပ်/မကြပ်၊Nutများစုံ/မစုံသေချာစွာဂရုပြုစစ်ဆေးသင့်ကြောင်း အကြံပြုလိုပါသည်။

ကမ္ဘာ့နိုင်ငံအများစုတွင်၁၉၇၀ပြည့်နှစ်လွန်ကာလများကတည်းမှစတင်၍ ယာဉ်မောင်းနှင်သူ၊ လိုက်ပါစီးနင်းသူများ အသက်ကယ်ထိုင်ခုံခါးပတ် ပတ်ရန် ဥပဒေများ ပြဋ္ဌာန်းခဲ့ပြီး အာရှနိုင်ငံများနှင့် အာဆီယံနိုင်ငံများတွင်လည်း Seat Belt Law ဥပဒေများပြဋ္ဌာန်းပြီး ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံတွင်လည်း ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအား ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၆ ဖြင့် ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၆ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီး ဥပဒေပုဒ်မ ၇၅ (၃) ၌ အသက်ကယ်ထိုင်ခုံခါးပတ် ပတ်ရန် သတ်မှတ်ထားသည့် မော်တော်ယာဉ်ကို မောင်းနှင်နေစဉ် ကိုယ်တိုင်ဖြစ်စေ၊ လိုက်ပါစီးနင်းသူများကိုဖြစ်စေ အသက်ကယ်ထိုင်ခုံခါးပတ်ကို တပ်ဆင်ခြင်းမပြုဘဲ မောင်းနှင်ခြင်းမပြုရဟုပြဋ္ဌာန်းထားပြီးတားမြစ်ချက်ကိုဖောက်ဖျက်ကျူးလွန်သူသည် ဥပဒေပုဒ်မ ၈၆ အရ ကျပ် သုံးသောင်းထက်မပိုသော ငွေဒဏ်ချမှတ်ခြင်းခံရမည် ဖြစ်ပါသည်။

ယခုအခါမြန်မာနိုင်ငံအမျိုးသားယာဉ်အန္တရာယ်၊လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းစီမံချက် (၂၀၂၁- ၂၀၃၀) ကို ရေးဆွဲထားပြီး ဆောင်ရွက်မည့် လုပ်ငန်းများ၏ ကဏ္ဍ (၂) Guidelines for Road Safety အမှတ်စဉ် (၃) ၌ ယာဉ်မတော်တဆမှုကြောင့် အသက်အန္တရာယ်ဆုံးရှုံးမှု/ အပြင်းအထန် ထိခိုက်ဒဏ်ရာရမှုတို့ အကာအကွယ်ပေးနိုင်ရေး အစီအမံများဖြစ်သည့် အသက်ကယ် ထိုင်ခုံခါးပတ် အသုံးပြုရေး၊ ကလေးအသက်ကယ် ထိုင်ခုံခါးပတ် အသုံးပြုရေးတို့နှင့် စပ်လျဉ်းသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ထိရောက်စွာ စစ်ဆေးအရေးယူနိုင်ရေး နည်းလမ်းများ သုံးသပ်ချမှတ်ဆောင်ရွက်သွားရန် ရေးဆွဲထားပါသည်။ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ (NRSC) မှ အဆိုပါစီမံချက်အား ထိရောက်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်လျက်ရှိပါသည်။ NRSC ၏ Quick Win အစီအမံ (၅) ရပ်၌လည်း ထည့်သွင်းထားသည့်အပြင် အသက်ကယ်ထိုင်ခုံခါးပတ် မပတ်ခြင်းသည် အသက်ကယ်ထိုင်ခုံခါးပတ်ပတ်၍မောင်းနှင်ခြင်းထက် ဒဏ်ရာရမှု၌ (၃.၆၂) ဆ၊ သေဆုံးမှု၌ (၆.၈၂) ဆ ပိုမိုလျက်ရှိသည့်အတွက် မော်တော်ယာဉ်မောင်းနှင် စီးနင်းသူအားလုံး ထိုင်ခုံခါးပတ်အသုံးပြုစေရေး တိုးမြှင့်ကြပ်မတ် စိစစ်ဆောင်ရွက်လျက် ရှိပါသည်။ ပြည်သူများ အသက်ကယ်ထိုင်ခုံခါးပတ် ပတ်ခြင်း ကိစ္စရပ်နှင့် စပ်လျဉ်း၍ နိုင်ငံတော်မှ အထူးအလေးထား လိုက်နာစေလိုလျက်ရှိသည်ကို သိမြင်နိုင်ပါသည်။

ယာဉ်မတော်တဆမှုဆိုသည်မှာ ကြိုတင်ကာကွယ် သတိမူခြင်းဖြင့် အသက်အန္တရာယ်ထိခိုက်ဆုံးရှုံးမှုမှ ကာကွယ်နိုင်မည်ဖြစ်ပါသည်။ မိမိကိုယ်တိုင် ယာဉ်မောင်းနှင်သည်ဖြစ်စေ၊ လိုက်ပါစီးနင်းရသည့်အခါမျိုးတွင် ဖြစ်စေ အသက်ကယ်ထိုင်ခုံခါးပတ်ကို နည်းစနစ်မှန်ကန်စွာ အသုံးပြုရမည်ဖြစ်ပြီး မည်သူ၏ကျွမ်းကျင်မှုကိုမျှ ယုံကြည်၍ မိမိအသက်အား မစွန့်စားသင့်ပါ။ အသက်ကယ်ထိုင်ခုံခါးပတ် တစ်ခါအသုံးပြုတိုင်း မိမိအသက်ကို တစ်ကြိမ် ကာကွယ်ရာရောက်မည် ဖြစ်ပါသည်။ သို့ပါ၍ "တန်ဖိုးရှိသည့် မိမိတို့၏အသက်များ ကာကွယ်ဖို့၊ မော်တော်ယာဉ် အသုံးပြုစဉ် အသက်ကယ်ထိုင်ခုံခါးပတ်များ ပတ်ကြစို့" ဟူ၍ တိုက်တွန်းလိုက်ရပါသည်။

စစ်မျိုးလေး(ကညန)

**ပြည်သူများ အသက်ကယ်ထိုင်ခုံခါးပတ် ပတ်ခြင်း ကိစ္စရပ်နှင့် စပ်လျဉ်း၍ နိုင်ငံတော်မှ အထူးအလေးထား လိုက်နာစေလိုလျက်ရှိ...**






အခန်း(၁)

"ရေကြောင်းကောလိပ်က ဝင်ခွင့်တွေခေါ်နေပြီ"ဟု သူငယ်ချင်း အောင်အောင်က သတင်းစာကိုယူလာကာ အပြေးအလွှားလာပြောသည်။ ကျွန်တော်လည်း အတော်စိတ်လှုပ်ရှားသွားသည်။ မိမိရည်ရွယ်ရာ အိပ်မက်လမ်းကို စတင်လျှောက်လှမ်းခွင့်ရတော့မည် မဟုတ်ပါလား။ "ဒါနဲ့ အမှတ်ဘယ်လောက်ဆို လျှောက်လို့ရလဲ၊ လျှောက်လွှာက ဘယ်တော့ပိတ်မလဲ၊ ငါ့အမှတ်က မီပါ့မလား သူငယ်ချင်း"ဟု မျှော်လင့်တကြီးနှင့် မေးမိသည်။ "ဒီနှစ်က အမှတ် ၄၀၀ ကစလို့ လျှောက်လို့ရတယ်ကွ။ လျှောက်လွှာပိတ်ဖို့ကလည်း တစ်လလောက်လိုသေးတယ်"ဟု သူငယ်ချင်းအောင်အောင် ပြောလိုက်မှကျွန်တော်အတိုင်းမသိအားတက်ဝမ်းသာသွားမိသည်။စိတ်သက်သာရာလည်း အနည်းငယ်ရသွားပြီး အမှတ်စာရင်းသိရသည့် နေ့ကပင် အမှတ်မမီ၍ လျှောက်ခွင့်မရခဲ့လျှင်ဆိုသည့် စိုးရိမ်စိတ်က ယခုမှ မီးစရေချသလို ငြိမ်းအေးသွားတော့သည်။ Seafarer တစ်ဦးဖြစ်ဖို့ ရည်မှန်းထားသည့် မိမိအတွက် ရေကြောင်းကောလိပ် တက်ခွင့်ရရှိရေးက အဓိကကျလှသည် မဟုတ်ပါလော။

အခန်း(၂)

ကျွန်တော်တို့ မြန်မာ့လူမှုအသိုင်းအဝိုင်းကြားတွင် ဓလေ့တစ်ခု ရှိသည်။ မိဘဘိုးဘွားများက သားသမီးမြေးမြစ်များကို "သားတို့ သမီးတို့ကြီးရင်ဘာလုပ်မလဲ"ဟုမေးတတ်ကြသည်။မြန်မာကလေးတိုင်း ထိုကဲ့သို့မေးခွန်းမျိုး အမေးခံဖူးကြမည်ဟု ကျွန်တော်ထင်သည်။ မိဘအများစုကလည်း သူတို့ဖြစ်စေချင်သလို "ဆရာဝန်ကြီး လုပ်မယ်၊ အင်ဂျင်နီယာကြီး လုပ်မယ်"ဟု ပြန်ဖြေမှ ကြိုက်တတ်ကြသည်။သူတို့ဖြစ်စေချင်သည့်ဆန္ဒနှင့်ဆန့်ကျင်နေလျှင်သိပ်မကြိုက်တတ်ကြ။ မြန်မာလူမှုအသိုင်းအဝိုင်းကြားမှာကလည်း ဆရာဝန်၊ အင်ဂျင်နီယာလောက်မှ ဂုဏ်လည်းရှိ၊ စီးပွားလည်းဖြစ်နိုင်သည်ဟု တွေးထင်နေကြသည်။ကျွန်တော်လည်းငယ်ရွယ်စဉ်ကလူကြီးမိဘများက မေးလျှင် "ဆရာဝန်ကြီး လုပ်မယ်၊ အင်ဂျင်နီယာကြီး လုပ်မယ်"ဟုသာ ဖြေခဲ့ဖူးသည်။

ထိုစဉ်က ဖြေသာဖြေရသော်လည်း သူတို့အကြောင်း ကျွန်တော် သေသေချာချာ ဂဃနဏမသိခဲ့။ အဘိုးကိုမေးကြည့်တော့ "ဆရာဝန်က ဆေးကုသူ၊ အင်ဂျင်နီယာက လမ်းတံတား၊ အိမ်ဆောက်သူ"ဟု သာ ကျွန်တော် နားလည်လွယ်အောင် အဘိုးက ဖြေပေးခဲ့သည်။ ဆေးအိတ်ကိုလွယ်ပြီး ရွာအတွင်း လှည့်လည်ကာ ဆေးကုသပေးနေသည့် ဆေးဆရာကြီး ဦးသိန်းထွန်းလောက်ကို ဆရာဝန်ဟု ကျွန်တော်ထင်ခဲ့သည်။အင်ဂျင်နီယာကအိုးအိမ်ဆောက်လုပ်တတ်သည့် လက်သမားဆရာကြီး ဦးသာချမ်းတို့လို ဖြစ်လိမ့်မည်ဟု ကျွန်တော်ယူဆခဲ့ဖူးသည်။ လူကြီးများ၏ အမေးနှင့် ကလေးများ၏ အဖြေမှာ သူ့အခါနှင့် သူ့အထာ၊ သဘာဝတော့ ကျနေလေသည်။ ကလေးချင်းကစားကြစဉ်မှာပင် ကျွန်တော်က ဆရာဝန် သို့မဟုတ် အင်ဂျင်နီယာလုပ်ကာ ဝင်ကစားလေ့ရှိခဲ့သည်။ ထိုကဲ့သို့ အတွေ့အကြုံမျိုးက လူတိုင်းကြုံခဲ့ကြရသည် မဟုတ်ပေလော။

အခန်း(၃)

ကျွန်တော် အဌမတန်းအောင်၍အထက်တန်းကျောင်းရှိသည့် မြို့ကျောင်းသို့ ပြောင်းတက်ရသည်။ ကျွန်တော်တို့ရွာတွင် အလယ်တန်းကျောင်းသာရှိသဖြင့် အထက်တန်းတက်ရန် မိဘများက မြို့

ကျောင်းထားပေးသည်။ ထိုအချိန်မှစ၍ ကျွန်တော် လူရည်လည် စပြုလာပြီး လူမှုအသိုင်းဝိုင်းများအကြား ဘဝတည်ဆောက်မှု မတူညီကြပုံ၊ တိုးတက်ကြီးပွားမှုခြားနားပုံကို သတိပြုမိလာတော့သည်။ နဝမတန်းတွင် ရူပဗေဒကျူရှင်သင်ပေးသည့် ဆရာဦးချစ်ထွေးက စာသင်ရင်း ဗဟုသုတများကို ရံဖန်ရံခါပြောပြတတ်သည်။ ဒီဂျစ်တယ်နည်းပညာတိုးတက်မှုနှင့်အတူ ကမ္ဘာကြီးကို ရွာတစ်ရွာအဖြစ် တင်စားလာကြပုံ၊ ကျောင်းသားများ၏ အနာဂတ်မျှော်မှန်းချက်ထားသင့်ပုံများ၊ တက္ကသိုလ်ဝင်တန်းအောင်ပါက ရွေးချယ်နိုင်သည့် တက္ကသိုလ်ကောလိပ်များအကြောင်းကိုလည်း အခါအားလျော်စွာ ပြောပြတတ်သည်။

ဆေးတက္ကသိုလ်တက်မည်ဆိုလျှင် အမှတ် ၅၀၀ ဝန်းကျင်ရအောင် ကြိုးစားရမည်ဖြစ်ကြောင်း၊ နည်းပညာတက္ကသိုလ်များမှာ အမှတ် ၄၅၀ ခန့်ရရန် လိုအပ်သည်ဖြစ်ကြောင်း၊ ကွန်ပျူတာတက္ကသိုလ်များကအစ ပညာရေးဆိုင်ရာတက္ကသိုလ်အဆုံး အချိန်ရလျှင်ရသလို ဆရာက ကျွန်တော်တို့ကို ပြောပြလေ့ရှိသည်။ ဆရာပြောပြသည့်အထဲတွင် ကျွန်တော်စိတ်အဝင်စားဆုံးက ရေကြောင်းဘက်ဆိုင်ရာတက္ကသိုလ်ကောလိပ်များပင်။ အထူးသဖြင့် တစ်ချိန်က ရေကြောင်းပညာသိပ္ပံဟုခေါ်ခဲ့သည့် ရေကြောင်းကောလိပ်ကို ကျွန်တော်အထူးပင် သဘောကျမိသည်။ တက္ကသိုလ်ဝင်တန်းတွင် အမှတ် ၄၂၀ နှင့်အထက်ရရှိပါက ဝင်ရောက်လျှောက်ထားနိုင်ပြီး အမှန်တကယ် သင်္ဘောလိုက်၍ရသည့် ဘာသာရပ်များကိုသာ သင်ကြားပေးသည်ဟု သိရသည်။ တက်ရောက်ရမည့်အချိန်ကလည်း ၂ နှစ်မျှသာဖြစ်နေသဖြင့် မြန်မြန်ပြီး မြန်မြန်လုပ်ငန်းခွင်ဝင်နိုင်မည် မဟုတ်ပါလား။

ရေကြောင်းတက္ကသိုလ်အကြောင်းကျွန်တော်ဆက်၍လေ့လာကြည့်ရာ အချို့မေဂျာများက (၆)နှစ်အထိ တက်ရမည့်အပြင် ရေကြောင်း(Nautical Science)၊ အင်ဂျင်(Marine Engineering)၊ လျှပ်စစ်(Marine Electrical)ကဲ့သို့ မေဂျာမျိုးမရပါက သင်္ဘောသားဖြစ်ရန် အခွင့်အလမ်းနည်းပါးသည်။ ကျွန်တော့မိဘများမှာလည်း သိပ်အပြေလည်ကြီးမဟုတ်။စားနိုင်သောက်နိုင်ရုံမျှသာ။နှစ်အကြာကြီး ကျောင်းတက်ရန်မှာ ကျွန်တော့အတွက်မလွယ်ကူလှ။ ၉တန်း၊ ၁၀တန်းကိုပင် သူများတွေကဲ့သို့ ကိုယ့်အိမ်ကိုယ့်ယာကနေပြီး တက်ရသည်မျိုး မဟုတ်သည့်အတွက် မိဘများမှာ ကုန်ကျစရိတ်များလှသည်။ ကျွန်တော်အတွေးနယ်ချဲ့ရာမှ ကျွန်တော့်ရည်မှန်းချက်ခိုင်မာသွားခဲ့သည်။ "ငါ တက္ကသိုလ်ဝင်တန်းမှာ အမှတ် ၄၅၀ ခန့်ရအောင် ကြိုးစားမယ်၊ ရေကြောင်းကောလိပ်ကိုတက်ပြီး နောင်တစ်ချိန်မှာ သင်္ဘောသားအရာရှိကြီးဖြစ်အောင် ကြိုးစားမယ်"ဟု မိမိကိုယ်ကို မိမိဆုံးဖြတ်ချက်ချထားမိသည်။

ကျွန်တော်၏ အတန်းဖော်သူငယ်ချင်း အောင်အောင်အား ကျွန်တော့်ရည်မှန်းချက်ကို ပြောပြခဲ့ရာ "ငါ့မိဘတွေကလည်း ငါ့ကို အဲဒီကျောင်းတက်စေချင်ကြတယ်။ငါလည်းဘာလုပ်ရမှန်းမသိဘူး၊ ငါရေကြောက်တာ မင်းသိတာပဲ"ဟု အောင်အောင်က ညည်းညည်းညူညူပြန်ပြောပြီး"ဘာပဲဖြစ်ဖြစ် မင်းလည်း အဲဒီကျောင်းတက်မယ်ဆိုတော့ငါတို့အတူတက်ကြတာပေါ့"ဟုအဖော်ညှိလာသည်။"ငါတို့ရေကြောင်းကောလိပ် တက်ခွင့်ရအောင် တက္ကသိုလ်ဝင်တန်းမှာ ကြိုးစားကြတာပေါ့"ဟု နှစ်ဦးသား အတိုင်အဖောက်ညီညီ တိုင်ပင်ထားခဲ့ကြသည်။

အခန်း(၄)

ကျွန်တော်တို့တက္ကသိုလ်ဝင်တန်းကိုရောက်ခဲ့ပြီ။ကျွန်တော့မှာ နှစ်စကပင် အားထည့်ကာ ကြိုးစားခဲ့သည်။ အချိန်ကို အလဟဿ မဖြုန်းတီးဘဲ စာကို ပုံမှန်ကြိုးစားလာခဲ့သည်။လိုအပ်သည့် ရမှတ်ကို ရမှသာ မိမိရည်မှန်းချက် အကောင်အထည်ဖော် နိုင်မည်မဟုတ်ပါလော။ ကျွန်တော့်သူငယ်ချင်း အောင်အောင်မှာလည်း ကြိုးစားသူတစ်ဦးဖြစ်သလို သူတို့မိသားစုမှာ အစစအရာရာ ပြည့်စုံလှသည်။ မိဘများ၏ပံ့ပိုးမှုကလည်း ကောင်းလှပြီး ကျူရှင်အပြင် စာကျက် Guideများနှင့် စာကျက်ရသည်။ကျွန်တော့မှာမူ မိဝေးဖဝေးဦးလေးအိမ်မှာလာရောက်နေထိုင်ကာ ကျောင်းတက်ရသူဖြစ်သည်။ ဦးလေးမှာလည်း သူ့အလုပ်နှင့်သူ အားသည်ဟူ၍မရှိချေ။ ကျွန်တော့မှာ ကိုယ့်အားကိုယ်ကိုးရသည်။ တစ်ခါတစ်ရံ စိတ်အားငယ်မိသည်မှာ အမှန်ပင်။သို့သော် ရည်မှန်းချက်ပန်းတိုင်ကို ရောက်ဖို့က အဓိကကျသည် မဟုတ်ပါလော။ ထိုစဉ်က ကျွန်တော့်မှာ အားငယ်စိတ်ကို ကြာကြာနေရာ မပေးနိုင်ခဲ့ပေ။

တစ်နေ့မှာ အောင်အောင်ရဲ့ ဦးလေးဖြစ်သူ နိုင်ငံခြားသင်္ဘောလိုက်ရာမှ ပြန်ရောက်နေကြောင်း၊ သူ့အတွက် လက်ဆောင်တွေပါလာကြောင်း အောင်အောင် ပြောပြသဖြင့် သိရလေသည်။ အောင်အောင်ဦးလေးမှာ သာမန်ရိုးရိုး သင်္ဘောသားသာ ဖြစ်သည်။ "ငါ မင်းဦးလေးနဲ့ တွေ့ချင်တယ်။ ငါတို့သိချင်တာတွေ မေးလို့ရတာပေါ့"ဟု အောင်အောင်ကို ကျွန်တော်ပြောလိုက်သည်။ "ကျောင်းအား

**ရေကြောင်း ကောလိပ်က ကျောင်းပြီးသည့်နောက် ကမ္ဘာ့ရေပြင်မှာ နိုင်ငံတကာသွားသင်္ဘောများကို စီးရင်းဒေါ်လာတွေလည်း ရလာပေမည်။ မိဘကိုလည်း အကောင်းဆုံး ထောက်ပံ့နိုင်တော့မည်။ ဘဝကိုလည်း တင့်တောင့်တင့်တယ် တည်ဆောက်နိုင်လိမ့်မည်။ နောင်တစ်ချိန်တွင် သင်္ဘောသားအရာရှိကြီးဖြစ်အောင် ကြိုးစားမည်ဟု စိတ်ကူးနှင့်...**

တဲ့တစ်ရက် ငါတို့အိမ်ကို မင်းလာခဲ့ပါလား”ဟု အောင်အောင်က ကျွန်တော်အား မှာထားသည်။

ကျွန်တော်တို့ ကျောင်းအားရက် တစ်ရက်တွင် အောင်အောင် အိမ်သို့ ကျွန်တော်ရောက်သွားသည်။ အောင်အောင်က မိတ်ဆက်ပေးသဖြင့် ကျွန်တော်တို့ အချိန်တိုအတွင်း ရင်းနှီးသွားကြသည်။ “ကျွန်တော်ဦးလေးလိုပဲ သင်္ဘောသားလုပ်ချင်တယ်။ သင်္ဘောသားအကြောင်းတော့ အသေးစိတ်မသိဘူး ဦးလေးရေ”ဟု စကားအစချီကာ ကျွန်တော်က ပြောလိုက်သည်။ “မင်းတို့ ဆယ်တန်းစာမေးပွဲမှာ အမှတ်ကောင်းအောင် ကြိုးစားကြ။ ပြီးရင် ရေကြောင်းသိပ္ပံတက်ကြကွ။ အဲဒီကဆင်းရင် မင်းတို့က သိပ်မကြာဘူး၊ အရာရှိဖြစ်မှာ။ အရာရှိဖြစ်မှ လစာလည်း ကောင်းတယ် ငါတို့လို ရိုးရိုးသင်္ဘောသားတော့ လုပ်ဖို့ မကြိုးစားကြနဲ့ ပင်ပန်းတယ်၊ လစာလည်း နည်းတယ်။ မင်းတို့မှာ ကြိုးစားဖို့ အခွင့်အရေး ရှိသေးတာပဲ”ဟု ဦးလေးက အကောင်းဆုံးအကြံပေးသည်။ ထိုနေ့ကပင် ကျွန်တော်၏ရည်ရွယ်ရာ အိပ်မက်လမ်းမှာ ပိုမိုခိုင်မာသွားခဲ့သည်။ ဘာသာရပ်တိုင်းမှာ အမှတ်ကောင်းအောင် ကြိုးစားရန်လည်း သန္နိဋ္ဌာန်ချမိသွားသည်။

အခန်း(၅)

တက္ကသိုလ်ဝင်တန်း စာမေးပွဲကြီးနီးမှ ကျွန်တော့်မှာ ကျန်းမာရေး အနည်းငယ် ချူချာချင်သည်။ စာမေးပွဲဖိအားကြောင့်ပင် ဖြစ်ပေလိမ့်မည်။ စိုးရိမ်စိတ်ကို ယုံကြည်မှုနှင့် အစားထိုးကာ မနည်းဖြေဖျောက်ခဲ့ရသည်။ နှစ်စကပင် အချိန်မှန်မှန် ကြိုတင်ပြင်ဆင်လာခဲ့သဖြင့် တော်ကာကျပေသည်။ မည်သို့ပင်ဆိုစေ စာမေးပွဲကြီးကို ကျွန်တော် ကြိုးစားဖြေဆိုနိုင်ခဲ့ပြီး ဘာသာရပ်အားလုံးကို ဂုဏ်ထူးမှတ်သာသာ ဖြေဆိုနိုင်ခဲ့သည်။ ဂုဏ်ထူးရနိုင်ရန် ခက်ခဲသောမြန်မာစာ၊ အင်္ဂလိပ်စာကလွဲရင် ကျန်ဘာသာများမှာ ဂုဏ်ထူးရနိုင်ချေရှိသည်ဟု မျှော်လင့်နေမိသည်။ မိမိမျှော်မှန်းရာ အမှတ်ကလည်းရနိုင်ကောင်းရဲ့ဟု တွေးထင်နေခဲ့သည်။

တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်စာရင်း ကြေညာမည်ဟု သတင်းကြားရစဉ်ကတည်းကပင် ရင်မှာ ရထားကြီးတစ်စင်း ဖြတ်မောင်းနေသလို တဒုန်းဒုန်း တဒိန်းဒိန်း ဖြစ်နေမိခဲ့သည်။ ဂုဏ်ထူးရပ့်ါမလား၊ အမှတ် ကောင်းပ့်ါမလား၊ လိုချင်သည့်ကျောင်းကို တက်ခွင့်ရပ့်ါမလား....။ လားပေါင်းများစွာဖြင့် တွေးနေမိသည်။ အောင်စာရင်းထွက်ရန် နီးလာလေ စိုးရိမ်စိတ်များလာလေ ဖြစ်နေမိသည်။

အောင်စာရင်းကြီး ထွက်ခဲ့လေပြီ။ ကျွန်တော့်မှာ သင်္ချာနှင့်ရူပဗေဒဂုဏ်ထူး နှစ်ဘာသာမျှသာပါပြီး ကျွန်တော့်သူငယ်ချင်းအောင်အောင်မှာ ဂုဏ်ထူး ၄ ဘာသာဖြင့် အောင်မြင်သည်။ စာမေးပွဲအောင်သူများကပျော်ကြရွှင်ကြစားကြသောက်ကြနှင့်တရုန်းရုန်း။ ကျရှုံးသူများကမူ စိတ်ပျက်ဝမ်းနည်းကာ ချောင်ကပ်နေကြရသည်မှာ အစဉ်အလာပင် မဟုတ်ပါလော။ ကျွန်တော့်မှာ ဂုဏ်ထူး နှစ်ဘာသာနှင့် အောင်မြင်ခဲ့သည်ဆိုသော်လည်း မပျော်ပိုက်နိုင်သောကြောင့် စိတ်



ပျက်အားငယ်နေမိသည်။ ထိုနေ့က တစ်ညလုံး အိပ်မပျော်နိုင်ခဲ့။ ကျွန်တော်တက်လိုသောရေကြောင်းကောလိပ်ကိုအမှတ်မမီခဲ့လျှင် ဟုတွေးမိလေတိုင်း ရင်မောစိတ် ဖြစ်နေမိသည်။ လူအများက နှစ်ဘာသာဂုဏ်ထူးရှင် ကျွန်တော့်အား Congratulations ဟု ဂုဏ်ပြုကြရာ အပူရုပ်ကိုဟန်လုပ်ကာ ပြုံးပြနေမိသည်။သူငယ်ချင်းအောင်အောင်ကတော့ "မင်းအမှတ်ကောင်းမှာပါ သူငယ်ချင်း၊ ရေကြောင်းကောလိပ်မီမှာပါ။ ဘာမှစိတ်ဓာတ်ကျ မနေနဲ့"ဟု အားပေးရှာသည်။ အောင်အောင်ပြောသကဲ့သို့ အမှတ်ကောင်းပါစေဟုသာ ကြိတ်မှိတ်ဆုတောင်းနေမိတော့သည်။

အခန်း(၆)

အမှတ်စာရင်း သိရပြီ။ မျှော်လင့်ချက်တို့ တစ်စစီ ကျိုးပဲ့လွင့်စင်သွားလေသလား ထင်မှတ်ရသည်။ ကျွန်တော့်အမှတ်မှာ ၄၁၈ မှတ်သာ ရလေသည်။ ရေကြောင်းကောလိပ်တက်ရန် ရည်ရွယ်ကြိုးစားလာခဲ့သော ကျွန်တော့်အတွက် ခဲလေသမျှ သဲရေကျခဲ့လေပြီဟု ယူကျုံးမရ အပူလုံးကြွလျက်ပင်။ "မနှစ်ကတော့ အမှတ် ၄၂၀ ရမှ လျှောက်လို့ရတယ်ဆိုပေမယ့် ဒီနှစ်က အခြေအနေတစ်မျိုးပြောင်းရင်ပြောင်းမှာပါသူငယ်ချင်း"ဟုအောင်အောင်ကသူငယ်ချင်းကောင်းပီသစွာနှစ်သိမ့်ရှာသည်။"ငါ့အမှတ်ကရေကြောင်းကောလိပ်မမီရင် ဘာကိုလျှောက်ရမှန်းတောင်မသိတော့ဘူးကွာ။ငါတော့လမ်းပျောက်သွားသလိုပါပဲ သူငယ်ချင်းရာ"ဟု ညည်းညူမိသည်။ အောင်အောင်ပြောသလိုသာ အမှတ်လျှော့ခေါ်ပါစေလို့ ညစဉ်ဘုရားရှိခိုးတိုင်း ဆုတောင်းနေမိတော့သည်။

ရေကြောင်းကောလိပ်လျှောက်ထားနိုင်ကြောင်း သတင်းစာမှာ ပါလာသည်။ အမှတ် ၄၀၀ အထက်ရရှိသူများ လျှောက်ထားနိုင်ကြောင်း ကြေညာထားသည်။ ကျွန်တော် ထခုန်မတတ်ပျော်ရွှင်သွားမိပါတော့သည်။ "ငါတို့အတူ သွားလျှောက်ကြတာပေါ့"ဟု အောင်အောင်က ကမ်းလှမ်းသည်။ "အတူသွားလျှောက်ကြတာပေါ့ကွာ ငါ့မိဘတွေနဲ့ တိုင်ပင်လိုက်ဦးမယ်"ဟု ပြန်ပြောလိုက်သည်။

အဖေနှင့်အမေကိုရေကြောင်းကောလိပ်လျှောက်ချင်ကြောင်း၊ ကျွန်တော့်အမှတ်မှာလည်းအမှတ်မီကြောင်းဝမ်းသာအားရတိုင်ပင်လိုက်သည်။"ကောင်းတာပေါ့၊ငါ့သားရာ။မင်းဝါသနာပါရင်လျှောက်ပေါ့ကွာ"ဟု အဖေက အသာတကြည်ခွင့်ပြုသော်လည်း အမေကတော့ သဘောမတူချင်။ "ကျောင်းပြီးရင် သင်္ဘောလိုက်ရမယ်ဆိုတော့ ကမ်းမမြင် လမ်းမမြင် ပင်လယ်ထဲ ငါ့သားကိုဘယ်လိုလုပ်စိတ်ချလက်ချ လွှတ်နိုင်ပါ့မလဲ"ဟု ညည်းညူရှာသည်။ နည်းပညာတက္ကသိုလ်တက်ပါလားဟု အကြံပေးသဖြင့် ကျွန်တော့်မှာထိုအလုပ်ကို ဝါသနာပါသဖြင့် ၉ တန်းလောက်ကပင် ရည်ရွယ်ချက်ထားကာ ကြိုးစားခဲ့ရသည်ကို အမေ့ကို အသေးစိတ်ပြောပြမိသည်။ အဖေ့ကိုလည်းကူပြောပေးဖို့စစ်ကူတောင်းရသည်။"သားလေးက ဒီလောက်တောင်စိတ်ပြင်းပြနေမှတော့ အမေ မတားတော့ပါဘူး"ဟု နောက်ဆုံးတွင် ခွင့်ပြုချက်ရခဲ့ပါတော့သည်။

ဝမ်းသာလိုက်သည့် ဖြစ်ခြင်း။ သူငယ်ချင်းအောင်အောင်တို့နှင့်အတူရန်ကုန်သို့လိုက်သွားကာရေကြောင်းကောလိပ်လျှောက်ထားကြမည်။ ရေကြောင်းကောလိပ်မှာ လိုအပ်သမျှစစ်ဆေးမှုကိုခံယူပြီးပါက ကျောင်းတက်ခွင့်ရတော့မည် မဟုတ်ပါလား။ ရေကြောင်းကောလိပ်က ကျောင်းပြီးသည့်နောက် ကမ္ဘာ့ရေပြင်မှာ နိုင်ငံတကာသွားသင်္ဘောများကို စီးရင်း ဒေါ်လာတွေလည်း ရလာပေမည်။ မိဘကိုလည်း အကောင်းဆုံး ထောက်ပံ့နိုင်တော့မည်။ ဘဝကိုလည်း တင့်တောင့် တင့်တယ် တည်ဆောက်နိုင်လိမ့်မည်။ နောင်တစ်ချိန်တွင်သင်္ဘောသားအရာရှိကြီးဖြစ်အောင်ကြိုးစားမည်ဟုစိတ်ကူးနှင့် စီးမျောရင်း...။ ။

မဟာကြွယ်

မြန်မာလူမှုအသိုင်းအဝိုင်းကြားမှာကလည်း ဆရာဝန်၊ အင်ဂျင်နီယာလောက်မှ ဂုဏ်လည်းရှိ၊ စီးပွားလည်းဖြစ်နိုင်သည်ဟု တွေးထင်နေကြ...



# စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ(နေပြည်တော်)၌ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၊ ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်ရုံးနှင့် စက်မှုဝန်ကြီးဌာနတို့ပူးပေါင်း၍ စက်အရန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



- **စက်ခေါင်းဘိုဂီအရန်ပစ္စည်း(၉) မျိုး၊ စက်ခေါင်းအရန်ပစ္စည်း (၂၆) မျိုး၊ တွဲ အရန်ပစ္စည်း (၃၀) မျိုး၊ စုစုပေါင်း (၆၅)မျိုး ထုတ်လုပ်ပေးသွင်းနိုင်ရေး သုတေသနပြု ဆောင်ရွက်ရန် လျာထား...**
- **တိကျသေချာမှုရှိသော Design Drawing & Specification များအား ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေး အရာရှိချုပ်ရုံးသို့ ဆက်သွယ်ပေးပို့ရန်...**

နိုင်ငံတော်အကြီးအကဲအနေဖြင့် မြန်မာ့မီးရထားရှိ စက်ရုံကြီးများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးရာတွင် မြန်မာ့မီးရထားရှိ စက်ခေါင်းနှင့်တွဲများ တည်ဆောက်/ပြုပြင်ရေးလုပ်ငန်းများတွင် လိုအပ်သည့်စက်အရန်ပစ္စည်းများ ပြည်ပမှဝယ်ယူနေမှုကို တဖြည်းဖြည်း လျှော့ချသွားနိုင်ရေးတို့အတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၊ စက်မှုဝန်ကြီးဌာနနှင့် ကာကွယ်ရေးပစ္စည်း ထုတ်လုပ်ရေးအရာရှိချုပ်ရုံးတို့ ပူးပေါင်း၍ ကြိုးစားဆောင်ရွက်ရန် လမ်းညွှန်ချက်အရ ညှိနှိုင်းအစည်းအဝေးကို ၂၀၂၃ ခုနှစ် ဧပြီလ ၅ ရက်နေ့ နံနက် ၉ နာရီတွင် စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ (နေပြည်တော်)၌ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်မြိုင်၊ ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေး အရာရှိချုပ်ရုံးမှ ဒုတိယကာကွယ်ရေးပစ္စည်း ထုတ်လုပ်ရေးအရာရှိချုပ် ဗိုလ်ချုပ်ကိုကိုလွင်နှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများသည် ညှိနှိုင်းအစည်းအဝေး မစတင်မီ စက်ခေါင်းသစ်တပ်ဆင် ထုတ်လုပ်ရေးစက်ရုံ(နေပြည်တော်)အတွင်း မြန်မာ့မီးရထား၊ စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန အတွက် လိုအပ်လျက်ရှိသည့် စက်အရန်ပစ္စည်းများ ခင်းကျင်းပြသထားမှုအား တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသရာ ဒုတိယဝန်ကြီးနှင့် ဒုတိယကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်တို့က လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ထို့နောက် စက်ရုံအစည်းအဝေးခန်းမ၌ မြန်မာ့မီးရထား စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာနအတွက် လိုအပ်သောစက်အရန်ပစ္စည်းများထုတ်လုပ်နိုင်ရေးညှိနှိုင်းအစည်းအဝေးကို ဆက်လက်ပြုလုပ်ရာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်တို့က အမှာစကားပြောကြား၍ အထွေထွေမန်နေဂျာ (စက်မှုနှင့်လျှပ်စစ်) နှင့် မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးတို့က မြန်မာ့မီးရထား၊ စက်ခေါင်း၊ တွဲများနှင့်ပတ်သက်၍ လိုအပ်လျက်ရှိသောစက်အရန်ပစ္စည်းများကိုရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးနှင့် ဒုတိယကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်တို့က စက်အရန်ပစ္စည်းများ ထုတ်လုပ်ပေးနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခဲ့သည်။



အစည်းအဝေးတွင် ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်ရုံးနှင့်ညှိနှိုင်းဆွေးနွေးမှုအရ စက်ခေါင်းဘိုဂီအရန်ပစ္စည်း(၉) မျိုး၊ စက်ခေါင်းအရန်ပစ္စည်း (၂၆) မျိုး၊ တွဲအရန်ပစ္စည်း (၃၀) မျိုး၊ စုစုပေါင်း (၆၅)မျိုး ထုတ်လုပ်ပေးသွင်းနိုင်ရေး သုတေသနပြုဆောင်ရွက်ရန်လျာထားခဲ့ပြီး၊ ထပ်မံလိုအပ်မည့် အရန်ပစ္စည်းများ ဆက်လက်တိုးချဲ့ထုတ်လုပ်နိုင်ရေးကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လိုအပ်သောစက်အရန်ပစ္စည်းများ လုပ်ငန်းအပ်နှံနိုင်ရေးအတွက် မြန်မာ့မီးရထားမှ တာဝန်ရှိသူများ စက်မှုဝန်ကြီးဌာနနှင့် ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်ရုံးလက်အောက်ရှိ စက်ရုံများသို့ သွားရောက်လေ့လာ ဆောင်ရွက်ရန်၊ တိကျသေချာမှုရှိသော Design Drawing & Specification များအား ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေး အရာရှိချုပ်ရုံးသို့ ဆက်သွယ်ပေးပို့ရန်နှင့် ညှိနှိုင်းအစည်းအဝေးများအား ပုံမှန်ဆောင်ရွက်ပြီး ပေါင်းစပ်ညှိနှိုင်းသွားရန် ဆွေးနွေးဆုံးဖြတ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းအဖွဲ့(ပို့ဆက်)**

ပို့ဆောင်ဆက်သွယ် ပြည်ကျိုးရွယ်






"ဝေါ...ဝေါ...ဝုန်း... ဗွမ်း"

ညနေ ခြောက်နာရီခန့် အချိန်ဖြစ်သည်။ မိုးသက်မုန်တိုင်းမှာ ပြင်းထန်စွာ တိုက်ခတ်နေသဖြင့် ကဒုံကနီ ပင်လယ်ပြင်တစ်နေရာတွင်ရှိနေသော ငါးဖမ်းစက်လှေငယ်လေးမှာ လှိုင်းဒဏ်၊ လေဒဏ်၊ မုန်တိုင်းဒဏ်ကို အလူးအလဲ ခံစားနေရသည်။ စက်လှေငယ်လေးမှာ ဘယ်ညာလူးလိမ့် လှုပ်ခါရမ်းနေသဖြင့် တိမ်းမှောက်နစ်မြုပ်တော့မည့် အခြေအနေနှင့်ကြုံတွေ့နေရပြီဖြစ်သည်။ စက်လှေပေါ်တွင်ရှိနေကြသည့် တင်ထွန်း၊ ကျော်ဝင်းနှင့် ခင်ဇော်တို့မှာ ဝါရင့်ပင်လယ် ရေလုပ်သားများ ဖြစ်နေကြသော်လည်း စိုးရိမ်ထိတ်လန့်နေကြရပြီဖြစ်သည်။ အဆိုပါ ဝါရင့်ပင်လယ်ရေလုပ်သားများမှာ ကဒုံကနီ ပင်လယ်ပြင်တွင် "တန်းလုပ်ငန်း"လုပ်ကိုင်ဆောင်ရွက်နေကြခြင်း ဖြစ်သည်။ "တန်းလုပ်ငန်း"ဆိုသည်မှာ ကြိုးတစ်ချောင်းတွင် ငါးမျှားချိတ်လေးငါးရာ ချိတ်ဆွဲကာ တစ်ကြိမ်ငါးမျှားရုံမျှဖြင့် ပင်လယ်ငါးအကောင်သုံးလေးရာကို တစ်ပြိုင်တည်း မျှားယူနိုင်သည့် ပင်လယ် ရေလုပ်ငန်းတစ်ခုဖြစ်သည်။

"မိုးလေဝသသတင်း စကြေညာချိန်က ကမ်းခြေကို ပြန်ဝင်ခဲ့ရင် တို့လွတ်နိုင်တယ်"

"ဟုတ်တယ်၊ ငါတို့ခေါင်းမာလို့ အခုလို ဒုက္ခတွေ့ရတာ"

" ဒီလိုမုန်တိုင်းမျိုးလည်း တစ်သက်နဲ့ တစ်ကိုယ် ဘယ်တုံးက ကြုံဖူးခဲ့လို့လဲ"

တင်ထွန်း၊ ကျော်ဝင်းနှင့် ခင်ဇော်တို့မှာ မိုးသက်မုန်တိုင်းဒဏ်ကို အလူးအလဲခံစားရင်း ငြီးငြူပြောဆိုနေကြခြင်း ဖြစ်သည်။ မြစ်ဝကျွန်းပေါ် ပင်လယ်ငါးဖမ်းစက်လှေငယ်လေးများတွင် မိုးလေဝသ သတင်း နားထောင်ရန် ရေဒီယိုလေးတွေ ဆောင်ထားလေ့ရှိသည်။ ရေဒီယိုမှ မုန်တိုင်းသတိပေးချက် အသံလွှင့်သည်ကို ကြားရသည်နှင့် ကမ်းခြေကိုပြန်လည် ပြေးဝင်လာခဲ့ကြတော့သည်။ ယခုလည်းရေဒီယိုမှမုန်တိုင်းသတိပေးကြေညာချက်ကြောင့် အခြားသော ပင်လယ်ငါးဖမ်းစက်လှေများကမ်းခြေသို့ ပြန်လည်ပြေးဝင်ခဲ့ကြသည်။ သို့သော် သူတို့သုံးယောက်က "လှိုင်းကြီးလှေအောက်"၊ "မုန်တိုင်းပြင်းလေ ငါးရလေ"ဟုဆိုကာ ကမ်းခြေကို ပြန်မဝင်။ ထို့ကြောင့် ကဒုံကနီပင်လယ်ပြင်တွင် တင်ထွန်း၊ ကျော်ဝင်းနှင့် ခင်ဇော်တို့၏ ငါးဖမ်းစက်လှေငယ်တစ်စင်းတည်းသာ မိုးသက်မုန်တိုင်းဒဏ်ကို အလူးအလဲ ခံစားနေခဲ့ရသည်။

## "လှိုင်းကြီးလှေမှောက်"

တင်ထွန်း၊ ကျော်ဝင်းနှင့် ခင်ဇော်တို့မှာ ဝါရင့်ပင်လယ်ရေလုပ်သားများ ဖြစ်ကြသည်။ ပင်လယ်ပြင်တွင် မိုးသက်မုန်တိုင်းနှင့်ကြိမ်ဖန်များစွာ ကြုံဖူးခဲ့ကြသည်။ သူတို့၏အဖိုးများ၊ အဖေများသည်လည်း အဆိုပါမိုးသက်မုန်တိုင်းများနှင့် ကြိမ်ဖန်များစွာ တွေ့ကြုံခဲ့ကြရသည်။ ထို့ကြောင့် မိုးသက်မုန်တိုင်း အတွေ့အကြုံ ရင့်ကျက်နေသူများ ဖြစ်သည်။ ပင်လယ်ပြင်အခြေအနေ၊ ပင်လယ်ပြင်၏သဘာဝကို ကျွမ်းကျင်လိမ္မာသူများဖြစ်သည်။ ငါးဖမ်းစက်လှေကို မိုးမှောင်သဲသဲ၊ ပင်လယ်ထဲမှ ရွာပြန်ရောက်သည်အထိ ကျွမ်းကျင်လိမ္မာစွာ မောင်းနှင်နိုင်စွမ်းရှိသူများလည်း ဖြစ်သည်။ မိုးသက်မုန်တိုင်းပြင်းထန်လာလျှင် ပင်လယ်ရေအောက်မှ ပင်လယ်ငါး၊ ပုစွန်များ၊ ပင်လယ်ရေမျက်နှာပြင်အပေါ်ပိုင်းသို့ တက်လာလေ့ရှိသဖြင့် အဆိုပါ အချိန်တွင် ဖမ်းယူလျှင် ငါးပုစွန်များ ပိုမိုရရှိလေ့ရှိသည်။ ထို့ကြောင့် ကမ်းခြေကို ပြန်မဝင်ကြခြင်း ဖြစ်သည်။ သို့သော် မိုးသက်မုန်တိုင်းမှာ တွေးထင်ထားသည့် အခြေအနေမျိုး မဟုတ်။ တစ်စထက်တစ်စ ပိုမိုပြင်းထန်လာခဲ့သည်။ ထို့ကြောင့် စက်လှေမှာ အလွန်အမင်းလှုပ်ခါရမ်းနေသဖြင့် စက်လှေပေါ်မှ လွင့်စင်ကျမသွားစေရန် စက်လှေ၏ တန်းများ၊ တိုင်များကို ဖက်တွယ်နေခဲ့ကြရသည်။

လှိုင်းလုံးကြီးများမှာလည်း စက်လှေကိုပင် ကျော်တက်လာနေသဖြင့် စက်လှေထဲတွင်လည်း ရေတွေ တစ်ဝက်ခန့် နစ်မြုပ်နေပြီ ဖြစ်သည်။ စက်လှေအင်ဂျင်မှာလည်း ရေမြုပ်နေပြီဖြစ်သဖြင့်ရပ်သွားခဲ့ပြီဖြစ်သည်။ စက်လှေမှာ မကြာခင် နစ်မြုပ်တော့မှာ သေချာနေပြီဖြစ်သဖြင့် ဝါရင့်ပင်လယ်ရေလုပ်သားများပင် ဖြစ်နေသော်လည်း သွေးပျက်ခြောက်ခြားနေကြပြီ ဖြစ်သည်။

"စက်လှေပေါ်က လွင့်ကျသွားမယ်။

အတွဲ (၂)၊ အမှတ် (၇)၊ ၁-၇-၂၀၂၃ (စနေနေ့)

မြဲမြဲကိုင်ထား"

"ကိုင်ထားရုံနဲ့ ဖြစ်မလားကွ။ ဒီအတိုင်းဆို စက်လှေမြုပ်တော့မှာ ရေတွေ ပက်ထုတ်ပစ်ဦးမှပေါ့"

"ရေပက်ဖို့ နေနေသာသာ ကိုင်ထားတဲ့ လက်တောင်မှ မဖြုတ်ရဲဘူး။ လက်လွှတ်လိုက်တာနဲ့ ရေထဲလွင့်ကျသွားမယ်"

"ဒီအတိုင်းနေလည်း စက်လှေမြုပ်လို့ ရေနစ်သေမှာပဲ။ ရေတွေကို မရရအောင် ပက်ထုတ်ပစ်မှ ဖြစ်မယ်။"

သွေးပျက်ခြောက်ခြားစွာ တစ်ယောက်တစ်ပေါက် ပြောဆိုနေကြရင်း...

" မင်းတို့ မပက်ရင်နေ၊ ငါမရ ရအောင် ပက်မယ်"

ခင်ဇော်က ပြောပြောဆိုဆိုနှင့် ရေပက်ရန် စက်လှေစက်ခန်းဆီသို့ ကြိုးစားသွားခဲ့သည်။ ထို့ကြောင့် တင်ထွန်းနှင့်ကျော်ဝင်းတို့က မိုးထဲ လေထဲ မုန်တိုင်းထဲမှာ အော်ဟစ်တားမြစ် ပြောဆိုလိုက်ကြသည်။

"ခင်ဇော် မသွားနဲ့"

"မှောင်လာပြီ။ ရေထဲကျသွားရင်... ဘယ်လိုမှဆယ်နိုင်မှာ မဟုတ်ဘူး"

ခင်ဇော်က တားမရ။ စက်လှေပေါ်တွင် ဝမ်းလျားမှောက်ပြီး လက်ယက်သွားနေခဲ့သည်။ ပတ်ဝန်းကျင်မှာလည်း အမှောင်ထုက စိုးမိုးလာနေပြီဖြစ်သည်။ မိုးသက်မုန်တိုင်းကလည်း ပိုမိုအားကောင်း ပြင်းထန်လာနေသည်။ ခင်ဇော်မှာ စက်ခန်းအပေါက်ဝသို့ ရောက်ရှိလာခဲ့ပြီ ဖြစ်သည်။ စက်ခန်းထဲသို့ လှမ်းကြည့်လိုက်သည်။ စက်ကိုရေတစ်ဝက် နစ်မြုပ်နေပြီဖြစ်သည်။ စက်လှေမှာ အလွန်အမင်း လှုပ်ခါရမ်းနေသဖြင့် ရေတွေမှာလည်း ဘောင်ဘင်ခတ် လှုပ်ရှားနေသည်။ ရေပက်သည့် ပလပ်စတစ်ဂါလံပုံးမှာလည်း ဘောင်ဘင်ခတ်နေသော ရေပေါ်တွင် လှုပ်ရှားရွေ့သွားနေသည်ကို အမှောင်ထုထဲတွင် ဝိုးတဝါး တွေ့မြင်နေရသည်။ ထို့ကြောင့် ခင်ဇော်မှာ ပလပ်စတစ်ပုံးကိုယူရန် လှေဝမ်းထဲသို့ ခုန်ဆင်းလိုက်သည်။

ထိုစဉ်...

"ဝေါ...ဝေါ...ဝရော...ဗွမ်း"

"အမလေးဗျ လုပ်ကြပါဦး"

"ကယ်တော်မူကြပါဗျို့"

ခင်ဇော်စက်လှေဝမ်းထဲသို့ ခုန်ချလိုက်ချိန်တွင် လှိုင်းလုံးကြီးနှစ်လုံးက စက်လှေပေါ်သို့ ဆင့်ကာဆင့်ကာ အရှိန်ပြင်းစွာ ရိုက်ပုတ်လိုက်သဖြင့် စက်လှေငယ်လေးမှာ လှိုင်းလုံးကြီးများနှင့် အတူ လွင့်စင်တိမ်းမှောက် သွားခဲ့လေတော့သည်။

**"သေကံမရောက် သက်မပျောက်"**

သုံးယောက်အနက် ကျော်ဝင်းနှင့် တင်ထွန်းတို့မှာ စက်လှေမှ လွင့်စင်ပြီး ပင်လယ်ရေအောက်သို့ နစ်မြုပ်သွားခဲ့ကြတော့သည်။ တင်ထွန်းမှာ ပင်လယ်ရေအောက်သို့ နစ်မြုပ်သွားခဲ့သော်လည်း ကျွမ်းကျင်သော ပင်လယ်ရေလုပ်သား တစ်ယောက်ဖြစ်သဖြင့် ရေပေါ်သို့ ပြန်လည်ပေါ်တက်လာနိုင်ခဲ့သော်လည်း လှိုင်းဒဏ်၊ လေဒဏ်၊ မုန်တိုင်းဒဏ်ကို အလူးအလဲ ခံစားနေခဲ့ရသည်။ လှိုင်းကြား၊ လေကြား၊ မုန်တိုင်းကြားတွင် အတွယ်အတာမရှိဘဲ ကြာရှည်ကူးခတ်ရန် မဖြစ်နိုင်။ ကူးခတ်နေနိုင်သည့်တိုင် အအေးဒဏ်ကို ခံနိုင်မည်မဟုတ်။ ကြွက်တက်လာပြီး ရေနစ်သေဆုံးရမည်သာဖြစ်သည်။ ထို့ကြောင့် တင်ထွန်းမှာ မှောင်မှောင်မည်းမည်း မုန်တိုင်းထဲမှာ သွေးပျက်

TRANSCOM




CARTOON

ချောက်ချားနေခဲ့သည်။ သွေးပျက်ချောက်ချားနေသော်လည်း အရေးကြုံလျှင် သက်လုံကောင်းရပေမည်။ ထို့ကြောင့် ကိုယ်ဖော့ကာ လှိုင်းကြားလေကြားမှာ အလိုက်သင့် မျောပါနေခဲ့တော့သည်။

"အတွယ်အတာမရှိဘဲ ရေထဲမှာကြာကြာနေနိုင်မှာ မဟုတ်ဘူး။ ကျော်ဝင်းနဲ့ ခင်ဖော်လည်း ဘယ်လိုနေမယ်မသိဘူး။ သူတို့လည်း ရေလုပ်သားတွေပဲ ရေပေါ်ပြန်တက်လာကြမှာ သေချာတယ်။ သူတို့မှာ အတွယ်အတာတစ်ခုခုရရင် ရနေမှာ။ ဒီကောင်နှစ်ကောင် ဒီနားမှာပဲရှိနေမှာ။ ခေါ်ကြည့်ဦးမှ... ခင်ဖော်ရေ...ကျော်ဝင်းရေ...ဟေ့ကောင်တွေငါခေါ်တာ ကြားလား"

တင်ထွန်းက အော်ဟစ်ခေါ်နေသော်လည်း ကျော်ဝင်းနှင့် ခင်ဖော်တို့ထံမှ ဘာသံမှ မကြားရ။

"ဒီကောင်နှစ်ကောင် ရေနစ်သေပြီနဲ့တူတယ်။ ငါတောင်မှ မသေတာ။ ဒီကောင်တွေလည်း သေမှာမဟုတ်ပါဘူး။ လေသံ မိုးသံ လှိုင်းသံတွေကြောင့် ငါ့သံကိုလည်း သူတို့မကြားရ၊ သူတို့အသံကိုလည်း ငါမကြားရ ဖြစ်နေတာနဲ့တူတယ်။ ခေါ်နေလို့လည်း အကြောင်းထူးမှာ မဟုတ်ဘူး"

ထို့ကြောင့်...

တင်ထွန်းမှာ ဆက်ခေါ်မနေတော့ဘဲ ကိုယ့်အသက်မသေရေးကိုပင် ကြိုးစားနေခဲ့တော့သည်။ ကြိုးစားနေခဲ့ရသော်လည်း တစ်ခါတစ်ခါ လှိုင်းလုံးကြီးများက မျက်နှာကို လာရောက်ရိုက်ပုတ်နေကြသဖြင့် မှန်ထူကာ ရေအောက်သို့ နစ်မြုပ်သွားခဲ့ရသည်။ ထို့ကြောင့် အသည်းအသန် ရေပေါ်သို့ပြန်တက်လာခဲ့ရသည်။ ပင်လယ်ဆားငန်ရေကြောင့် မျက်လုံးများမှာလည်း ကျိန်းစပ်နေပြီ ဖြစ်သည်။ အချိန်ကြာလာသည်နှင့်အမျှ ပို၍ပို၍ အေးလာပြီး တစ်ကိုယ်လုံးနာကျင်ကိုက်ခဲလာခဲ့သည်။ တင်ထွန်းမှာ လေဒဏ်၊ မိုးဒဏ်၊ အအေးဒဏ်များကြောင့် သတိထားနေသည့်ကြားမှပင် တစ်ခါတစ်ခါ သတိလစ်မေ့မြောသွားပြီး ပင်လယ်ရေအောက်သို့ နစ်မြုပ်သွားခဲ့သဖြင့် ရေမျက်နှာပြင်ပေါ်သို့ အသည်းအသန် ပြန်တက်လာခဲ့ရသည်မှာလည်း အကြိမ်ပေါင်းမနည်းတော့။ ထို့ကြောင့် တင်ထွန်းမှာ ဝါရင့်ပင်လယ်ရေလုပ်သား တစ်ယောက်ပင် ဖြစ်နေသော်လည်း အားတင်းနိုင်စွမ်း မရှိတော့။ ကိုယ်ဖော့နိုင်စွမ်းလည်း မရှိတော့ တင်ထွန်း၏ နောက်ဆုံးအချိန်မှာလက်တစ်ကမ်းအကွာတွင်ရောက်ရှိနေပြီဖြစ်သဖြင့် သွေးပျက်ချောက်ချားနေတော့သည်။

"ငါ... ငါသေရတော့မယ်။ ငါသေရတော့မယ်။ ငါ့ကိုဘယ်သူမှ မကယ်နိုင်တော့ဘူး"

တင်ထွန်းမှာ သွေးပျက်ချောက်ချားစွာနှင့် ရသမျှ ဘုရားစာ၊ တရားစာများကိုရွတ်ဖတ်နေခဲ့သည်။ ရွတ်ဖတ်နေရင်းနှင့်ပင် ပါးစပ်အထိ နစ်မြုပ်လာခဲ့ပြီဖြစ်သည်။ ပါးစပ်အထိ နစ်မြုပ်လာခဲ့ပြီဖြစ်သဖြင့် ဘုရားစာ၊ တရားစာများကိုပင် မရွတ်နိုင်တော့ဘဲ အားတင်းကာ ကိုယ်ဖော့နေခဲ့ရသည်။ သို့သော်





တင်ထွန်းမှာ ဘယ်လိုမှ အားတင်းနိုင်စွမ်း မရှိတော့...။ တင်ထွန်း၏ နောက်ဆုံးအချိန်သို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။

ထိုစဉ်...

"တင်ထွန်း မကြောက်နဲ့။ ရော့ ဒါကို တွယ်ထား"

ခင်ဇော်၏ အသံ။ လှိုင်းသံလေသံတွေကြားမှ ခင်ဇော်၏အသံကို သဲသဲကွဲကွဲ ကြားသိလိုက်ရပြီး ဘောသီးတွဲ တစ်တွဲက တင်ထွန်းကို လာရောက်တိုးတိုက် လာခဲ့သည်။ ထို့ကြောင့်တင်ထွန်းကဘောသီးတွဲကို အလျင်အမြန် ဖမ်းဆွဲယူလိုက်သည်။ ဘောသီးတွဲကိုဖမ်းဆွဲယူကာ မိမိရရ တွယ်ခိုလိုက်သည်။ ပင်လယ်ရေလုပ်သား တစ်ယောက်အတွက် တွယ်မှီစရာ တစ်ခုခုရခဲ့လျှင် သေနိုင်စရာ အကြောင်းမရှိတော့။ သူငယ်ချင်းဖြစ်သူ ခင်ဇော်ကလည်း မသေမပျောက် ရောက်ရှိလာခဲ့သဖြင့် အဖော်ရှိလာခဲ့ပြီ ဖြစ်သည်။ ထို့ကြောင့် တင်ထွန်းမှာ အားရဝမ်းသာ ဖြစ်သွားခဲ့တော့သည်။ မသေနိုင်တော့ဟု သိရှိနေပြန်သဖြင့် အားတက်လာခဲ့သည်။ ကုန်ခန်းသွားခဲ့သော အားအင်တွေကလည်း ဘယ်လိုဘယ်ပုံ ပြန်ပြည့်လာခဲ့သည် မသိ။

ထို့ကြောင့်...

ခင်ဇော်ကို အားရဝမ်းသာ ပြောလိုက်သည်။

"ခင်ဇော်ရာမင်းအချိန်မီရောက်လာလို့ပေါ့ကွာ မင်းသာ ရောက်မလာရင် ငါရေနစ်သေပြီ။ ဟိုကောင်ကျော်ဝင်းလည်း ဘယ်လိုနေလဲ မသိဘူး"

တင်ထွန်းက ပြောနေသော်လည်း ခင်ဇော်က တစ်ခွန်းမှ ပြန်မပြော၊ မှောင်မှောင်မည်းမည်းထဲမှာ ဘာမှလည်းမမြင်ရ။ ခင်ဇော်က ဘောသီးတွဲကို တင်ထွန်းကို ပေးပြီး သူကိုယ်တိုင်က ဘာကို တွယ်မှီနေသည် မသိ။ တွယ်ခိုစရာ တစ်ခုခုရနေသဖြင့် ဘောသီးတွဲကို ပေးခဲ့ခြင်းပင် ဖြစ်မည်။ ထို့ကြောင့် တင်ထွန်းက ပြောလိုက်ပြန်သည်။

"ခင်ဇော် မင်းတွယ်စရာ ဘာရလဲ"

တင်ထွန်းက အကြိမ်ကြိမ် ခေါ်မေးနေသော်လည်း ခင်ဇော်က ပြန်မဖြေ။ မှောင်မှောင်မည်းမည်းထဲမှာ ဘာမှလည်း မမြင်ရ။ ခင်ဇော် အနီးပတ်ဝန်းကျင်မှာ မရှိတော့ဘဲ အဝေးသို့ မျောပါသွားခဲ့လေပြီလားဟု စိုးရိမ်သောကဖြစ်သွားခဲ့ရပြန်သည်။ သို့သော် ခင်ဇော်မှာ တင်ထွန်းကိုပင် ဘောသီးတွဲများ လာပေးခဲ့သဖြင့် သူ့မှာလည်း တွယ်ခိုစရာ တစ်ခုခုရှိနေမည်သာဖြစ်သည်။ တွယ်ခိုစရာ ရှိလျှင် စိုးရိမ်စရာမလို။ ထို့ကြောင့် တင်ထွန်းမှာ ခင်ဇော်အတွက် စိတ်သက်သာသွားခဲ့ရပြန်သည်။ တင်ထွန်းမှာ ဘောသီးတွဲကိုဖက်တွယ်ရင်း စဉ်းစားမိလိုက်ပြန်သည်။

"ဒီဘောသီးတွေကို ခင်ဇော် တကယ်လာပေးခဲ့တာရော ဟုတ်ရဲ့လား။ ခင်ဇော်က ငါ့ကို တင်ထွန်း မကြောက်နဲ့ရော့ ဒါကိုကိုင်ထားဆိုပြီး ပေးခဲ့တာ။ မှောင်မှောင်မည်းမည်းထဲမှာ ခင်ဇော်က ငါ့ကိုဘယ်လိုလုပ်တွေ့နိုင်မှာလဲ၊ တွေ့ရင်ရော ငါမှန်းဘယ်လိုလုပ် ချက်ချင်းသိနိုင်မှာလဲ၊ ဒါဆိုရင် ငါကြားခဲ့တာဟာ ခင်ဇော်ပြောတာ မဟုတ်ဘဲ မိုးသံလေသံတွေနဲ့ ကြားမိကြားရာ ကြားနေခဲ့တာများလား။ ဘောသီးတွဲက ငါ့ဆီမျောလာချိန်မှာ တွေးထင်ကြားမိခဲ့တာလည်း ဖြစ်နိုင်တာပဲ"

တင်ထွန်းမှာ ဝေခွဲမရ ဖြစ်နေခဲ့ရတော့သည်။ စဉ်းစားလွန်နေသဖြင့် မိုးသက်မုန်တိုင်းထဲတွင် မျောနေသည်ကိုပင် မေ့မေ့ပျောက်ပျောက် ဖြစ်သွားခဲ့တော့သည်။ ထို့ကြောင့် ဘောသီးကို လွှတ်ထွက်မသွားစေရန် စီစဉ်ဖက်တွယ်ကာ စဉ်းစားရင်း မျောပါနေခဲ့လေတော့သည်။ ထို့နောက် ပင်လယ်ပြင်မှ သဲသောင်ပြင်တစ်ခုပေါ်တွင် တင်ရှိနေခဲ့သည်။ ထို့ကြောင့် တင်ထွန်းမှာ သေကံမရောက် သက်မပျောက်ဘဲ အသက်အန္တရာယ်မှ လွတ်မြောက်လာခဲ့လေတော့သည်။ အသက်အန္တရာယ်မှ လွတ်မြောက်လာခဲ့ပြီ ဖြစ်သဖြင့် သဲသောင်ပြင်ပေါ်မှာပင် အိပ်ပျော်သွားခဲ့လေတော့သည်။

**"ဝေခွဲမရ၊ ထိုတစ်ည"**

တင်ထွန်းအိပ်ရာမှ နိုးလာသောအခါ မွန်းတည့်နေပြီဖြစ်သည်။ နေအပူရှိန်ကြောင့်ပင် နိုးလာခဲ့ခြင်း ဖြစ်သည်။ နိုးလာခဲ့ပြီဖြစ်သော်လည်း တစ်ကိုယ်လုံးနာကျင်ကိုက်ခဲနေသဖြင့် သဲသောင်ပြင်ပေါ်မှ မထသေးဘဲ ပတ်ဝန်းကျင်ကို မျက်လုံးဝေ့ကြည့်လိုက်သည်။

"ငါ ဘယ်ကိုရောက်နေပါလိမ့်။ ဟာ... ကျော်..ကျော်ဝင်း"

"ဟင်...တင်..တင်ထွန်း...မင်း...မင်း မသေဘူးနော်"

ပတ်ဝန်းကျင်ကို မျက်စိဝေ့ရမ်းကြည့်လိုက်ရာ ကျော်ဝင်းကို တွေ့လိုက်ရသဖြင့် တအံ့တသြ ဖြစ်သွားခဲ့ရတော့သည်။ ထိုစဉ် ကျော်ဝင်းကလည်း သဲသောင်ပြင်ပေါ်တွင်

အိပ်နေရာမှ တင်ထွန်းကို တွေ့မြင်လိုက်ရသဖြင့် အံ့သြဝမ်းသာ ဖြစ်သွားခဲ့ရပြန်သည်။ ထို့ကြောင့် နာကျင်ကိုက်ခဲမှုကိုပင် သတိမရနိုင်တော့ဘဲ ဝမ်းသာအားရ ပြေးဖက်လိုက်သည်။ ထို့နောက် တစ်ယောက်အကြောင်း တစ်ယောက် မေးမြန်းပြောဆိုခဲ့ကြပြန်ရာ တအံ့တသြ ဖြစ်သွားခဲ့ကြရပြန်သည်။

ကျော်ဝင်းမှာလည်း ပင်လယ်ပြင်တွင် မျောပါနေစဉ်ခင်ဇော်က "ကျော်ဝင်းမကြောက်နဲ့၊ ရော့ဒါကို ကိုင်ထား" ဟုပြောဆိုသံကြားရပြီး ငါးဖမ်းပိုက် ဘော့သီးအတွဲ တစ်တွဲ ရောက်ရှိလာသဖြင့် ထိုဘော့သီးတွဲကို တွယ်ခိုမျောပါလာရင်း အဆိုပါ သဲသောင်ပြင်ပေါ်သို့ ရောက်ရှိလာခဲ့ရခြင်း ဖြစ်သည်။ ထို့ကြောင့် ကျော်ဝင်းနှင့် တင်ထွန်းတို့၏ ဖြစ်စဉ်ဖြစ်ရပ်များမှာ တစ်ထေရာတည်း တူညီနေသဖြင့် အံ့သြနေခဲ့ကြရခြင်းဖြစ်သည်။ အံ့သြနေခဲ့ကြရသော်လည်း ကျော်ဝင်းနှင့် တင်ထွန်းတို့မှာ ငါးဖမ်းပိုက်ဘော့သီးတွဲတွေကို ခင်ဇော်ကပဲ အမှန်တကယ် လာပေးခဲ့သည်လား၊ ငါးဖမ်းပိုက်ဘော့သီးများက ပင်လယ်ပြင်တွင် မျောပါနေရင်း သူတို့ဆီကို တိုက်တိုက်ဆိုင်ဆိုင် ရောက်ရှိလာခဲ့သည်လားဆိုသည်ကိုမူ ဝေခွဲမရဖြစ်နေခဲ့ကြရသည်။ ထို့အတူ ခင်ဇော်ပြောဆိုခဲ့သော အသံမှလည်း အမှန်တကယ်ကြားသိခဲ့ရတာလား၊ မိုးသံ လေသံ မုန်တိုင်းသံတွေကြားမှာ ထင်မိထင်ရာ၊ ကြားမိ ကြားရာတွေ ထင်မြင်ကြားသိခဲ့တာလား ဆိုသည်ကိုလည်းဝေခွဲမရဖြစ်နေခဲ့ကြရတော့သည်။

ညက မိုးသက်မုန်တိုင်း ပြင်းထန်စွာ တိုက်ခတ်နေခဲ့သော်လည်း အခုတော့ရာသီဥတုမှာ သာသာယာယာ ဖြစ်နေပြီ၊ နေပင်ခြစ်ခြစ်တောက်ပူနေခဲ့သည်။ ကျော်ဝင်းနှင့် တင်ထွန်းတို့မှာ ပင်လယ်ပြင်သဲသောင်ပြင် တစ်ခုပေါ်တွင် ရောက်ရှိနေကြသဖြင့် ဘယ်ကိုကြည့်ကြည့် ရေပြင်ကြီးကိုသာ တွေ့မြင်နေကြရသဖြင့် ဘယ်နေရာ ဘယ်ဒေသကို ရောက်နေသည်ကိုပင် မခန့်မှန်းနိုင်။ မိုးသက်မုန်တိုင်းဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်နေပြီး အစားအသောက်လည်း ဘာမှ မစားကြရသဖြင့် သဲသောင်ပြင် နေပူထဲမှာပင် ပြန်လည် အိပ်ပျော်သွားခဲ့ကြတော့သည်။ ညနေပိုင်း၌ ပင်လယ်ပြင်တွင် လိုက်လံရှာဖွေနေသော စက်လှေတစ်စင်းက ကျော်ဝင်းနှင့်တင်ထွန်းတို့ကို ရှာဖွေတွေ့ရှိခဲ့သဖြင့် ကျေးရွာသို့ပြန်လည်ခေါ်ဆောင်လာခဲ့ကြပြီး ပြုစုကုသပေးခဲ့ကြသည်။ အခြားရှာဖွေရေး စက်လှေတွေကလည်း ပင်လယ်ပြင်သဲသောင် တစ်ခုပေါ်တွင် ပျက်စီးနေသော ငါးဖမ်းစက်လှေတစ်စင်းကို ရှာဖွေတွေ့ရှိခဲ့ကြသည်။ စက်လှေစက်ခန်းထဲတွင်လည်း ခင်ဇော်၏ အလောင်းကို တွေ့ခဲ့ကြရသည်။

> **မင်းတို့က စာလည်းမဖတ်... သတင်းလည်း နားမထောင်...**
> **ပတ်ဝန်းကျင်ကိုလည်း မလေ့လာ... ကိုယ့်ကိုယ်ကို**
> **ငါ ပင်လယ်ပြင် ကျွမ်းကျင်တယ်ဆိုပြီးအထင်ကြီးနေကြတာ...**
> **ရာသီဥတုက... အရင်နဲ့ အခု... ဘာတစ်ခုမှ မတူတော့ဘူးကွ...**

ခင်ဇော်မှာ စက်လှေစက်ခန်းထဲသို့ ခုန်ချလိုက်စဉ် စက်လှေမှာ လှိုင်းလုံးကြီးများ နောက်သို့ လွင့်မျောပါသွားသဖြင့် စက်လှေဝမ်းထဲမှ ပြန်မထွက်နိုင်ဘဲ စက်လှေဝမ်းထဲမှာပင် ပိတ်မိသေဆုံးခဲ့ရသည်ဟု တွေးထင်ခဲ့ကြသည်။ ဤသို့ဆိုလျှင် တင်ထွန်းနှင့် ကျော်ဝင်းတို့ကို ခင်ဇော်ဘော့သီးတွဲတွေ လာပေး ခဲ့သည်ဆိုသည်မှာ မဖြစ်နိုင်တော့။ ထို့အတူ ခင်ဇော်ပြောသည့် အသံကို ကြားခဲ့ရသည် ဆိုသည်မှာလည်း မဖြစ်နိုင်တော့။ သို့သော် ကျော်ဝင်းနဲ့ တင်ထွန်းတို့ကလည်း ခင်ဇော်၏အသံကို အမှန်တကယ် ကြားသိခဲ့ကြရပြီး ခင်ဇော်ပေးလာသည့် ဘော့သီးတွဲများကြောင့်ပင် အသက်ရှင်ခွင့်ရရှိလာခဲ့ကြခြင်းဖြစ်သည်။ ကျော်ဝင်းနှင့် တင်ထွန်းတို့ ထင်မိထင်ရာ၊ ကြားမိကြားရာ ကြားခဲ့ကြခြင်းလည်းမဖြစ်နိုင်။ ဤသို့ဆိုလျှင် ခင်ဇော်မှာ ဝိညာဉ်ဘဝနှင့် ကျော်ဝင်းနှင့်တင်ထွန်းတို့ကို ဘော့သီးတွဲတွေ လာပေးခဲ့ခြင်းဖြစ်သည်ဟုလည်း ဘယ်သူကမှ ခိုင်ခိုင်မာမာမပြောနိုင်။ ထို့ကြောင့်ကာယကံရှင်များဖြစ်ကြသည့်တင်ထွန်းနှင့်ကျော်ဝင်းတို့ကိုယ်တိုင်ပင်ထိုညကဖြစ်စဉ်ဖြစ်ရပ်များမှာ တွေးထင်တာလား၊ တကယ်လားဆိုသည်ကို ဝေခွဲမရဖြစ်နေခဲ့ကြရတော့သည်။

**မုန်တိုင်းကိုရင်ဆိုင်**
**ယှဉ်ပြိုင်ရဲကြသော်လည်း**

ကျော်ဝင်း၊ တင်ထွန်းတို့မှာ တစ်ပတ်ခန့် ဆေးဝါးကုသခံယူပြီး ကျန်းမာရေးပြန်လည်ကောင်းမွန်လာခဲ့ကြသဖြင့် ဆေးရုံမှ ဆင်းလာခဲ့ကြပြီဖြစ်သည်။ ထို့ကြောင့် ကျော်ဝင်းနှင့် တင်ထွန်းတို့၏ ပင်လယ်ရေလုပ်ငန်းအလုပ်ရုံတွင် သတင်းလာမေးသူများ စုဝေးရောက်ရှိကာ ကျော်ဝင်းနှင့်တင်ထွန်းတို့ ဖြစ်စဉ်ဖြစ်ရပ်များနှင့် ပတ်သက်၍ ပြောဆိုနေကြသည်။ ဤတွင် ဝါရင့်ပင်လယ်ရေလုပ်သားကြီးဖြစ်သည့် ဘဖိုးလှက ၎င်းတို့၏ ဖြစ်စဉ်ဖြစ်ရပ်များကို ဝေဖန်ပြောဆိုခဲ့သည်။

"မင်းတို့က စာလည်း မဖတ်၊ သတင်းလည်း နားမထောင်၊ ပတ်ဝန်းကျင်ကိုလည်း မလေ့လာ၊ ကိုယ့်ကိုယ်ကို ငါပင်လယ်ပြင် ကျွမ်းကျင်တယ်ဆိုပြီး အထင်ကြီးနေကြ

တာ၊ ရာသီဥတုက အရင်နဲ့ အခု ဘာတစ်ခုမှ မတူတော့ဘူးကွ၊ သစ်တောတွေပြုန်း၊ သဘာဝပတ်ဝန်းကျင်တွေ ပျက်စီးလာပြီး ရာသီဥတုတွေ ဖောက်ပြန်နေတာ မင်းတို့ သတိမပြုမိကြဘူး၊ နောက်ပြီး ဖွံ့ဖြိုးပြီးနိုင်ငံတွေရဲ့ အနုမြူဓာတ်ပေါင်းဖိုတွေ၊ စက်ရုံ၊ အလုပ်ရုံတွေ၊ မော်တော်ယာဉ်တွေက ထွက်ရှိလာတဲ့ ဓာတ်ငွေ့တွေ၊ စွန့်ပစ်ရေဆိုးတွေကလည်း ဂေဟစနစ်ကို ပျက်စီးစေပြီး ရာသီဥတုတွေ ဖောက်ပြန်လာတယ်။ အဲဒီလို ရာသီဥတု ဖောက်ပြန်တော့၊ မိုးလေဝသက မမှန်တော့ဘူး၊ ဒီတော့ မုန်တိုင်းတိုက်ခတ်မှုတွေကလည်း ဟိုးအရင်ကလို ပုံမမှန်တော့ဘူး၊ ဒါကြောင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်မှာရှိနေတဲ့ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနကနေ လယ်သမားတွေအတွက် စိုက်ပျိုးရေးမိုးလေဝသ၊ ပင်လယ်ရေလုပ်သားတွေအတွက် ပင်လယ်ပြင်မိုးလေဝသအခြေအနေ၊ အများပြည်သူအတွက် မိုးလေဝသအခြေအနေတွေကို အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်ပေးနေရတာပေါ့”

ဤတွင် ကျောင်းဆရာလေး ကိုငွေစိုးကလည်း ဝင်ရောက်ပြောဆိုလိုက်သည်။

“ဘဖိုးလှပြောတာ ဟုတ်တယ်၊ အခုဆိုရင် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ခေတ်မီမိုးလေဝသတိုင်းတာရေးကရိယာတွေ အပြည့်အစုံတပ်ဆင်ထားတဲ့ မြေပြင်မိုးလေဝသတိုင်းတာရေးစခန်း (၅၁) စခန်း၊ မိုးလေဝသနှင့်ဇလဗေဒတိုင်းတာရေးစခန်း (၅၀) စခန်း၊ စိုက်ပျိုးရေးမိုးလေဝသတိုင်းတာရေးစခန်း (၁၇) စခန်း၊ လေကြောင်းမိုးလေဝသခန့်မှန်းရေးရုံး (၁၀) ရုံး၊ ပင်လယ်ရေမျက်နှာပြင် အနိမ့်အမြင့်တိုင်းတာရေးစခန်း (၃) ခုနဲ့ ရန်ကုန်၊ မန္တလေးနဲ့ နေပြည်တော်မှာ မိုးလေဝသရေဒါစခန်း (၃) ခုအထိ ဖွင့်လှစ်ဆောင်ရွက်နေပြီး မိုးလေဝသသတင်းတွေကို အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်ပေးနေတာ၊ အဲဒီလို နေ့စဉ်မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်တွေအပြင် မုန်တိုင်းတိုက်ခတ်မှု၊ ရေကြီးမှု၊ လျှပ်စီးလှုပ်ခတ်မှု၊ မုန်တိုင်းဒီရေဝင်ရောက်မှု၊ ဆူနာမီဒီရေလှိုင်းစတဲ့ သဘာဝဘေးအန္တရာယ်ကြိုတင်ခန့်မှန်းချက်တွေကိုလည်း အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနိုင်ရေးအတွက် နေပြည်တော်မှာ ဘက်စုံသဘာဝဘေး ကြိုတင်သတိပေးဗဟိုဌာနကိုထူထောင်ဖွင့်လှစ်ထားပြီးဆောင်ရွက်နေတာ”

ဤတွင် တိုက်နယ်ဆေးရုံ ဆရာဝန်မှလည်း ကျောင်းဆရာနှင့် ဘဖိုးလှတို့၏ ပြောစကားများကို ဝင်ရောက်ထောက်ခံ ပြောဆိုလိုက်သည်။

“ဟုတ်ပါတယ်၊ အခုဆိုရင်မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ပြည်နယ်နဲ့တိုင်းဒေသကြီးအသီးသီးမှာရှိနေတဲ့မိုးလေဝသတိုင်းတာရေးစခန်းတွေက အချိန်နဲ့တစ်ပြေးညီ တိုင်းထွာရရှိလာတဲ့ တိကျတဲ့ မြေပြင်မိုးလေဝသသတင်းအချက် အလက်တွေ၊ အထက်လေကြောင်း တိုင်းထွာချက်တွေ၊ ဂြိုဟ်တုပုံတွေ၊ မိုးလေဝသရေဒါတွေက ဖမ်းယူရရှိလာတဲ့ပုံရိပ်တွေနဲ့ ဌာနရဲ့ သင်္ချာပုံစံပြု မော်ဒယ်တွေက ထုတ်ယူရရှိလာတဲ့ ခန့်မှန်းချက်တွေစတဲ့ တိကျခိုင်မာတဲ့ အချက်အလက်တွေပေါ်မှာအခြေခံပြီးတိကျမှန်ကန်တဲ့ သတိပေးချက်တွေကို အချိန်နဲ့တစ်ပြေးညီ ကြိုတင်ထုတ်ပြန်ပေးနိုင်နေပြီ။ လက်ရှိအချိန်မှာလည်း သဘာဝ ဂေဟစနစ်တွေ ပျက်စီးလာမှုကြောင့် ရာသီဥတုတွေကလည်း အရင်နဲ့ မတူတော့ဘူး၊ ဖောက်ပြန်လာတယ်၊ ဒါကြောင့် မိုးလေဝသသတင်းထုတ်ပြန်ချက်တွေကို လျစ်လျူမပြုသင့်ဘူး၊ ပင်လယ်ရေလုပ်ငန်းတွေအတွက် အထူးသတိထားဖို့လိုအပ်တယ်”

ထို့ကြောင့် ကျော်ဝင်းနှင့် တင်ထွန်းတို့က ဝန်ခံပြောဆိုလိုက်ကြသည်။

“ဟုတ်ပါတယ်၊ ရာသီဥတုတွေ ဖောက်ပြန်နေတာကို ကျနော်တို့ သတိမပြုမိခဲ့ကြဘူး၊ ကျနော်တို့ အဖိုးတွေ၊ အဖေတွေနဲ့ ကျနော်တို့ ငယ်ငယ်တုန်းက မိုးလေဝသအခြေအနေနဲ့ အခုမိုးလေဝသအခြေအနေတွေ မတူတော့တာ ကျနော်တို့ သတိမပြုမိခဲ့ကြဘူး။ ကျနော်တို့က အရင်လိုပဲထင်ပြီး ငါတို့က မုန်တိုင်းကိုရင်ဆိုင်၊ ယှဉ်ပြိုင်ရဲကြတယ်ဆိုတဲ့ တလွဲမာနတွေကြောင့် အခုတော့ ခင်ဇော်လည်း သေခဲ့ရပြီ၊ ကျနော်တို့စက်လှေတွေ၊ ငါးဖမ်းကရိယာတွေလည်း ဆုံးရှုံးခဲ့ရပြီ၊ ကျနော်တို့သဘောပေါက်ပါပြီ”

ကျော်ဝင်းက သူ့အမှားကိုဝန်ခံပြောဆိုလိုက်သဖြင့် တင်ထွန်းကလည်း သူ့အမှားကို ဝန်ခံပြောဆိုလိုက်ပြန်သည်။

“ကျနော်လည်းကောင်းကောင်းသဘောပေါက်သွားပါပြီ၊ ကျနော်တို့အနေနဲ့ မုန်တိုင်းကို ရင်ဆိုင်၊ ယှဉ်ပြိုင်ရဲကြပေမယ့် မိုးလေဝသသတင်းထုတ်ပြန်ချက်တွေကိုတော့ ဘယ်တော့မှ ဂရုမစိုက်ဘဲ မနေရဲတော့ပါဘူး”

ကျော်ဝင်းနှင့် တင်ထွန်းတို့မှာ တစ်ပတ်ခန့် ဆေးဝါးကုသမှုခံယူကာ ပြန်လည်နေကောင်းလာခဲ့ကြပြီဖြစ်သည်။ ရာသီဥတုအခြေအနေများမှာလည်း ပြန်လည်ကောင်းမွန်လာနေပြီဖြစ်သည်။ ထို့ကြောင့် ကဒ့်ကနိပင်လယ်ပြင်တွင် တန်းလုပ်ငန်းများကို ပြန်လည်လုပ်ကိုင် ဆောင်ရွက်ခဲ့ကြသည်။ ဤသို့ လုပ်ငန်းများကို ပြန်လည်လုပ်ကိုင်ဆောင်ရွက်လာချိန်တွင် ကျော်ဝင်းနှင့် တင်ထွန်းတို့၏ တန်းလုပ်ငန်းလှေငယ်လေးတွင် ရေဒီယိုလေးတစ်လုံး အမြဲဖွင့်လှစ်ကာ မိုးလေဝသသတင်းများကို အစဉ်အမြဲနားစွင့်နားထောင်နေကြပြီဖြစ်သည်။

မင်းသစ္စာလှိုင်




mytel
EMPOWER
နှလုံးသားတစ်ခုမှနှလုံးသားတစ်ခုသို့
နွေးထွေးမှုဖြင့်အမြဲကူညီသွားပါမည်။
966

# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

## မူဝါဒ

- သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုကဏ္ဍတစ်ရပ်လုံး စနစ်တကျဖွံ့ဖြိုး တိုးတက်ရေး။
- ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများအား နိုင်ငံတကာစံချိန်စံညွှန်း များနှင့်အညီ တိုးတက်ပြောင်းလဲလာစေရန် ဆောင်ရွက်သွားရေး။

## ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့










ထရကင့်ရာသီ ဝါဆိုလမှာ၊ ဓမ္မစကြာ တရားနှင့်အညီ။
ပြည်ကျိုးရွယ်ကာ ထယ်ဝိုးထမ်းရွက်၊ ပို့ဆက်ဝန်ထမ်း၊ စုစုညီ။
ပုန်းညက်ဝန်းတို့ ဝသန်နှင့်အညီ၊ ပြိုးလျက်လန်းဆန်း ဆောင်ရွက်မည်။


transcom.motc@gmail.com, transcom.offices@gmail.com